# ကြေးမုံ

The Mirror

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၇ ခုနှစ်၊ တပို့တွဲလဆန်း ၂ ရက်၊ ဗုဒ္ဓဟူးနေ့၊ (10-2-2016) (၈၄၇၂)

## မေတ္တာသည် ရန်ကင်းငြိမ်း၏

အကြင်သူသည် သတ္တဝါအားလုံးတို့အပေါ်၌ မေတ္တာစိတ်အဖို့အစုရှိသည် ဖြစ်၍ တစ်စုံတစ်ယောက်ကိုမျှ မိမိကိုယ်တိုင်လည်း မညှဉ်းဆဲ၊ သူတစ်ပါးကိုလည်း မသတ်ဖြတ်စေ၊ မိမိကိုယ်တိုင်လည်း အနိုင်မယူ၊ သူတစ်ပါးတို့ကိုလည်း အနိုင်မကျင့်စေ၊ ထိုမေတ္တာပွားသူအား တစ်စုံတစ်ခုသော အတွင်းရန်၊ အပြင်ရန်ဟူ၍ မရှိနိုင်။

(အင်္ဂုတ္တိုရ်ပါဠိတော်၊ ပထမတွဲ၊ မေတ္တာသုတ်-၄၄၃။)

# ငါးနှစ်အတွင်းရရှိခဲ့သည့် အောင်မြင်မှုများကို ပိုမိုအခြေခိုင်အောင် ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ ဆောင်ရွက်ရန်ကျန်ရှိနေသေးသည့် လုပ်ငန်းစဉ်များကို ပြီးပြတ်အောင်၊ ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများကို ကျော်လွှားနိုင်အောင် စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်ရဦးမည်

နေပြည်တော် ဖေဖော်ဝါရီ ၉

၂၀၁၆ ခုနှစ် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု ချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II)၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်အမှာစကားပြောကြားပြီး ဆုများပေးအပ်ချီးမြှင့်သည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆




နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နိုင်ငံ့စွမ်းဆောင်ရည်ဆုရရှိသောအဖွဲ့များမှ ဦးဆောင်သူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)



နမ့်ဆန်မြို့အား ဓာတ်အားပြန်လည်ရရှိအောင် ဆောင်ရွက်

စာမျက်နှာ - ၃

နယူးအင်္ဂလန်ဒေသ၌ ဆောင်းမုန်တိုင်းတိုက်ခတ် ဆီးနှင်း တစ်ပေကျော် ကျဆင်းမည်ဟု ခန့်မှန်း

စာမျက်နှာ - ၄

မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီကထုတ်ပေးထားသည့် မှတ်ပုံတင်လက်မှတ်မရှိဘဲ အင်ဂျင်နီယာလုပ်ငန်းများ လုပ်ကိုင်ပါက အရေးယူခံရနိုင်

စာမျက်နှာ - ၁၁



အတွေးအမြင်

**ကြေးမုံ စာတည်းရှုထောင့် ၁၀-၂-၂၀၁၆၊ ဗုဒ္ဓဟူးနေ့**

# ဦးနှောက်သေးသေးလူသားကမ္ဘာ

ယနေ့လူသားကမ္ဘာတွင် စစ်ရေးတိုက်ပွဲများ၊ နိုင်ငံရေးတိုက်ပွဲများ၊ စီးပွားရေးတိုက်ပွဲများ စသည့်တိုက်ပွဲများကို ပုံသဏ္ဌာန်အမျိုးမျိုးနှင့် ဆင်နွှဲနေကြသည်ကို တွေ့ရသည်။ ကမ္ဘာ့နိုင်ငံအသီးသီးမှ ခေါင်းဆောင်များက လူမသိသူမသိသေးသော ပြင်းထန်သောတိုက်ပွဲတစ်ရပ်ကို ဆင်နွှဲရန်အတွက်မူ သတိမမူလောက်သေးချေ။

ကမ္ဘာပေါ်တွင် အဖျက်စွမ်းအားပြင်းလက်နက်များ ထုတ်လုပ်ပြီး ရန်သူကိုချေမှုန်းကာ အင်အားပြနိုင်ရန် ကြိုးပမ်းအားထုတ်ချိန်တွင် ထိုလက်နက်များထက်ပြင်းထန်သည့် ဇီဝဗိုင်းရပ်စ်လက်နက်၏ ခြိမ်းခြောက်မှုအန္တရာယ်ကို ယနေ့ကြုံတွေ့လာရပြီဖြစ်သည်။ ထိုဗိုင်းရပ်စ်ကို မတိုက်ဖျက်နိုင်ပါက တစ်နေ့သောအချိန်တွင် ဦးနှောက်သေးသေးလူသားကမ္ဘာဖြစ်ကာ ကမ္ဘာကြီးပျက်သုဉ်းသွားနိုင်သည်ကို သတိမူကြရတော့မည်ဖြစ်သည်။

ထိုဗိုင်းရပ်စ်ပိုးမှာ ဇီကာဗိုင်းရပ်စ်ပိုးဖြစ်သည်။ မကြာသေးမီကမှ လူသိများလာခဲ့ပြီး အီဗိုလာ၊ အေအိုင်ဒီအက်စ်နှင့် အခြားကူးစက်တတ်သော ဗိုင်းရပ်စ်ပိုးများထက်ကျယ်ပြန့်ပြီး အနာဂတ်လူသားကမ္ဘာအား တစ်စတစ်စ ဖျက်ဆီးနိုင်စွမ်းရှိသဖြင့် အရေးကြီးပေသည်။ ရောဂါဖြစ်ပွားမှန်းလူမသိ၊ ကူးစက်ပျံ့နှံ့မှန်းလည်း လူမသိသောကြောင့် လူသားများအား အကြီးမားဆုံးခြိမ်းခြောက်မှုဟု ဆိုနိုင်သည်။

ထိုရောဂါပိုးကို စတင်ဖြစ်ပွားစေသောအရာမှာ လူတို့အနီးတွင် အမြဲရှိနေသည့် နေ့လယ်ခင်းအချိန်တွင်ကိုက်သော ခြင်များပင်ဖြစ်သည်။ ခြင်အန္တရာယ်နှင့်ပတ်သက်၍ ခြင်မှဖြစ်သော အလားတူဗိုင်းရပ်စ်အုပ်စုဖြစ်သည့် သွေးလွန်တုပ်ကွေး၊ အသားဝါ၊ ဖျားနာ၊ ဂျပန်ဦးနှောက်ရောင်၊ ဆင်ခြေထောက် စသည်တို့လောက်သာ မြန်မာနိုင်ငံမှလူသိများသဖြင့် ခြင်နှိမ်နင်းရေးကို နှစ်စဉ်ပုံမှန်တိုက်ဖျက်ကြသည်။

ယခုခြင်မှဖြစ်သော ထိုဗိုင်းရပ်စ်ပိုးမှာ ထိုပိုးရှိသည့်ခြင်ကိုက်ခံရလျှင် လူ့အသက်မသေဆုံးသော်လည်း လူ့ဦးနှောက်ကိုထိခိုက်စေခြင်း၊ ခြင်ကိုက်ခံရသည့် ကိုယ်ဝန်ဆောင်မိခင်မှ မွေးဖွားလာသည့်ကလေးငယ်မှာ ဦးနှောက်နှင့် ဦးခေါင်းခွံ ဖွံ့ဖြိုးမှုရပ်တန့်ခြင်း၊ ဦးနှောက်သေးခြင်း၊ လိင်ဆက်ဆံရာမှ တစ်ဦးနှင့်တစ်ဦးကူးစက်ကာ ရောဂါပျံ့ပွားခြင်းမှ တစ်ဆင့် တစ်ကမ္ဘာလုံးသို့ ပြန့်ပွားသွားနိုင်ပါသည်။

ထို့ကြောင့် ထိုဗိုင်းရပ်စ်ရောဂါပိုးသည် တစ်ကမ္ဘာလုံးပျံ့နှံ့သွားစေနိုင်ပြီး လူသားကမ္ဘာတစ်ခုလုံး တစ်နေ့နေ့ တစ်ချိန်ချိန်တွင် ပျက်သုဉ်းသွားနိုင်သဖြင့် ရန်သူတကာ့ရန်သူတို့တွင် ကြောက်မက်ဖွယ်အကောင်းဆုံး ခြင်ရန်သူကို အမြစ်ပါမကျန် စစ်ပွဲအသွင်တိုက်ဖျက်နိုင်ရန် ကြိုးပမ်းအားထုတ်ကြရတော့မည်ဖြစ်သည်။

ယခုအခါ နိုင်ငံပေါင်း ၂၄ နိုင်ငံသို့ ပျံ့နှံ့ရောက်ရှိနေပြီး ကူးစက်ခံရမှုအများဆုံးဖြစ်သည့် အမေရိကတိုက်မှ ဘရာဇီးနိုင်ငံသည် အဆိုးရွားဆုံးဖြစ်နေသည်။ ထို့ကြောင့် ဘရာဇီးသမ္မတက အဆိုပါဇီကာဗိုင်းရပ်စ်ပိုးကို အနိုင်တိုက်မည်ဟု ကြွေးကြော်ပြီး ဘရာဇီးနိုင်ငံသားတပ်မတော်သားနှစ်သိန်းကျော်ကို ခြင်နှိမ်နင်းရေးအတွက် အထူးတာဝန်ပေးကာ စစ်ပွဲတစ်ရပ်ဆင်နွှဲလိုက်ပြီဖြစ်သည်။

ခြင်အန္တရာယ်ဟူသည်မှာ အေးသောအခါတွင် ရှင်သန်မှုနည်းပြီး ပူပြင်းသည့်အခါတွင် ပျံ့နှံ့လာတတ်ပါသည်။ ယခုအအေးပြင်းသောရာသီကာလကုန်ဆုံးပြီး ပူပြင်းသောရာသီ၌ ခြင်များပြန်လည်လှုပ်ရှားလာတော့မည်ဖြစ်သည်။ ပို၍တွန်းအားတစ်ရပ်ဖြစ်စေနိုင်သည်မှာ ပူပြင်းသော အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် အပူချိန်တိုးပြီး ခြင်ပေါက်ပွားမှု ပိုမိုအားကောင်းလာသော အခြေအနေဖြစ်လာနိုင်သည်။ အယ်လ်နီညိုရာသီဥတုဖြစ်စဉ် အားကောင်းသောနှစ်များတွင် ကူးစက်ရောဂါများ ကပ်ရောဂါအသွင်ဖြစ်ပေါ်နိုင်ကြောင်း ပညာရှင်များက ထောက်ပြထားသည်။

ခြင်မှဖြစ်ပေါ်လာမည့် ဗိုင်းရပ်စ်ပိုးအန္တရာယ်ကာကွယ်ရန်အတွက် ကာကွယ်ဆေးလည်းမရှိသေးချေ။ ရောဂါမဖြစ်ပွားစေရေးအတွက် ခြင်နှိမ်နင်းရေးကို ယခင်ပုံမှန်နှိမ်နင်းနေကြဖြစ်သည့် ခြင်အန္တရာယ်ကင်းဝေးရေး ဆောင်ရန်၊ ရှောင်ရန်၊ တိုက်ဖျက်ရန်နည်းများအတိုင်း ပိုမိုအရှိန်အဟုန်မြှင့်၍ အပြင်းအထန်တိုက်ဖျက်သွားရန်ဖြစ်သည်။

ထို့ကြောင့် သင်နှင့်သင့်ရင်သွေးငယ်များ ဦးနှောက်ထိခိုက်ခြင်းမခံရနိုင်အောင် ဇီကာဗိုင်းရပ်စ်ပိုးကူးစက်မှုကိုဖြစ်စေသည့် ခြင်မကိုက်ခံရရေး ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်သည်။ နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေးအရ စစ်ပွဲများကို ဆင်နွှဲရမည်ဖြစ်သော်လည်း လူသားတစ်ဦးချင်းစီသာမက တစ်ကမ္ဘာလုံးရန်သူဖြစ်သည့် ခြင်စစ်ပွဲကို ပိုမိုဦးစားပေးဆင်နွှဲကြရန် တိုက်တွန်းချင်ပါသည်။ ။

# ဆေးဝါးစက်ရုံ(အင်းစိန်) New BPI Project ပြီးစီးပါက ဆေးဝါးများ အရှိန်အဟုန်မြှင့်ထုတ်လုပ်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၉**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် ဖေဖော်ဝါရီ နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ ဆေးဝါး စက်ရုံ(အင်းစိန်)၌ တည်ဆောက်လျက်ရှိသော New BPI Project တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိပြီး SAV (Snake Anti Venum) မြွေဆိပ်ဖြေဆေး ထုတ်လုပ်ရေး အဆောက်အအုံသစ်အတွင်း စက်များ တပ်ဆင်ထားမှုနှင့် စမ်းသပ်လည်ပတ်မှု၊ Snake Farm (မြွေကန်) အဆောက်အအုံနှင့် အလိုအလျောက်အသွင်း၊ အထုတ်ပြုလုပ်နိုင်သည့် အဆင့်မြင့်သိုလှောင်ရုံအသစ် (A.S.R.S Ware House) တွင် Equipments, HAVAC နှင့် Reck များတပ်ဆင်နေမှု၊ Tablet & Capsule Production Plant၊ ထိုးဆေးထုတ်လုပ်ရေး အဆောက်အအုံ (Small Volume Parenterals Production Plant) နှင့် ပဋိဇီဝဆေးထုတ်လုပ်မှု အဆောက်အအုံ (Cephalosporin Production Plant) တည်ဆောက်ပြီးစီးမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။ **(အောက်ဝဲပုံ)**



ထို့နောက် စက်ရုံမှူးနှင့် ကုမ္ပဏီအလိုက် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

New BPI Project ကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ စတင်ဆောင်ရွက်ခဲ့သည်။ မြွေဆိပ်ဖြေဆေး တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် မြွေဆိပ်ဖြေဆေး အဆောက်အအုံသစ်ကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ပြီးစီးခဲ့ပြီး ယခုနှစ်တွင် မြွေဆိပ်ဖြေဆေး အလုံးရေ ၈၀၀၀၀ ထိ တိုးမြှင့်ထုတ်လုပ်ရန် လျာထားဆောင်ရွက်လျက်ရှိသည်။

၂၀၁၅-၂၀၁၆ ခုနှစ်အတွင်း တိုးချဲ့တည်ဆောက်လျက်ရှိသော New BPI Project အဆောက်အအုံသစ်များ ပြီးစီးပါက ဆေးဝါးများ အရှိန်အဟုန်မြှင့်ထုတ်လုပ်၍ ပြည်သူလူထုအတွက် ဆေးဝါးလိုအပ်ချက်ကို အထိုက်အလျောက် ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဖေဖော်ဝါရီ ၉**

| | | | |
|---|---|---|---|
| ရန်ကုန်(ရွှေဈေး) | ၇၇၂၀၀၀ | - | ၇၇၂၀၀၀ |
| မန္တလေး(ရွှေဈေး) | ၇၇၂၀၀၀ | - | ၇၇၂၀၀၀ |

| စက်သုံးဆီဈေးနှုန်း | ရန်ကုန် | မန္တလေး |
|---|---|---|
| (က) ဒီဇယ် တစ်လီတာ | ၄၇၀/၄၈၀ ကျပ်၊ | ၅၄၀/၅၆၀ ကျပ် |
| (ခ) အောက်တိန်း 95တစ်လီတာ | ၆၃၀/၆၆၀ ကျပ်၊ | ၇၁၀/၇၅၀ ကျပ် |
| (ဂ) အောက်တိန်း 92 တစ်လီတာ | ၅၂၀/၅၅၀ ကျပ်၊ | ၆၀၀/၆၂၀ ကျပ် |
| (ဃ) အဆင့်မြင့် ဒီဇယ် တစ်လီတာ | ၅၁၀/၅၂၀ ကျပ်၊ | ၅၉၀/၆၂၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၃၇၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၄၃၀ ကျပ်၊ အောက်တိန်း 92 တစ်လီတာ ၄၆၅ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၄၈. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၃၉၅. ၉ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၈၉. ၈၄ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၃၅. ၁၃၅ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၀၀. ၀၀ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၈. ၃၃၁ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၀၇၉. ၈ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၀၃. ၅၁ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၈၈၂. ၀၄ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၈၈၇. ၂၅ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**



# လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး သင်တန်းဆင်းပွဲများကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၉**

နယ်စပ်ရေးရာ ဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အမျိုးသမီး ၄၅ ဦးတို့၏ စီမံခန့်ခွဲရေးသင်တန်း အမှတ်စဉ်(၆၃)၊ ပညာရေးနှင့် လေ့ကျင့်ရေး ဦးစီးဌာနမှ အမျိုးသမီးဝန်ထမ်း ၂၀ တို့၏ အဆင့်မြင့်စက်ချုပ်နည်းပြသင်တန်း အမှတ်စဉ်(၂၈)နှင့် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ တိုင်းဒေသကြီး၊ ပြည်နယ် စည်ပင် သာယာရေးအဖွဲ့တို့မှ အမျိုးသမီးဝန်ထမ်း ၃၇ ဦးတို့၏ စာရေးဝန်ထမ်းသင်တန်း အမှတ်စဉ်(၉၃) သင်တန်းဆင်းပွဲများကို ဖေဖော်ဝါရီ ၅ ရက် နံနက် ၉ နာရီတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ရှိ ဗဟိုလေ့ကျင့်ရေးကျောင်း၌ ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဦးက အမှာစကားပြောကြားပြီး ထူးချွန်ဆုရ သင်တန်းသူများအား ဆုများနှင့် ကိုယ်စားလှယ်များအား သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်သည်။ သင်တန်းကာလမှာ ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၁၆ ရက်မှ ဖေဖော်ဝါရီ ၅ ရက်အထိ ရက်သတ္တ ၁၂ ပတ် ကြာမြင့်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

ကြေးမုံ နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ခင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှိုသင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ

ပြည်တွင်းရေးရာ

# အာဆီယံအသိုက်အဝန်းထူထောင်ခြင်းဆိုင်ရာ လူထုအသိပညာပေးရေး ဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၉**

အာဆီယံအသိုက်အဝန်းထူထောင်ခြင်းနှင့်ပတ်သက်၍ ပြည်သူများအကြား သိရှိနားလည်မှုပံ့နှံ့စေရန်ရည်ရွယ်၍ အာဆီယံအသိုက်အဝန်းထူထောင်ခြင်းဆိုင်ရာ လူထုအသိပညာပေးရေး အလုပ်ရုံဆွေးနွေးပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက နေပြည်တော်ရှိ Horizon Lake View Hotel ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေး အသိုက်အဝန်း၊ စီးပွားရေးအသိုက်အဝန်း၊ လူမှု-ယဉ်ကျေးမှု အသိုက်အဝန်းတို့အတွက် အဓိကတာဝန်ယူဆောင်ရွက်သည့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ယဉ်ကျေးမှုဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဒေါက်တာကံဇော်နှင့် ဦးအေးမြင့်ကြူတို့က အမှာစကား ပြောကြားသည်။

ယနေ့ဆွေးနွေးပွဲတွင် အာဆီယံအသိုက်အဝန်းဆိုင်ရာ နိုင်ငံရေးနှင့် လုံခြုံရေး၊ စီးပွားရေးနှင့် လူမှု-ယဉ်ကျေးမှု ကဏ္ဍများနှင့်စပ်လျဉ်း၍လည်းကောင်း၊ အာဆီယံအသိုက် အဝန်းတွင် အရပ်ဘက်အဖွဲ့အစည်းများ(CSOs)၏ အခန်းကဏ္ဍနှင့်စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးခဲ့ကြပြီး ဆွေးနွေးပွဲသို့ ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ ပုဂ္ဂလိကကဏ္ဍမှ စီးပွားရေးလုပ်ငန်းရှင်များ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အဆိုပါဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၀ ရက်ထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**





# လပွတ္တာမီးဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် ပစ္စည်းများလှူဒါန်း

**လပွတ္တာ ဖေဖော်ဝါရီ ၉**

လပွတ္တာမီးဘေးကြောင့် အိုးအိမ်စည်းစိမ်များ ဆုံးရှုံးခဲ့ရသည့် ပြည်သူလူထုအတွက် အလှူငွေနှင့် ပစ္စည်းများ ကူညီလှူဒါန်းခြင်းကို ဖေဖော်ဝါရီ ၇ ရက်က လပွတ္တာမြို့သို့ သွားရောက်ကာ CB- KMA Foundation မှ ဒါရိုက်တာအဖွဲ့နှင့် တာဝန်ရှိသူများက လက်ရောက်လှူဒါန်းခဲ့သည်။ မီးဘေးသင့်အိမ်ထောင်စုပေါင်း ၂၉၀ အတွက် အလှူငွေ ကျပ်နှစ်သိန်းစီနှင့် ကျောင်းသုံးစာရေးကိရိယာများ၊ မျက်နှာသုတ်ပဝါ၊ ခေါက်ဆွဲခြောက်၊ သောက်ရေသန့် စသည့် ပစ္စည်းများကို ပေးအပ်လှူဒါန်းခဲ့ခြင်းဖြစ်သည်။ စုစုပေါင်း လှူဒါန်းငွေတန်ဖိုးမှာ ငွေကျပ် သိန်း ၆၀၀ ကျော်ဖြစ်ကြောင်း သိရသည်။

မီးဘေးသင့်ခဲ့သော CB Bank ၏ Customer များဖြစ်သည့် စီးပွားရေးလုပ်ငန်းရှင်များအတွက်လည်း လိုအပ်ချက်များ၊ အခက်အခဲများကို လိုအပ်သလို ကူညီဆောင်ရွက်ပေးနိုင်ရန် ဒါရိုက်တာ ဒေါ်မေမိုးမြင့်က တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ခြင်း၊ အားပေးစကားများပြောကြားခြင်းတို့ကိုလည်းဆောင်ရွက်ခဲ့သည်။ CB Bank မှ မီးဘေးသင့်ပြည်သူများအတွက် စောင်၊ ခြင်ထောင်၊ ဒန်အိုး၊ ဖျာ အစရှိသည့် ပစ္စည်းအမျိုးအစားပေါင်း ၁၄ မျိုးကိုလည်း လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

# ပြန်လည်ထူထောင်ရေးအတွက် အလှူငွေများပေးအပ်

**နေပြည်တော် ဖေဖော်ဝါရီ ၉**

**မီးဘေးသင့်နှင့် ရေဘေးသင့်ဒေသများပြန်လည်ထူထောင်ရေးအတွက် အလှူငွေများပေးအပ်ပွဲ**အခမ်းအနားကို ဖေဖော်ဝါရီ ၉ ရက် နံနက် ၁၀ နာရီတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန နေပြည်တော်၌ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်က မိတ်ဆက်စကားပြောကြားပြီး Kookmin Bank and Korea Disaster Relief Association မှ တာဝန်ရှိသူများက ချင်းပြည်နယ် ရေဘေးသင့်ဒေသ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် အမေရိကန်ဒေါ်လာ ၄၀၀၀၀၊ နမ့်ဆန်မြို့ မီးဘေးသင့်ပြည်သူများအတွက် အမေရိကန်ဒေါ်လာ ၁၅၀၀၀ နှင့် လပွတ္တာမြို့ မီးဘေးသင့်ပြည်သူများအတွက် အမေရိကန်ဒေါ်လာ ၁၅၀၀၀ **စုစုပေါင်း အမေရိကန်ဒေါ်လာ ၇၀၀၀၀** ကိုလည်းကောင်း။




ဆက်လက်၍ သတ္တုတွင်းဝန်ကြီးဌာန ဝန်ထမ်းများနှင့် မြန်မာနိုင်ငံ ကျောက်မျက်လုပ်ငန်းရှင်များအသင်းမှ နမ့်ဆန်မြို့ မီးဘေးသင့်ပြည်သူများအတွက် ကျပ် သိန်း ၅၀၊ လပွတ္တာမြို့ မီးဘေးသင့်ပြည်သူများအတွက် ကျပ် သိန်း ၁၀၀ **စုစုပေါင်း ကျပ် သိန်း ၁၅၀** ကို သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းအောင်နှင့် တာဝန်ရှိသူများကလည်းကောင်း။

ထို့နောက် နမ့်ဆန်မြို့နှင့် လပွတ္တာမြို့ မီးဘေးသင့်ပြည်သူများအတွက် ကာကွယ်ရေးဝန်ကြီးဌာန စစ်ဦးစီးမှူး (ပထမတန်း)မိသားစုများက ငွေကျပ် ၂၁၀၀၀၀၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနက ကျပ် ၃၅ သိန်းနှင့် စက်မှုဝန်ကြီးဌာန အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း ဝန်ထမ်းများက ကျပ် သိန်း ၇၃၄၅၀၀ နှင့် အဝတ်အထည်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တို့မှ ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များ၊ အရာထမ်း၊ အမှုထမ်းများက ကျပ် သိန်း ၅၀၊ ဦးဖုန်းမြင့်၊ ဒေါ်အေးမိသန်း၊ ဦးဝဏ္ဏစိုး၊ ဒေါ်ယုမွန်ဘုန်း မိသားစုက ကျပ် သိန်း ၁၄၀၀၀၀၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်က ကျပ် ၁၀ သိန်း၊ ဦးကျော်သိန်း (ညွှန်ကြားရေးမှူး၊ ပြည်တွင်းအခွန်များဦးစီးဌာန) - ဒေါ်နှင်းနွယ်အေးတို့က ကျပ် ၂၀၀၀၀၀ တို့ကိုပေးအပ်ရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်နှင့် ဒုတိယဝန်ကြီး ဦးဘုန်းဆွေတို့က လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# နမ့်ဆန်မြို့အား ဓာတ်အားပြန်လည်ရရှိအောင် ဆောင်ရွက်

**လားရှိုး ဖေဖော်ဝါရီ ၉**

ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်ဆန်မြို့၌ ဖေဖော်ဝါရီ ၄ ရက် မွန်းလွဲပိုင်းက မီးလောင်မှုဖြစ်ပွားရာ ပျက်စီးဆုံးရှုံးခဲ့သော လျှပ်စစ်ဓာတ်အားလိုင်းများကို ပြန်လည်ပြုပြင်ပေးခဲ့သည်။

ကယ်ဆယ်ရေးယာဉ်များ၊ မီးကြွင်းမီးကျန်ရှင်းလင်းသည့် မီးသတ်ယာဉ်များ ယာဉ်ကြောပိတ်ဆို့မှုမရှိစေဘဲ သွားလာနိုင်ရန် ဓာတ်အားလိုင်း တည်ဆောက်ရာတွင် ကွန်ကရစ်တိုင်စိုက်ထူမှုများကို နေ့ပိုင်းတွင် ဆောင်ရွက်ခြင်းမပြုဘဲ ဖေဖော်ဝါရီ ၇ ရက်ညပိုင်းမှစ၍ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းအဖွဲ့မှ ၄၀၀ ဗို့ ဓာတ်အားလိုင်းတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး ဖေဖော်ဝါရီ ၈ ရက်တွင် ၄၀၀ ဗို့ ဓာတ်အားလိုင်းများ မီးသင့်လောင်ကျွမ်းခဲ့ခြင်းကြောင့် ဓာတ်အားပေးနိုင်ခြင်းမရှိသော ရပ်ကွက်များအား ပုံမှန်အတိုင်း ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိကြောင်းနှင့် မီးသင့်လောင်ကျွမ်းခဲ့သောနေအိမ်များအတွက်လည်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးခဲ့ပါက လျှပ်စစ်ဓာတ်အား သုံးစွဲနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးကျော်လှိုင်ဝင်းထံမှ သိရသည်။



လျှပ်စစ်ဝန်ထမ်းများကလည်း မီးလောင်မှုထဲတွင် ပါဝင်သွားသော အိမ်သုံးမီတာ ၅၁ လုံးမှအပ မီးမကူးမီအချိန်အတွင်း ကျန်မီတာ ၁၈၇ လုံးကို ဖြုတ်သိမ်းနိုင်ခဲ့ပြီး ဖေဖော်ဝါရီ ၆ ရက်အထိ မီးလောင်ကျွမ်းပျက်စီးသွားသော ဓာတ်အားလိုင်းကြိုးများအား ပြန်လည်သိမ်းဆည်းရှင်းလင်းခြင်း၊ နေအိမ်များ မီးလောင်ကျွမ်းခြင်းမရှိသော်လည်း ၄၀၀ ဗို့ဓာတ်အားလိုင်းများ မီးသင့်ခဲ့ခြင်းကြောင့် ဓာတ်အားပေးနိုင်ခြင်းမရှိသော မိုးဂဲလ်ရပ်ကွက်၊ အောင်သပြေရပ်ကွက်၊ ခရစ်ယာန်ကုန်း၊ အထွေထွေအုပ်ချုပ်ရေးမှူး ရုံးဝင်းနှင့် မင်္ဂလာရပ်ကွက်တို့ရှိ အိမ်သုံးမီတာ ၁၂၈ လုံး ဓာတ်အားရရှိရေးအတွက် လိုအပ်သည့် ဓာတ်အားလိုင်းသုံးပစ္စည်းများအား လားရှိုးမြို့မှ တင်ပို့ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ဟန်ဌေး(လားရှိုး)**

❂ **ကျောဖုံးမှ**

နှစ်ဧက (၂ ဒသမ ၀၃၄) ပေါ်၌ ဆောက်လုပ်နေခြင်းဖြစ်ပြီး TRITONE စီမံကိန်းတစ်ခုလုံး၌ အခန်းပေါင်း ၄၂၄ ခန်း ပါဝင်မည်ဖြစ်ကာ Tower A၊ Tower B၊ Tower C ဟူ၍ တာဝါ သုံးလုံးခွဲခြားထားရှိပြီး အောက်ခံ Podium ခြောက်ထပ်ပေါ်၌ ဆောက်လုပ်မည်ဖြစ်သည်။ TRITONE အဆင့်မြင့်ကွန်ဒိုစီမံကိန်း၌ Basement ၁ မှ ၅ ထိကို ယာဉ်အစီးရေ ၇၇၄ စီးရပ်နားနိုင်သော ကားပါကင် ထည့်သွင်းဆောက်လုပ်သွားမည်ဖြစ်ပြီး ပထမလွှာမှ ငါးလွှာထိကို ရန်ကုန်မြို့တွင် အကြီးဆုံးရှော့ပင်းစင်တာဖြစ်လာမည့် နိုင်ငံတကာအဆင့်မီ Luxury Shopping Complex နှင့်အတူ (၆)လွှာ၌ ရေကူးကန်များ၊ အားကစားလေ့ကျင့်ခန်းများ၊ Gym room၊ GX Room၊ Saunna နှင့် အခန်းအတွင်း ဂေါက်သီးရိုက်ကစားနိုင်သည့် Indoor Golf Range အစရှိသည်တို့ကို နိုင်ငံတကာအဆင့်မီ ထည့်သွင်းဆောက်လုပ်သွားမည်ဖြစ်သည်။ (၇)လွှာမှ စတင်၍ အပေါ်ဆုံးအထပ်မြင့်ထိကို Multi Purpose အခန်းများနှင့် လူနေအိမ်ခန်းများ ထည့်သွင်းဆောက်လုပ်မည်ဖြစ်သည်။

အဆိုပါ TRITONE အဆင့်မြင့်ကွန်ဒိုစီမံကိန်း၏ အလွှာတစ်လွှာတွင် အခန်း ခုနစ်ခန်းစီပါဝင်မည်ဖြစ်ပြီး နှစ်ခန်း အနက် ကျန် ငါးခန်း၌နေကြသူများမှာ အရှေ့ဘက်မြင်ကွင်းနှင့် တောင်ဘက်မြင်ကွင်းရှိ ရန်ကုန်မြို့၏ အလှအပမြင်ကွင်းများကိုကြည့်ရှုခံစားနိုင်ကြမည်ဖြစ်သည်။ Tower A မှာ Multi Purpose အခန်းများအတွက် ဆောက်လုပ်ထားခြင်းဖြစ်ပြီး Tower B နှင့် C မှာ လူနေအိမ်ခန်းများအတွက်ဆောက်လုပ်ထားခြင်းဖြစ်သည်။ အဆိုပါ TRITONE အဆင့်မြင့်ကွန်ဒိုစီမံကိန်း၌ နိုင်ငံတကာအဆင့်မီ ဓာတ်လှေကား ၂၃ စင်း ထည့်သွင်းဆောက်လုပ်သွားမည်ဖြစ်ကြောင်းနှင့် အခန်းများ၏ဖွဲ့စည်းပုံအရ စတုရန်းပေ ၁၇၀၀ မှ ၂၃၀၀ ကြားထိ ထည့်သွင်းဆောက်လုပ်သွားမည်ဖြစ်ကြောင်းသိရသည်။ Tower A ၌ အထပ်မြင့် ၂၂ ထပ် ဆောက်လုပ်သွားမည်ဖြစ်ပြီး Tower B နှင့် C ၌ အထပ်မြင့် ၃၀ ထပ်စီ ထည့်သွင်းဆောက်လုပ်သွားမည်ဖြစ်သည်။

အဆိုပါ TRITONE အဆင့်မြင့်ကွန်ဒိုစီမံကိန်း၏ ထူးခြားချက်မှာ အဆောက်အအုံများ၏ပြင်ပ၌ Granite ကျောက်ပြားများကို အပူဒဏ်ကာကွယ်နိုင်စေရန်အတွက် ကြားခံလေဟာနယ်ထားပြီး ဆောက်လုပ်သွားမည်ဖြစ်ရာ မြန်မာနိုင်ငံ၌ ပထမဦးဆုံးထွက်ပေါ်လာသောနည်းပညာသစ်တစ်မျိုးလည်း ဖြစ်သည်။ ထို့ပြင် အခန်းများ၏တံခါးများ၊ ပြတင်းပေါက်တံခါးများကိုလည်း Paired Glass များဖြင့် တပ်ဆင်ဆောက်လုပ်သွားမည်ဖြစ်ပြီး ၂၄ နာရီ ရေ၊ မီး၊ လုံခြုံရေး နှင့်အတူ အခန်းများအတွင်းမှ တိုက်ရိုက်ဆက်သွယ်နိုင်မည့် Home Automation System ကိုလည်း ဝန်ဆောင်မှုပေး၍ ထည့်သွင်းဆောက်လုပ်သွားမည်ဖြစ်သည်။ လက်ရှိအနေအထားအရ စီမံကိန်းအတွက် ပိုင်ရိုက်ခြင်း လုပ်ငန်းများ စတင်နေပြီဖြစ်ပြီး ဖောင်ဒေးရှင်းလုပ်ငန်းများစတင်နေပြီဖြစ်ကြောင်း Living Square Hanwha ကုမ္ပဏီမှ သိရသည်။ ပြီးခဲ့သည့် ၂၀၁၅ ခုနှစ် ဇွန်လက အဆိုပါ TRITONE 8 MILES JUNCTION စီမံကိန်းစတင်ရန်အတွက်ရှိနေသည့် အဆောက်အအုံဟောင်းကို ဖျက်သိမ်း၍ မြေရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး ဆာဗေးလုပ်ငန်းများကိုစတင်ခဲ့ကြောင်းနှင့် လာမည့် ၂၀၁၈ ခုနှစ် နှစ်ကုန်ပိုင်းတွင် အပြီးသတ်ဆောက်လုပ်သွားမည်ဖြစ်ကြောင်း Living Square Hanwha ကုမ္ပဏီမှ သိရသည်။



# နယူးအင်္ဂလန်ဒေသ၌ ဆောင်းမုန်တိုင်းတိုက်ခတ် ဆီးနှင်းတစ်ပေကျော် ကျဆင်းမည်ဟု ခန့်မှန်း

ဘော်စတွန် ဖေဖော်ဝါရီ ၉

**အမေရိကန်ပြည်ထောင်စုအရှေ့မြောက်ပိုင်း နယူးအင်္ဂလန်ဒေသတောင်ပိုင်း၌ ဆောင်းမုန်တိုင်းတိုက်ခတ်လျက်ရှိရာ ဆီးနှင်း တစ်ပေ (၃၀ စင်တီမီတာ) ကျော်ကျဆင်းမည်ဟုမျှော်လင့်ရကြောင်း၊ ဆီးနှင်းသိပ်သည်းစွာကျရောက်မှုကြောင့် စာသင်ကျောင်းများနှင့်အစိုးရရုံးများကို ပိတ်ထားရကြောင်းဒေသဆိုင်ရာသတင်းဌာနများက ဖေဖော်ဝါရီ ၉ ရက်တွင် သတင်းထုတ်ပြန်သည်။**

ဆောင်းမုန်တိုင်းတိုက်ခတ်မှုကြောင့် ခရီးစဉ်များ နှောင့်နှေးကြန့်ကြာခဲ့ရပြီး မြေနိမ့်ပိုင်းကမ်းရိုးတန်းဒေသတွင် ရေလွှမ်းမှုဖြစ်ပွားနိုင်ကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။

ကွန်နက်တီကက်၊ ရိုဒ်ကျွန်း၊ မက်ဆာချူးဆက်နှင့် နယူးဟမ်းရှိုင်းယားတောင်ပိုင်းတို့တွင် ဖေဖော်ဝါရီ ၈ ရက်ကတည်းက ဆီးနှင်းကျရောက်လျက်ရှိသည်။ အရေးတကြီးကိစ္စမရှိပါက ခရီးသွားရောက်ခြင်းမပြုရန် ရဲတပ်ဖွဲ့နှင့် အစိုးရတာဝန်ရှိသူများက သတိပေးလျက်ရှိကြသည်။

မက်ဆာချူးဆက်ပြည်နယ် အရှေ့တောင်ပိုင်း ပင်လယ်ကမ်းရိုးတန်းဒေသအချို့၌ တစ်နာရီလျှင် မိုင် ၆၀ နှုန်းအထိ လေပြင်းတိုက်ခတ်နိုင်ဖွယ်ရှိပြီး သစ်ပင်များလဲကျခြင်း၊ လျှပ်စစ်ဓာတ်အားလိုင်းပြတ်တောက်ခြင်းတို့ ဖြစ်ပေါ်နိုင်ကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။

နယူးအင်္ဂလန်ဒေသတစ်ဝန်း၌ အဝေးပြေးလမ်းပေါ်မော်တော်ယာဉ်မတော်တဆမှုများဖြစ်ပွားခဲ့သည်။

မက်ဆာချူးဆက်ပြည်နယ်အရှေ့တောင်ပိုင်း၌ ဆီးနှင်းသိပ်သည်းစွာကျဆင်းမှု ဆက်လက်ဖြစ်ပေါ်နိုင်ကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူး ချာလီဘိတ်ကာက ပြောကြားသည်။

**ရိုက်တာ။**

# ရုရှားနိုင်ငံမှ ကန်ဒေါ်လာ ၈ ဒသမ ၈ သန်းခန့် တန်ဖိုးရှိ လက်နက်များ ဖီဂျီလက်ခံရရှိ

**ဆူဗာ ဖေဖော်ဝါရီ ၉**

ဖီဂျီနိုင်ငံက ရုရှားနိုင်ငံမှ အမေရိကန်ဒေါ်လာ ၈ ဒသမ ၈ သန်းခန့်တန်ဖိုးရှိသော သေနတ်များနှင့် ခဲယမ်းမီးကျောက်များ လက်ခံရရှိခဲ့ကြောင်း ဖီဂျီအစိုးရအကြီးတန်းတာဝန်ရှိသူတစ်ဦးက ဖေဖော်ဝါရီ ၉ ရက်တွင် အတည်ပြုပြောကြားသည်။

လွှတ်တော်၌ လွှတ်တော်အမတ်တစ်ဦး၏မေးခွန်းတစ်ခုကို ပြန်လည်ဖြေကြားရာတွင် မကြာသေးမီက ဖီဂျီနိုင်ငံသို့ သင်္ဘောဖြင့်ပို့ဆောင်ခဲ့ပြီး ဖီဂျီတပ်မတော်ကလက်ခံရရှိခဲ့သော သေနတ်များနှင့်ခဲယမ်းမီးကျောက်များမှာ ၂၀၁၃ ခုနှစ်တွင် ဖီဂျီနှင့်ရုရှားအစိုးရများ လက်မှတ်ရေးထိုးခဲ့သော စာချုပ်လွှာတစ်ခု၏ တစ်စိတ်တစ်ဒေသဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီး တီမိုစီနာတူဗာက ပြောကြားသည်။

အဆိုပါလက်နက်များက ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှု တာဝန်များ ထမ်းဆောင်ရာတွင် ဖီဂျီတပ်ဖွဲ့များ၏ စွမ်းပကားများကို အားကောင်းစေမည်ဟု မျှော်မှန်းကြောင်း သတင်းရပ်ကွက်များက ဆိုသည်။ ဒေသန္တရမဂ္ဂဇင်းတစ်စောင်ဖြစ်သည့် Island Business ၏ အဆိုအရ လက်နက်ကျွမ်းကျင်သူများဟု ယုံကြည်ရသော ရုရှားတပ်ဖွဲ့ဝင် ၂၀ ဦးမှာ ဖေဖော်ဝါရီ ၉ ရက်က လုံခြုံရေးတင်းကျပ်စွာဖြင့် ဖီဂျီနိုင်ငံသို့ရောက်ရှိလာကြောင်း သိရသည်။

ရုရှားတပ်ဖွဲ့ဝင်များမှာ ဖီဂျီနိုင်ငံရှိ နာဒီအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ကြီးမားသော အထူးလေယာဉ်တစ်စင်းဖြင့် ဆင်းသက်ခဲ့ပြီး ၎င်းတို့အား ပုံမှန်အားဖြင့် သံတမန်များနှင့် ရာထူးဌာနန္တရကြီးမြင့်သူများအသုံးပြုသည့် ဗွီအိုင်ပီလမ်းကြောင်းများမှတစ်ဆင့် ရုတ်ခြည်းခေါ်ဆောင်သွားကြောင်း၊ ဖီဂျီတပ်မတော်မှ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီးနောက် စောင့်ဆိုင်းနေသည့်ယာဉ်ရှိရာသို့ခေါ်သွားကြောင်း သတင်းများကဆိုသည်။ မြောက်ဘက်မျှော်မူဝါဒ (Look North Policy) အသက်ဝင်လာမှုနှင့်အတူ ဖီဂျီနိုင်ငံက ကမ္ဘာတစ်ဝန်းရှိ အစဉ်အလာမိတ်ဖက်မဟုတ်သော နိုင်ငံများနှင့် ဆက်ဆံမှုများတိုးချဲ့လျက်ရှိသည်။

**ဆင်ဟွာ။**



# ဂျာမနီအရှေ့တောင်ပိုင်း၌ ရထားနှစ်စင်းခေါင်းချင်းဆိုင်တိုက်မိ ရှစ်ဦးထက်မနည်း သေဆုံး၊ လူပေါင်း ၁၅၀ ကျော်ဒဏ်ရာရ

**ဘာလင် ဖေဖော်ဝါရီ ၉**

ဂျာမနီနိုင်ငံ အရှေ့တောင်ပိုင်းဒေသတွင် ဖေဖော်ဝါရီ ၉ ရက်က မီးရထားနှစ်စင်း ခေါင်းချင်းဆိုင်တိုက်မိမှုကြောင့် လူရှစ်ဦးထက်မနည်း သေဆုံးပြီး လူပေါင်း ၁၅၀ ခန့်ထိခိုက်ဒဏ်ရာရရှိသည်။ ယင်းတို့အနက် ၅၀ ခန့်မှာ စိုးရိမ်ရဖွယ်အခြေအနေရှိနေသည်။

ယင်းရထားနှစ်စင်းတိုက်မိမှုသည် သံလမ်းတစ်ကြောင်းတည်း၌ဖြစ်ပေါ်ခဲ့ပြီး ရထားတစ်စင်းမှာလမ်းချော်ခဲ့ကြောင်း ရဲတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားသည်။ ခရီးသည်တင်ရထားနှစ်စင်းခေါင်းချင်းဆိုင်တိုက်မိမှုသည် ဒေသစံတော်ချိန် နံနက် ၆ နာရီ ၄၈ မိနစ်တွင်ဖြစ်ပွားခဲ့သည်။ အခင်းဖြစ်ပွားသောနေရာမှာ ဂျာမနီနိုင်ငံတောင်ပိုင်း ဘာဗေးရီးယားပြည်နယ် အိုင်ဘလင်းမြို့အနီးဖြစ်သည်။ ယင်းပြည်နယ်မှာ ဩစတြီးယားနိုင်ငံနယ်စပ်အနီးရှိ ပြည်နယ်ဖြစ်သည်။

ဒါဇင်နှင့်ချီသော ကူညီကယ်ဆယ်ရေးအဖွဲ့များက ရဟတ်ယာဉ်များကို အသုံးပြုပြီး ထိခိုက်ဒဏ်ရာရသူများကို အနီးဝန်းကျင်ရှိဆေးရုံများသို့ တင်ပို့ပေးခဲ့ကြောင်း သတင်းတွင်ဖော်ပြသည်။

**ရိုက်တာ။**

# အမေရိကန်၊ ဂျပန်နှင့်တောင်ကိုရီးယားတို့ မြောက်ကိုရီးယားအရေးဆွေးနွေးမည်

**ဝါရှင်တန် ဖေဖော်ဝါရီ ၉**

အမေရိကန်စစ်ဘက်ဆိုင်ရာ ထိပ်တန်းတပ်မှူးကြီးဖြစ်သူ မရိန်းတပ်ဖွဲ့ ဗိုလ်ချုပ်ကြီး ဂျိုးဆက်ဒန်းဖို့ဒ်သည် မြောက်ကိုရီးယား၏ ဂြိုဟ်တုလွှတ်တင်မှုနှင့်ပတ်သက်၍ ယခုရက်သတ္တပတ်အတွင်း ဂျပန်နှင့်တောင်ကိုရီးယား စစ်ဘက်ဆိုင်ရာအကြီးအကဲများနှင့် ဆွေးနွေးမည်ဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးတာဝန်ရှိသူများက ဖေဖော်ဝါရီ ၉ ရက်တွင် ပြောကြားကြသည်။

အမေရိကန်၊ ဂျပန်နှင့်တောင်ကိုရီးယားနိုင်ငံတို့မှ စစ်ဘက်ဆိုင်ရာအကြီးအကဲများနှင့် ဆွေးနွေးရန် ဗိုလ်ချုပ်ကြီးဒန်းဖို့ဒ်သည် အမေရိကန်၏ပစိဖိတ် စစ်ဌာနချုပ်တည်ရှိရာ ဟာဝိုင်ယီသို့ သွားရောက်မည်ဖြစ်သည်။

တောင်ကိုရီးယားပူးတွဲစစ်ဦးစီးချုပ်များအဖွဲ့၏ဥက္ကဋ္ဌ ကြည်းတပ်ဗိုလ်ချုပ်ကြီး လီဆန်ဂျင်းသည် ဗီဒီယိုကွန်ဖရင့် ဆွေးနွေးပွဲတွင် ပါဝင်မည်ဟု မျှော်လင့်ရသည်။ သို့ရာတွင် ဂျပန်ကာကွယ်ရေးတပ်ဖွဲ့၏ အကြီးအကဲ ရေတပ်ဗိုလ်ချုပ် ကတ်ဆုတိုရှိကာဝါနိုမှာမူ ဆွေးနွေးပွဲသို့ ကိုယ်တိုင်တက်ရောက်မည် (သို့မဟုတ်) ရုပ်ဝေးဆက်သွယ်ရေးစနစ်မှတစ်ဆင့် ပါဝင်ဆွေးနွေးမည်ကို အတိအကျမသိရသေးပေ။

သုံးနိုင်ငံ စစ်ဘက်ဆိုင်ရာ ဆက်ဆံရေးမြှင့်တင်နိုင်ရန်ရည်ရွယ်ပြီး ဆွေးနွေးပွဲကို ကျင်းပမည်ဖြစ်ကြောင်း၊ ဇန်နဝါရီ ၆ ရက်က မြောက်ကိုရီးယားနိုင်ငံက စတုတ္ထအကြိမ် နျူကလီးယားစမ်းသပ်မှုပြုလုပ်ခဲ့ပြီးနောက် ဆွေးနွေးပွဲကို ကျင်းပရန်စီစဉ်ခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။ **ရိုက်တာ။**

# ထိုင်ဝမ်ငလျင်ကြောင့် ပျောက်ဆုံးနေသူ ၁၀၀ ကျော်ကို ဆက်လက်ရှာဖွေ

**တိုင်နန် ဖေဖော်ဝါရီ ၉**

ငလျင်ကြောင့် ပြိုကျပျက်စီးသွားသည့် တိုင်နန်မြို့ အဆောက်အအုံများအောက်တွင် ပိတ်မိနေသူများကို ကယ်တင်နိုင်ရေးအတွက် ထိုင်ဝမ်ကယ်ဆယ်ရေးလုပ်သားများသည် အခက်ခဲဆုံးအခြေအနေများနှင့် ရင်ဆိုင်ရလျက်ရှိသည်။

ငလျင်လှုပ်ပြီး သုံးရက်မြောက်နေ့ဖြစ်သည့် ဖေဖော်ဝါရီ ၉ ရက်တွင် တစ်ဦးတစ်ယောက်ကိုမျှ အသက်ရှင်လျက်ကယ်တင်နိုင်ခြင်းမရှိပေ။ ယခုလောလောဆယ် ပြိုကျသွားသည့် ၁၆ ထပ်တိုက်တစ်လုံး၏ အပျက်အစီးများအောက်မှ ရုပ်အလောင်း ၃၉ လောင်းကို ဖယ်ရှားနိုင်ခဲ့သည်။ အဆိုပါ ၁၆ ထပ်တိုက်၏အောက်တွင် လူ ၁၀၀ ကျော်ခန့် ပိတ်မိနေသည်ဟု ယူဆရသည်။

ကယ်ဆယ်ရေးလုပ်သားများသည် ပြိုကျသွားသည့် တိုက်တာအဆောက်အအုံများ၏ အပျက်အစီးများကို ဖယ်ရှားနိုင်ရေးအတွက် စက်ယန္တရားကြီးများကို အသုံးပြုလျက်ရှိသည်။ တိုင်နန်မြို့ တာဝန်ရှိသူများက ပျောက်ဆုံးနေသူများ၏ ဆွေမျိုးများနှင့် ပုံမှန်အစည်းအဝေးများပြုလုပ်၍ ကယ်ဆယ်ရေးလုပ်ငန်းများ၏ နောက်ဆုံးအခြေအနေများကို ရှင်းလင်းတင်ပြလျက်ရှိသည်။ အချို့က ကယ်ဆယ်ရေးလုပ်ငန်းများ အရှိန်မြှင့်လုပ်ဆောင်ရန် အပူတပြင်းတောင်းဆိုကြသည်။ မည်သည့်သတင်းအချက်အလက်မျှ မရရှိသူများကလည်း အားမလိုအားမရဖြစ်ကြရသည်။

ထိုင်ဝမ်ငလျင်ကြောင့် သေဆုံးသူ ၄၁ ဦးရှိသွားပြီဖြစ်ကြောင်း တာဝန်ရှိသူများက အတည်ပြုထားသည်။ ၎င်းတို့အနက် ၃၉ ဦးမှာ အဆိုပါ ၁၆ ထပ်တိုက်ပြိုကျမှုအတွင်း သေဆုံးခဲ့ခြင်းဖြစ်သည်။



**အင်န်အိတ်ချ်ကေ။**

(၆၉)နှစ်မြောက် ပြည်ထောင်စုနေ့ကြိုဆိုဂုဏ်ပြု

သတင်းဆောင်းပါး - မောင်ငြိမ်းအေး

# သာယာလှပသည့် မွန်တို့ဌာနေ ရာမညမြေ




မြန်မာတွင်သာမက နိုင်ငံတကာတွင်ပါ ထင်ရှားကျော်ကြားသည့် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်။

မွန်ပြည်နယ်သို့ ခရီးသွားတိုင်း အဆိုတော်'ထား' သီဆိုသည့် "မွန်တို့ဌာနေ ရာမည"တေးသီချင်းက ခေါင်းထဲတွင် အလိုလိုပေါ်လာတတ်သလို ထိုသီချင်းတေးသွားကို ညီးညူသီဆိုမိသည်။ မွန်ပြည်နယ်၏ သာယာလှပပုံကို သီကျူးစပ်ဆိုထားသည့် တေးသီချင်းမှာ မွန်ပြည်နယ် ခရီးစဉ်အတွင်း မြေပြင်နှင့်တေးသွား တစ်ထပ်တည်းကျစေပါသည်။ မျက်မှောက်ကာလ၌ သာယာလှပသော မွန်ပြည်နယ်သို့ ခရီးတစ်ထောက် သွားခဲ့ရာတွင် ပဲခူးတိုင်းဒေသကြီး စစ်တောင်းတံတားကို ကျော်လွန်သည်နှင့် ရာမညမြေသို့ စတင်ခြေချမိပါသည်။

ထို့နောက် ကျိုက်ထို၊ ဘီးလင်း၊ သထုံ၊ ပေါင်၊ မုတ္တမ၊ မော်လမြိုင်၊ ချောင်းဆုံ၊ သံဖြူဇရပ်၊ ကျိုက်မရောမှ တနင်္သာရီတိုင်းဒေသကြီးမရောက်မီ ရေးမြို့အထိ ခရီးရောက်ပါသည်။ ဤသည်မှာ မွန်ပြည်နယ်မှ တစ်ဆက်တည်းသွားလာနိုင်သောမြို့ကြီးများဖြစ်သည်။ အမှန်တကယ်တွင် မွန်တို့ဌာနေအကြောင်း ပြောမည်ဆိုလျှင် သမိုင်းကြောင်းရှည်လျားလှသည်။ မွန်တိုင်းရင်းသားများမှာ ရှေးမြန်မာခေတ်ဦးကတည်းက မြန်မာနိုင်ငံအနှံ့တွင် နေထိုင်ခဲ့ကြသည်။ လက်ရှိတွင် နေရာဒေသအရ မွန်တို့ဌာနေကို ဤသို့ပြဆိုထားသော်လည်း မွန်တိုင်းရင်းသားတို့၏ သမိုင်းကြောင်းမှာ ရာဇဝင်နှင့်ချီ၍ရှိခဲ့သည်။ ယနေ့ ပဲခူးဟုခေါ်ဆိုသော ဟံသာဝတီ၊ ရန်ကုန်ဟုခေါ်ဆိုသော ဒဂုံနှင့် ရန်ကုန်တစ်ဖက်ကမ်း ဒလမြို့နယ်တို့တွင် မွန်တိုင်းရင်းသားများ အစောဆုံးနေထိုင်ခဲ့ကြသည်။

တွံတေးနယ်ဘက်တွင် ရှေးကျသည့်မွန်လူမျိုးများ၏ အုတ်များ၊ စဉ့်ထည်များကို ယနေ့တိုင်ထိန်းသိမ်းထားဆဲဖြစ်သည်။ ကော့မှူးဒေသ ညောင်ဒေါက်ကျေးရွာဘက်တွင်လည်း စဉ့်ဖိုဟောင်းများရှိသေးသည်။ ကော့မှူးလမ်းမပေါ်တွင်လည်း မွန်အိမ်ပုံစံနေအိမ်များရှိနေဆဲဖြစ်ပြီး ဂုဏ်ယဉ်ကျေးမှုထွန်းကားခဲ့သည့် ဒေသဖြစ်ခဲ့သည့် အထောက်အထားများကိုပြဆိုသော ဘုရားများလည်းရှိသည်။ ရန်ကုန်မြို့ရှိ ကျိုက်အမည်ပါသော ဘုရားများမှာ မွန်ခေတ်က တည်ဆောက်ထားသော ဘုရားများဖြစ်သည်။

ညောင်ဒေါက်ရွာတွင် မွန်လူမျိုးအဘိုးတစ်ဦးရှိခဲ့ဖူးသည်။ အဘိုး၏ရွာတွင် မွန်တိုင်းရင်းသားများရှိကြပြီး အဘိုး၏မိသားစုတွင် အဘိုးတစ်ယောက်သာ မြန်မာစကားမပြောဘဲ မွန်စကားသာ ပြောလေ့ပြောထရှိသည်။ အဘိုး၏ အမျိုးအနွယ်များမှာ ချောင်းဆုံဘက်၊ ကလော့သော့ဘက်တွင် နေထိုင်ကြသည်။ မွန်ပြည်နယ်အတွင်းရှိ မြို့ရွာများတွင် ယခုအခါ သက်ကြီးရွယ်အိုများမှာ မွန်စကားတတ်ကြပြီး အသက် ၆၀ ဝန်းကျင်များမှာ မွန်စကားတတ်သူလည်းရှိသည်။ မတတ်သူလည်းရှိကြသည်။ ယနေ့ခေတ်လူငယ်များမှာ မွန်စကားတတ်သူများ မရှိသလောက်နည်းသွားကြသည်။

ဆိုလိုသည်မှာ မွန်တိုင်းရင်းသားဖြစ်စေ၊ အခြားမည်သည့်တိုင်းရင်းသားဖြစ်စေ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း တိုင်းရင်းသားတို့သည် အမည်နာမသတ်မှတ်ချက်အရ နယ်မြေဒေသတစ်ခုကို အစွဲပြုထားသော်လည်း တိုင်းရင်းသားအားလုံးမှာ အနယ်နယ်အရပ်ရပ်တွင် စုပေါင်းနေထိုင်ကြသည်။ ငါတို့သည် မြန်မာလူမျိုးတစ်ခုတည်းဖြစ်သည်ဟူသော အသိဖြင့် ချစ်ချစ်ခင်ခင်နေထိုင်ကြသည်။ မည်သည့်အခါမျှ သွေးမကွဲကြ၊ လူမျိုးဟူသော အမည်နာမသာ ကွဲပြားသော်လည်း တစ်မြေတည်းတွင်နေ၊ တစ်ရပ်တည်းတွင်အခြေချ၊ တစ်ရေတည်းသောက်ကာ အတူတကွလက်တွဲနေထိုင်ကြသည်။

ယခုမွန်တိုင်းရင်းသားများကို ကိုယ်စားပြုသည့် မွန်တို့ဌာနေ ရာမညမြေသည် မွန်တိုင်းရင်းသားတို့၏ ရိုးသားမှု၊ ဖော်ရွေမှု၊ အေးချမ်းစွာ နေထိုင်လိုမှုတို့နှင့် လိုက်လျောညီထွေစွာ တင့်တယ်လှသည်။ အထက်တွင် ဆိုသကဲ့သို့ အခြားတိုင်းဒေသကြီး၊ ပြည်နယ်အရပ်ဒေသများတွင် ကွဲပြားသော တိုင်းရင်းသားလူမျိုးများနှင့်အတူ မွန်လူမျိုးများလည်း အတူတကွနေထိုင်ကြသည်။ မွန်တို့ဌာနေ ရာမညမြေတွင်လည်း မွန်တိုင်းရင်းသားများနှင့်အတူ အခြားကွဲပြားသည့် တိုင်းရင်းသားလူမျိုးများလည်း စုပေါင်းနေထိုင်ကြသည်ကိုတွေ့ရသည်မှာ မြန်မာနိုင်ငံတည်းဟူသော တစ်မိုးအောက်ထဲတွင် တိုင်းရင်းသားအားလုံးစုပေါင်းနေထိုင်ကြသည့် ပြည်ထောင်စုကြီးပင်ဖြစ်သည်ဟု ပြဆိုနေခြင်းပင်ဖြစ်သည်။

မွန်တိုင်းရင်းသားများနှင့်တကွ တိုင်းရင်းသားလူမျိုးများ၏ ဓလေ့ထုံးစံ၊ ယဉ်ကျေးမှုအမွေအနှစ်များကို ခရီးသွားခြင်းဖြင့် မှတ်သားသိရှိနိုင်သည်။ ထို့ကြောင့် တိုင်းရင်းသားဒေသများသို့ နိုင်ငံရပ်ခြားတိုင်းတစ်ပါးသားတို့က အလေးထားလာရောက်လေ့လာကြသလို မြန်မာတိုင်းရင်းသားလူမျိုးအသီးသီးတို့ကလည်း ခရီးသွားခြင်းဖြင့် မိမိလူမျိုး၊ မိမိနိုင်ငံသား၊ မိမိတို့၏ယဉ်ကျေးမှုတို့ကို လေ့လာနေကြဆဲဖြစ်သည်။

မွန်ပြည်နယ်ကို အထူးဝိသေသပြုလေ့လာရာတွင် ရန်ကုန်မြို့မှ မိုင် ၁၂၀ ခန့်ကွာဝေးသော မွန်ပြည်နယ်အစ ဒေသသို့မော်တော်ယာဉ်ဖြင့် အကြိမ်ကြိမ်ရောက်ဖူးခဲ့သည်။ ကျိုက်ထိုမြို့မှ ကိုးမိုင်ခန့်ကွာဝေးသော အရပ်ရှိ ကျိုက်ထီးရိုးတောင်ပေါ်ရှိ ထူးခြားအံ့ဖွယ်များနှင့် ပြည့်စုံသည့် ဆံတော်ရှင်စေတီကို မြန်မာပြည်သားများသာမက ကမ္ဘာကပင်အလေးအမြတ်ပြုကြသည်။ ထိုဆံတော်ရှင်စေတီတော်ကို ရှေးဦးကာလ ကနဦးတည်ထားစဉ်က မွန်တိုင်းရင်းသားများနှင့် ကရင်တိုင်းရင်းသားများပါဝင်ခဲ့သည်။ ထိုဒေသတွင်လည်း မွန်နှင့်တကွ အခြားတိုင်းရင်းသားများ နေထိုင်ကြသည်။ ပတ်ဝန်းကျင်ရှိ ရှေးဟောင်းဘုရားများ၊ သမိုင်းဝင်နေရာများ၊ ယဉ်ကျေးမှုအမွေအနှစ်များမှာလည်း မွန်ယဉ်ကျေးမှုနှင့် မကင်းချေ။

ထိုမှတစ်ဆင့် ဘီးလင်းအရပ်ဒေသ တောင်စွန်းကျေးရွာတွင် ကေလာသတောင်နှင့် ဆံတော်ရှင်ဘုရား၊ ဇုတ်သုတ်ကျေးရွာတွင် ကျိုက်ထီးဆောင်းဘုရား၊ သမိုင်းဝင်ဂဝံကျောက်ရုပ်တုများမှာ ရှေးဦးမွန်တို့၏လက်ရာများပင်ဖြစ်သည်။ ထို့အပြင် မဲလံတောင်တော်နှင့်စေတီ၊ ကျောက်ပိဘုရားနှင့် ကျောက်တံခါးစေတီ၊ ကုသိနာရုံ ဆံတော်ရှင်နှင့် အခြားတန်ခိုးကြီးစေတီများမှာ ဒေသခံတိုင်းရင်းသားပြည်သူများ တည်ထားကိုးကွယ်ထားသော ဘုရားများဖြစ်သည်။ ဘီးလင်းမြို့မှကျော်လျှင် သထုံမြို့သို့ ရောက်သည်။ ထိုမြို့သည်ကား မွန်မင်းများလက်ထက်က ဗုဒ္ဓဘာသာထွန်းကားရာ မွန်မြို့တော်ဖြစ်ခဲ့သည်။ ထိုမြို့တွင် မွန်တိုင်းရင်းသားများနှင့်အတူ ပအိုဝ်း၊ ဗမာနှင့် ကရင်တိုင်းရင်းသားများ အများဆုံးနေထိုင်ကြသည်။ သထုံ ရွှေစာရံဘုရားနှင့် ကျောက်စာချပ်များ၊ မြသပိတ်စေတီတော်၊ နေမိန္ဒရတောင်၊ အလံတစ်ရာနီးဘုရားနှင့် မဟာမြတ်မုနိဘုရားတို့သည် မွန်ယဉ်ကျေးမှုအငွေ့အသက်များ လွှမ်းခြုံထားသည်။

ပေါင်မြို့နယ်တွင်လည်း အလားတူပင်ဖြစ်သည်။ ဇင်းကျိုက်ရေတံခွန်နှင့် ဇင်းကျိုက်ဘုရား၊ ကျောက်သဘော်စေတီ၊ မဟာဗောဓိစေတီ၊ နွားလဘို့တောင်ပေါ်ရှိ ဗန္ဓိသေလာဆုတောင်းပြည့်ဘုရား၊ မုတ္တမတောင်ပေါ်ရှိ ကျိုက်ဖျင်းကူစေတီတို့သည် ရှေးဟောင်းမွန်ခေတ် လက်ရာများပင်ဖြစ်သည်။ မော်လမြိုင်မြို့သည် မွန်ပြည်နယ်၏ မြို့တော်ဖြစ်သည်။ ရန်ကုန်-ထားဝယ်-မြိတ်ကားလမ်းနှင့် မီးရထားလမ်းပေါ်တွင်ရှိပြီး ရန်ကုန်မြို့မှ ၁၈၇ မိုင်ခန့် အကွာတွင်တည်ရှိသည်။ မုတ္တမပင်လယ်ကွေ့တွင် တည်ရှိပြီး ရှည်လျားသောကမ်းနားလမ်းနှင့် ကိုလိုနီခေတ်လက်ရာ သမိုင်းအမွေအနှစ် အဆောက်အအုံများတည်ရှိပြီး ရာသီဥတုမျှတခြင်း၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်မှုတို့ကြောင့် လာရောက်လည်ပတ်ကြသော ပြည်တွင်းဘုရားဖူးဧည့်သည်များနှင့် ပြည်ပဧည့်သည်များ နေ့စဉ်နှင့်အမျှ တိုးတက်များပြားလာသည်ကိုတွေ့ရသည်။ သံလွင်တံတား (မော်လမြိုင်)တံတားကြီးမှာ မွန်တိုင်းရင်းသားများ၏ အထင်ကရဒေသသို့ အခြားတိုင်းရင်းသားများနှင့်အတူ ပေါင်းစုံပေးရာလည်းဖြစ်သည်။

မော်လမြိုင်မြို့၏အထင်ကရ တန်ခိုးကြီးဘုရားများဖြစ်သော ကျိုက်သလွံစေတီ၊ ဦးဇိနစေတီ၊ ကျိုက်သုတ်စေတီ၊ မန်ကျီးတောရွှေကျောင်းတို့သည်လည်း မွန်ယဉ်ကျေးမှုတို့ဆင်းသက်ရာဖြစ်သည်။ ရတနာဘုံမြင့်ကျောင်းနှင့် ခရစ်ယာန်ဘာသာဝင်များ၏အဆောက်အအုံဖြစ်သော ၁၉၁၀ ခုနှစ်နောက်ပိုင်း တည်ဆောက်ခဲ့သည့် ပထမနှစ်ခြင်း အသင်းတော်ကျောင်း၊ စိန့်ဂျိုးဇက်ကျောင်း၊ ရှင်မသဲအသင်းတော်ကျောင်းများ၏ ရှေးလက်ရာများဖြင့် လွှမ်းခြုံနေသည်။

မော်လမြိုင်-မုဒုံကားလမ်းပေါ်ရှိ ဖားအောက်တောရဘုန်းတော်ကြီးကျောင်းသည် နိုင်ငံခြားသားများ




မုတ္တမဘက်ခြမ်းနှင့် မော်လမြိုင်ဘက်ခြမ်းအား ဆက်သွယ်ပေးထားသည့် သံလွင်တံတား(မော်လမြိုင်)။

အများဆုံး လာရောက်၍ တရားအားထုတ်ရာ နေရာဖြစ်သည်။ ဝင်းစိန်တောရ လျောင်းတော်မူရုပ်ပွားတော်မြတ်ကြီးမှာလည်း ကမ္ဘာပေါ်တွင် အကြီးဆုံးဘုရားတစ်ဆူအဖြစ်ထင်ရှားသည်။

ချောင်းဆုံမြို့နယ်သည် သံလွင်မြစ်ဝ ဘီလူးကျွန်းပေါ်တွင်တည်ရှိပြီး အခြားတိုင်းရင်းသားများထက် မွန်လူမျိုးအများဆုံးနေထိုင်ရာဒေသဖြစ်သည်။ ဆေးတံလုပ်ငန်း၊ တုတ်ကောက်လုပ်ငန်း၊ ကျောက်သင်ပုန်း၊ ကျောက်တံလုပ်ငန်း၊ သားရေကွင်းလုပ်ငန်း၊ ဝါးခမောက်လုပ်ငန်း၊ မြန်မာ့ရိုးရာမုန့်လုပ်ငန်းများနှင့် လယ်ယာဥယျာဉ်ခြံလုပ်ငန်းများကို အဓိကထား လုပ်ကိုင်ကြသည်။ ယင်းလက်မှုလုပ်ငန်းများရှိရာ ချောင်းဆုံမြို့သို့ နိုင်ငံခြားသားခရီးသွားဧည့်သည်များ လာရောက်လေ့လာကြသည်။

သံဖြူဇရပ်မြို့သည် မော်လမြိုင်မြို့မှ မိုင် ၄၀ အကွာတွင် တည်ရှိပြီး မွန်၊ ဗမာ ၊ ကရင်လူမျိုးများ နေထိုင်ကြသည်။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ ရော်ဘာခြံလုပ်ငန်းများ လုပ်ကိုင်ကြသည်။ ထိုမြို့တွင် ဂျပန်ခေတ်သေမင်းတမန် မီးရထားလမ်း၊ မဟာမိတ်စနေသဟာရစစ်သင်္ချိုင်း၊ ဝါးခဲ့မြို့ဟောင်း၊ စက်စဲကမ်းခြေနှင့် ကျိုက်ခမီရေလယ်ဘုရားတို့မှာထင်ရှား၍ မြန်မာပြည်အရပ်ရပ်မှ ပြည်တွင်းဘုရားဖူးဧည့်သည်များအပြင် နိုင်ငံခြားသားများလည်း အများဆုံးလာရောက် လည်ပတ်ကြသည်။

ကျိုက်မရောမြို့သည် မော်လမြိုင်မြို့မှ ၁၂ မိုင်ခန့် အကွာတွင်တည်ရှိပြီး မြို့အဝင်လမ်းဘေး တစ်ဖက်တစ်ချက်တွင် ထန်းပင်တန်းများနှင့် သာယာလှပပြီး မွန်ပြည်နယ်၏ရှုခင်းအလှအထိမ်းအမှတ်အဖြစ် မြင်တွေ့နိုင်သည်။ ထိုအရပ်တွင် မွန်၊ ဗမာ၊ ကရင်လူမျိုးများ နေထိုင်ကြသည်။ ထိုမြို့တွင် မွန်ဘုရင်မကြီး ရှင်စောပုမှ ပြန်လည်တည်ထားကိုးကွယ်ခဲ့သည့် ကျိုက်မရောဘုရားကြီး တည်ရှိသည့်အပြင် ကျိုက်မရောမြို့နယ်အတွင်းရှိ ခရုံဂူ၊ ဖားပေါင်ဂူ၊ မရမ်းကုန်းဂူ၊ ရေပူကန်များနှင့် ဒေါင်ဒင်အင်းစသည့်နေရာများသည် ခရီးသွားဧည့်သည်များ အများဆုံးသွားရောက်ရာနေရာဖြစ်သည်။

မော်လမြိုင်မြို့မှ မိုင်(၉၀)ခန့်ကွာဝေးသော ရေးမြို့နယ်တွင် မွန်၊ ဗမာ၊ ကရင်လူမျိုးများ အများဆုံးနေထိုင်ကြသည်။ လယ်ယာလုပ်ငန်း၊ ရော်ဘာခြံနှင့် ဥယျာဉ်ခြံလုပ်ငန်း၊ ရေလုပ်ငန်းများ လုပ်ကိုင်ကြသည်။ ရေးမြို့နယ်တွင် တန်ခိုးကြီးဘုရားများ၊ ရှေးဟောင်းအထင်ကရနေရာများ၊ သာယာလှပသော ပင်လယ်ကမ်းခြေများနှင့် ကျေးရွာနေ ပြည်သူများ၏ရေလုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းပြုပုံ၊ ရေထွက်ပစ္စည်းများထုတ်လုပ်ပုံများမှာ စိတ်ဝင်စားဖွယ်ရာဖြစ်သည်။

သဘာဝအခြေခံခရီးသွားလုပ်ငန်း ခရီးစဉ်ဒေသသစ်အဖြစ် ရေးမြို့နယ်ရှိ ကဗျာဝကမ်းခြေမှာလည်း ထူးခြားသည်။ သံဖြူဇရပ်မြို့မှ ကရင်ပြည်နယ်ကို ကျော်ဖြတ်၍ ဘုရားသုံးဆူလမ်းအတိုင်း ထိုင်းနိုင်ငံသို့သွားရောက်လည်ပတ်နိုင်သကဲ့သို့ ထိုင်းနိုင်ငံဘက်မှလည်း မြဝတီလမ်း၊ ဘုရားသုံးဆူတို့မှ မွန်ပြည်နယ်အတွင်းသို့ လာရောက်လည်ပတ်နိုင်သည်။

အချုပ်ဆိုရလျှင် မွန်ပြည်နယ်သည် လမ်းပန်းဆက်သွယ်ရေးလုံခြုံချောမွေ့ခြင်း၊ ရာသီဥတု သင့်တင့်မျှတခြင်း၊ တိုင်းရင်းသားလူမျိုးများ၏ ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်း၍ ရှေးမူမပျက်နေထိုင်သောကျေးရွာများရှိခြင်း၊ သဘာဝအခြေခံ ခရီးသွားလုပ်ငန်းအတွက်လည်း အလားအလာကောင်းများရှိသည့် ထူးခြားသောပြည်နယ် တစ်ခုဖြစ်သည်။

ထိုသို့ ထူးခြားမှုများနှင့် စိတ်ဝင်စားဖွယ်၊ သာယာရှုမောဖွယ်ကောင်းသော မွန်တို့ဌာနေ ရာမညဒေသသည် မွန်တိုင်းရင်းသားတို့၏ အမွန်အမြတ်ထားရာမြေဖြစ်ပြီး အခြားတိုင်းရင်းသားများလည်း စုပေါင်းနေထိုင်ကြပါသည်။ မွန်တိုင်းရင်းသားများသည်လည်း အခြားပြည်နယ်တိုင်းဒေသကြီးများတွင် တိုင်းရင်းသားညီနောင်များနှင့် လက်ရည်တစ်ပြင်တည်း အတူယှဉ်တွဲနေထိုင်လျက်ရှိပါကြောင်း။ ။

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# ဥပဒေကြမ်းပူးပေါင်းကော်မတီ ဖွဲ့စည်းခြင်းနှင့်လုပ်ငန်းတာဝန်များကို ရှင်းလင်းတင်ပြ

**ဥပဒေကြမ်း ပူးပေါင်းကော်မတီကို ဥက္ကဋ္ဌအဖြစ် ဦးအေးသာအောင်၊ ဒုတိယဥက္ကဋ္ဌအဖြစ် ဦးထွန်းအောင်(ခ)ဦးထွန်းထွန်းဟိန်နှင့် ဦးဇော်မင်း၊ အတွင်းရေးမှူးအဖြစ် ဒေါက်တာမြတ်ညဏစိုးနှင့် တွဲဖက်အတွင်းရေးမှူးအဖြစ် ဦးစတီဖန်တို့ပါဝင်သည့် ၁၅ ဦးဖြင့် ဖွဲ့စည်းရန် လျာထား**



**နေပြည်တော် ဖေဖော်ဝါရီ ၉**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ **(ယာပုံ) ဥပဒေကြမ်းပူးပေါင်းကော်မတီ** ဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ ဆောင်ရွက်ကြသည်။

အစီအစဉ်အရ ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၃)မှ ဒေါက်တာမြတ်ညဏစိုးက **ဥပဒေကြမ်းပူးပေါင်းကော်မတီ** ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက မန်းဝင်းခိုင်သန်းက ဥပဒေကြမ်းပူးပေါင်းကော်မတီတွင်ဥက္ကဋ္ဌအဖြစ် ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးအေးသာအောင်၊ ဒုတိယဥက္ကဋ္ဌများအဖြစ် နောင်ချိုမဲဆန္ဒနယ်မှ ဦးထွန်းအောင်(ခ)ဦးထွန်းထွန်းဟိန်နှင့် နောင်ချိုမဲဆန္ဒနယ်မှ ဦးဇော်မင်း၊ အတွင်းရေးမှူးအဖြစ် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါက်တာမြတ်ညဏစိုးနှင့် တွဲဖက်အတွင်းရေးမှူးအဖြစ် ကျိုင်းတုံမဲဆန္ဒနယ်မှ ဦးစတီဖန်တို့အပါအဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းသွားရန် လျာထားကြောင်း အသိပေးကြေညာသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို နံနက် ၁၀ နာရီခွဲတွင် ရပ်နားလိုက်ပြီး ပုံမှန်အစည်းအဝေး တတိယနေ့ကို ဖေဖော်ဝါရီ ၁၀ ရက်တွင် ဆက်လက်ကျင်းပသွားရန် လျာထားကြောင်း သိရသည်။

**(သတင်းစဉ်)**

# အမျိုးသားရင်ကြားစေ့ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ဖော်ဆောင်မယ်ဆိုရင် အစိုးရအဖွဲ့မှာ တိုင်းရင်းသားတွေကို ထည့်သွင်းဖွဲ့စည်းသွားလိမ့်မယ်

**နေပြည်တော် ဖေဖော်ဝါရီ ၉**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန် အစည်းအဝေး ဒုတိယနေ့အစီအစဉ်များကို နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော်ခန်းမ၌ ယနေ့နံနက် ၁၀ နာရီတွင် စတင်ကျင်းပသည်။

"အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က မဲဆွယ်စည်းရုံးစဉ်ကာလမှာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနဲ့ အမျိုးသားရင်ကြားစေ့ရေးတွေ လုပ်ဆောင်သွားမယ်လို့ ပြောခဲ့ပါတယ်။ အဲဒီအတွက်ကြောင့် ဒုတိယသမ္မတရွေးချယ်တဲ့နေရာမှာ တိုင်းရင်းသားတစ်ယောက်ပါမလားလို့ မျှော်လင့်မိပါတယ်။ ရခိုင်တိုင်းရင်းသားထဲကတော့ မဖြစ်နိုင်တော့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ အမျိုးသားလွှတ်တော်မှာ ရခိုင်တိုင်းရင်းသားဖြစ်တဲ့ ဦးအေးသာအောင် ဒုတိယဥက္ကဋ္ဌခန့်ထားတဲ့အတွက်ကြောင့်ပါ။ အခြားတိုင်းရင်းသားတွေ အများကြီးရှိပါတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ဖွဲ့စည်းမယ့်အစိုးရမှာ အမျိုးသားရင်ကြားစေ့ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ဖော်ဆောင်မယ်ဆိုရင် အစိုးရအဖွဲ့မှာ တိုင်းရင်းသားတွေကို ထည့်သွင်းဖွဲ့စည်းသွားလိမ့်မယ်လို့ လေ့လာသိရှိပါတယ်။ ဒါကြောင့် အစိုးရအဖွဲ့မှာရော ဒုတိယသမ္မတ တစ်ဦးနေရာမှာရော တိုင်းရင်းသားတစ်ဦးပါမယ်လို့ မျှော်လင့်မိပါတယ်"ဟု ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စောဝေက ပြောကြားသည်။



ဒေါ်ခင်စောဝေ



ဦးဘရှိန်



ဒေါက်တာမြတ်ညဏစိုး

"ရခိုင်အမျိုးသားပါတီအနေနဲ့ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ကိုတော့ ရခိုင်ပြည်နယ်မှာ ရွေးကောက်ခံကိုယ်စားလှယ်တွေထဲက အများဆုံးအနိုင်ရထားတဲ့ ရခိုင်အမျိုးသားပါတီက ဝန်ကြီးချုပ်လုပ်ချင်တယ်ဆိုတာကိုတော့ သတင်းထုတ်လွှင့်ထားတာရှိပါတယ်။ ဒါက ရွေးကောက်ခံကိုယ်စားလှယ်တွေ အများဆုံးအနိုင်ရတဲ့အတွက်ကြောင့်ပါ။ ဒါပေမယ့် ဝန်ကြီးချုပ်ရွေး၊ မရွေးဆိုတာက လွှတ်တော်မှာမဲအများဆုံးအနိုင်ရထားတဲ့သူရဲ့ ဆန္ဒပဲလေ။ ရခိုင်ပြည်နယ်မှာ ရခိုင်အမျိုးသားပါတီက မဲအများစုအနိုင်ရပေမယ့် majority vote (ပြိုင်ဘက်ကို အသာရသောမဲ) မရပါဘူး။ majority vote ရဖို့အတွက် တစ်မဲပဲလိုတာပါ။ ဝန်ကြီးချုပ်ရွေးတယ်ဆိုတာက သမ္မတကခန့်တာပဲ။ သမ္မတကခန့်တဲ့လူ လက်ခံလား၊ လက်မခံလားဆိုတာ လွှတ်တော်က အတည်ပြုပေးရတာပဲ"ဟု ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘရှိန်က ပြောကြားသည်။

"ဥပဒေကြမ်းတစ်ခုနဲ့ပတ်သက်လို့ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်တို့အကြား သဘောထား ကွဲလွဲမှုတွေကို ပြည်ထောင်စုလွှတ်တော်မှာ ဆွေးနွေးဆုံးဖြတ်ဖို့ သက်ဆိုင်ရာလွှတ်တော်ဥက္ကဋ္ဌက ပြည်ထောင်စုလွှတ်တော်နာယကဆီကို ပေးပို့တင်ပြရမှာပါ။ နာယကက ပြည်ထောင်စုလွှတ်တော်အစည်းအဝေးမှာ ဆွေးနွေးခြင်းမပြုမီ လေ့လာစိစစ်ရန် အချိန်ကာလတစ်ခုသတ်မှတ်ပြီး ပြည်ထောင်စုလွှတ်တော်ဥပဒေကြမ်းပူးပေါင်းကော်မတီကို ကြိုတင်ပေးပို့ထားမှာပါ။ ပူးပေါင်းကော်မတီဥက္ကဋ္ဌက လေ့လာတွေ့ရှိတဲ့ သဘောထားကွဲလွဲမှုတွေကို ဆန်းစစ်ပြီး သဘောထားမှတ်ချက်နဲ့ ပြည်ထောင်စုလွှတ်တော်နာယကဆီကို တင်ပြရမှာပါ။ ဒ့ါအပြင် ပြည်ထောင်စုအစိုးရကနေပြီး ပြည်ထောင်စုလွှတ်တော်ကို တိုက်ရိုက်တင်သွင်းရတဲ့ အမျိုးသားစီမံကိန်းဥပဒေကြမ်း၊ နှစ်စဉ်ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေငွေစာရင်းဥပဒေကြမ်းနဲ့ အခွန်အကောက်ဆိုင်ရာဥပဒေကြမ်းဆိုပြီး သုံးရပ်ရှိပါတယ်။ အဆိုပါ ဥပဒေကြမ်းများကို ဘဏ္ဍာရေးကော်မရှင်ဥက္ကဋ္ဌထောက်ခံချက်နဲ့အတူ ပြည်ထောင်စုအစိုးရအဖွဲ့က နာယကဆီကို တင်ပြလာတဲ့အခါမှာ လွှတ်တော်အစည်းအဝေးမှာ ဆွေးနွေးခြင်းမပြုမီ အသေးစိတ်လေ့လာစိစစ်နိုင်ရန် ဥပဒေကြမ်း ပူးပေါင်းကော်မတီကဖြစ်စေ၊ အခြားသက်ဆိုင်သည့် ပူးပေါင်းကော်မတီများနဲ့ ပူးတွဲ၍ဖြစ်စေ လေ့လာစိစစ်ရပါမယ်။ ဥပဒေကြမ်းများနှင့် ဘဏ္ဍာရေးကော်မရှင်၏ ထောက်ခံတင်ပြချက်များကို အသေးစိတ်လေ့လာဆန်းစစ်ပြီး လေ့လာတွေ့ရှိချက်မှ သဘောထားမှတ်ချက်ကို ဥပဒေကြမ်းပူးပေါင်းကော်မတီက ပြည်ထောင်စုလွှတ်တော်နာယကဆီကို တင်ပြရမှာပါ။ နောက်တစ်ချက်ကတော့ ဖွဲ့စည်းပုံ အခြေခံဥပဒေပြင်ဆင်ရန် လုပ်ငန်းတာဝန်များကို ဥပဒေကြမ်းပူးပေါင်းကော်မတီက ဆောင်ရွက်ရမှာပါ။ အဲဒီလိုဆောင်ရွက်တဲ့အခါမှာလည်း ပြည်သူလူထုအကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ဖို့ ထည့်သွင်းစဉ်းစားပြင်ဆင်ရမှာဖြစ်ပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါက်တာမြတ်ညဏစိုးက ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

owif-at0rpk
"mwfykUkdif

## အနိမ့်ဆုံး အပူချိန်စံချိန်သစ်

ဖေဖော်ဝါရီ ၉ ရက်တွင် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်သည့် အနိမ့်ဆုံးအပူချိန် စံချိန်သစ်မှာ အောက်ပါအတိုင်း ဖြစ်သည်-

| စဉ် | စခန်းအမည် | အနိမ့်ဆုံးအပူချိန် စံချိန်သစ် | | အနိမ့်ဆုံးအပူချိန် စံချိန်ဟောင်း | | ယခင်စံချိန် ကျိုးခဲ့သည့်နှစ် | စခန်းဖွင့်သည့်နှစ်မှ စ၍ လွန်ခဲ့သော နှစ်ပေါင်း |
|---|---|---|---|---|---|---|---|
| | | ဒီဂရီ စင်တီဂရိတ် | ဒီဂရီ ဖာရင်ဟိုက် | ဒီဂရီ စင်တီဂရိတ် | ဒီဂရီ ဖာရင်ဟိုက် | | |
| ၁။ | ထားဝယ် | ၁၀. ၀ | ၅၀. ၀ | ၁၂. ၅ | ၅၄. ၅ | ၁၃-၂-၁၉၉၂ | ၇၀ |
| ၂။ | ဘားအံ | ၁၂. ၀ | ၅၃. ၆ | ၁၂. ၅ | ၅၄. ၅ | ၃-၂-၂၀၀၇ | ၅၀ |
| ၃။ | ကျိုက္ခမီ | ၁၂. ၂ | ၅၄. ၀ | ၁၄. ၀ | ၅၇. ၂ | ၁-၂-၁၉၉၃ | ၃၄ |



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အောင် မြင် စွာ ကျင်းပနိုင်ရေးကြိုးပမ်း ဆောင် ရွက်သည့် အဖွဲ့အတွက် နိုင်ငံ့စွမ်းဆောင်ရည်ဆု ချီးမြှင့်စဉ်။ (သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ငြိမ်းချမ်းရေးကြိုးပမ်းဆောင်ရွက်သည့် အဖွဲ့အတွက် နိုင်ငံ့စွမ်းဆောင် ရည် ဆု ချီးမြှင့်စဉ်။ (သတင်းစဉ်)

# ၂၀၁၆ ခုနှစ် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု ချီးမြှင့်ပွဲအခမ်းအနား မှတ်တမ်းဓာတ်ပုံများ



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နိုင်ငံတကာ အကူအညီအထောက်အပံ့ချေးငွေများရရှိရေးနှင့် နိုင်ငံတကာ မိတ်ဖက်အဖွဲ့အစည်းများနှင့် စီမံကိန်းများချမှတ်ရေးကြိုးပမ်းဆောင်ရွက်သည့်အဖွဲ့အတွက် နိုင်ငံ့စွမ်းဆောင်ရည်ဆု ချီးမြှင့်စဉ်။ (သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အုပ်ချုပ်ရေးယန္တရားပြုပြင်ပြောင်းလဲရေး ကြိုးပမ်းဆောင်ရွက်သည့်အဖွဲ့အတွက် နိုင်ငံ့စွမ်းဆောင်ရည်ဆု ချီးမြှင့်စဉ်။ (သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နိုင်ငံတော်သမ္မတ၏ ပညာသင်ဆုနှင့် ရန်ကုန်တက္ကသိုလ် အဆင့်မြှင့်တင်ရေး ကြိုးပမ်းဆောင်ရွက်သည့်အဖွဲ့ အတွက် နိုင်ငံ့စွမ်းဆောင်ရည်ဆု ချီးမြှင့်စဉ်။ (သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ခံရန် ကြိုးပမ်းဆောင်ရွက်သည့် အဖွဲ့အတွက် နိုင်ငံ့စွမ်းဆောင်ရည်ဆု ချီးမြှင့်စဉ်။ (သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မြစိမ်းရောင်စီမံကိန်းအကောင်အထည်ဖော်ရေး ကြိုးပမ်းဆောင်ရွက်သည့်အဖွဲ့အတွက် နိုင်ငံ့စွမ်းဆောင်ရည်ဆု ချီးမြှင့်စဉ်။ (သတင်းစဉ်)

## ပြည်တွင်းရေးရာ

**ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းပေါ်ရောက်အောင် ပူးပေါင်းဆောင်ရွက်ရာမှာ မိမိ၏မူဝါဒများအား ယုံကြည်စွာ ပူးပေါင်းဆောင်ရွက်ခဲ့ကြသူအားလုံးကို ကျေးဇူးတင်။**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု ချီးမြှင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

☆ **ရွှေ့ဖုံးမှ**

အခမ်းအနားသို့ ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းနှင့် ဦးညဏ်ထွန်း၊ ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ ပြည်ထောင်စု တရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌ ဦးမြသိန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဖိတ်ကြားထားသူများ၊ နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု ရရှိကြသူများ၊ ဘက်စုံထူးချွန်လူငယ်များ၊ ထူးချွန်ကြက်ခြေနီများ၊ ကင်းထောက်လူငယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတက အဖွင့်အမှာစကား ပြောကြားရာတွင် မိမိတို့အစိုးရအဖွဲ့ ၂၀၁၁ ခုနှစ် ဧပြီ ၁ ရက် စတင်တာဝန်ယူသည့်အချိန်မှစပြီး ပြည်သူများ၏ တူညီသော ဆန္ဒနှစ်ရပ်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဖော်ဆောင်ခဲ့ရာတွင် ၂၀၁၂ ခုနှစ်မှ စပြီး နိုင်ငံ့ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းဆောင်ပေးခဲ့ကြသော စီးပွားရေးစွမ်းဆောင်ရှင်များ၊ လူမှုရေးစွမ်းဆောင်ရှင်များ၊ အဖွဲ့အစည်းများ၊ ပညာရှင်များကို နိုင်ငံ့စွမ်းဆောင်ရည်ဆုများ ချီးမြှင့်ခဲ့ပါကြောင်း။

ယခုနှစ်တွင် မိမိတို့အစိုးရသစ် ကာလတစ်လျှောက်လုံး ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်နိုင်ရန် ချမှတ်ထားသည့် မူဝါဒလမ်းစဉ်များ အောင်မြင်အောင် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် အဖွဲ့အစည်းများကို ဆုချီးမြှင့်ပေးသွားမည်ဖြစ်ပါကြောင်း။

မိမိတို့အစိုးရအနေဖြင့် ၂၀၁၁ ခုနှစ် ဧပြီ ၁ ရက်မှစပြီး တပ်မတော်ဦးဆောင်သည့် အစိုးရမှ ဒီမိုကရေစီနည်းကျ ရွေးချယ်တင်မြှောက်သည့် အစိုးရ၊ ဗဟိုချုပ်ကိုင်သော စီးပွားရေးစနစ်မှ ဈေးကွက်စီးပွားရေးစနစ်၊ လက်နက်ကိုင်ပဋိပက္ခများမှ ထာဝရငြိမ်းချမ်းရေးရရှိသည့် အခြေအနေများအဖြစ် ပြောင်းလဲနိုင်အောင် ရည်မှန်းချက်ထား ကြိုးပမ်းဆောင်ရွက်ခဲ့ပါကြောင်း။

ယခုကဲ့သို့ ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်ရာတွင် ထူးခြားချက်မှာ အခြားဒီမိုကရေစီအသွင်ကူးပြောင်းသည့် နိုင်ငံအများစုကဲ့သို့ နိုင်ငံရေးစနစ်တစ်ခုတည်း ပြောင်းလဲခဲ့ရခြင်းမဟုတ်ဘဲ နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးနှင့်ပုဂ္ဂလိကကဏ္ဍ လေးခုတွင် တစ်ပြိုင်တည်းပြောင်းလဲဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ တစ်ချိန်တည်းမှာပင် ငြိမ်းချမ်းရေးရှိမှ ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်မှုကို တည်ဆောက်နိုင်မည် ဖြစ်သည့်အတွက် ထာဝရငြိမ်းချမ်းရေးရရှိရန်လုပ်ငန်းစဉ်များကိုလည်း ဆောင်ရွက်ခဲ့ရပါကြောင်း။

မိမိတို့ အစိုးရအဖွဲ့သစ်အနေဖြင့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်ရန်အတွက် စိတ်ဆန္ဒပြင်းပြသော်လည်း တကယ်တွင် မိမိတို့နိုင်ငံနှင့် ဒီမိုကရေစီစနစ် ကင်းကွာခဲ့သည်မှာကြာမြင့်ခဲ့ပြီး နိုင်ငံရေးအကျပ်အတည်းများ၊ ပဋိပက္ခများကြောင့် ၁၉၆၂ ခုနှစ်မှစပြီး ဗဟိုကတင်းကျပ်စွာချုပ်ကိုင်သည့် နိုင်ငံရေး၊ စီးပွားရေးစနစ်များကို ပြောင်းလဲကျင့်သုံးခဲ့သည်မှာ အားလုံးအသိပင်ဖြစ်ပါကြောင်း။

ထို့ကြောင့် အစိုးရ၊ နိုင်ငံရေးပါတီများနှင့် ပြည်သူများအားလုံး ဒီမိုကရေစီစနစ်၊ ဒီမိုကရေစီကျင့်စဉ်များနှင့် အလှမ်းဝေးသည့်အခြေအနေမှ မြန်မာနိုင်ငံ၏ မွေးဖွားစဒီမိုကရေစီစနစ်ကို ရင့်ကျက်ဖွံ့ဖြိုးလာအောင် မိမိတို့ ကြိုးစားတည်ဆောက်ခဲ့ရပါကြောင်း၊ စိန်ခေါ်မှုများ၊ အကျပ်အတည်းများ၊ အတွေ့အကြုံလိုအပ်မှုများကြားမှ ဒီမိုကရေစီကို ရှေးရှုသည့် အပြောင်းအလဲများ အတိုင်းအတာတစ်ခုအထိ ရရှိလာသည်မှာ ကြီးမားသော အောင်မြင်မှုပင်ဖြစ်ပါကြောင်း။

ငါးနှစ်တာကာလအတွင်း သိသာထင်ရှားသော အရွေ့တစ်ခုကို ဖော်ဆောင်နိုင်ခဲ့ခြင်းမှာ မိမိတစ်ယောက်တည်း၏ စွမ်းဆောင်မှုကြောင့် မဟုတ်ပါကြောင်း၊ ယင်းတာဝန်များမှာ အလွန်ကြီးမားကျယ်ပြန့်ပြီး တစ်ရက်၊ တစ်လ၊ တစ်ဦးတစ်ယောက်ကောင်းဖြင့် လုပ်၍မရသည့် တာဝန်များဖြစ်ပါကြောင်း၊ ထို့ကြောင့် ယင်းတာဝန်များကို အကောင်အထည်ဖော်နိုင်ရန်အတွက် အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့က တက်ညီလက်ညီ ဦးထမ်းပဲ့ထမ်း ဆောင်ရွက်ခဲ့ကြခြင်း ဖြစ်ပါကြောင်း။

တစ်ယောက်အားဖြင့် ယူသော်မရ၊ တစ်သောင်းအားဖြင့် ယူသော်ရ၏ ဆိုသည့် စကားအတိုင်း မိမိတို့အားလုံးသည် အာဆီယံဒေသတွင်း ဒုတိယအကြီးဆုံးနိုင်ငံလည်းဖြစ်၊ လူဦးရေ သန်းငါးဆယ်ကျော် နေထိုင်ပြီး နှစ်ပေါင်း ခြောက်ဆယ်ကျော် လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပေါ်နေသည့်နိုင်ငံကို ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းပေါ် ရောက်အောင် ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ရာ ယင်းသို့ လုပ်ဆောင်ရာမှ မိမိ၏ မူဝါဒများအား ယုံကြည်စွာ ပူးပေါင်းဆောင်ရွက်ခဲ့ကြသူအားလုံးကို ကျေးဇူးတင်ပါကြောင်း။

ထိုသို့ ပြုပြင်ပြောင်းလဲမှုများကို အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်ရာတွင် နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်တွင်း၊ ပြည်ပမှ ပညာရှင်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ အခန်းကဏ္ဍကိုလည်း မေ့ထား၍ မရပါကြောင်း၊ သူတို့နှင့်အတူ ဆွေးနွေးပွဲများ အကြိမ်ကြိမ်ပြုလုပ်ခဲ့၊ အတွေ့အကြုံများ ဖလှယ်ခဲ့ခြင်းများသည်လည်း မိမိတို့ ပြုပြင်ပြောင်းလဲရေးမူဝါဒများကို အကောင်အထည်ဖော်နိုင်ရန်အတွက် အထောက်အကူအများကြီး ဖြစ်ခဲ့ပါကြောင်း၊ ထို့ကြောင့် ယင်းသို့ ပါဝင်ကူညီခဲ့သူများကိုလည်း ကျေးဇူးတင်ရှိပါသည်ဟု ပြောကြားလိုပါကြောင်း။

**စာမျက်နှာ ၉ သို့** ❁



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** (သတင်းစဉ်)



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးကိစ္စရပ်များကို ကိုယ်ကျိုးစွန့်၍ တက်ကြွစွာကြိုးပမ်းဆောင်ရွက်သည့်အဖွဲ့အတွက် နိုင်ငံ့စွမ်းဆောင်ရည်ဆု ချီးမြှင့်စဉ်။** (သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရန်ကုန်ဆေးရုံကြီး အဆင့်မြှင့်တင်မှုနှင့်ကျန်းမာရေးစောင့်ရှောက်မှုမြှင့်တင်ရန် ကြိုးပမ်းဆောင်ရွက်သည့်အဖွဲ့အတွက် နိုင်ငံ့စွမ်းဆောင်ရည်ဆု ချီးမြှင့်စဉ်။ (သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ကြိုးပမ်းဆောင်ရွက်သည့်အဖွဲ့အတွက် နိုင်ငံ့စွမ်းဆောင်ရည်ဆု ချီးမြှင့်စဉ်။ (သတင်းစဉ်)

❁ စာမျက်နှာ ၈ မှ

မိမိတို့အစိုးရအဖွဲ့သည် မိမိတို့နိုင်ငံကို နိုင်ငံသားအားလုံး မျှော်မှန်းသည့် ဒီမိုကရေစီပန်းတိုင်သို့ ရောက်ရှိစေမည့် လမ်းကြောင်းမှန်ပေါ်တင်ပေးနိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ ၂၁ရာစုအတွင်း ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို ဖော်ဆောင်ခဲ့သည့် နိုင်ငံများအကြား အလားအလာ အကောင်းဆုံးနှင့် အတည်ငြိမ်ဆုံး ဒီမိုကရေစီရှေ့ခရီးကို ဆက်လျှောက်နေသည့် နိုင်ငံအဖြစ် တည်ဆောက်နိုင်ခဲ့ပြီ ဖြစ်ပါကြောင်း။

ယင်းသို့သောအချိန်တွင် ပြီးခဲ့သည့် ငါးနှစ်အတွင်း ပြုပြင်ပြောင်းလဲမှုများ အနက် သိသာထင်ရှားသော အောင်မြင်မှုများကို ဖော်ဆောင်နိုင်ခဲ့သည့် အဖွဲ့အစည်းများကို အသိအမှတ်ပြုသည့်အနေဖြင့် စွမ်းဆောင်ရည်ဆုများကို ချီးမြှင့်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ဤစွမ်းဆောင်ရည်ဆုများသည် အဖွဲ့အစည်းများကို ဦးဆောင်ဦးရွက်ပြုခဲ့သော ခေါင်းဆောင်များနှင့် လုပ်ဖော်ကိုင်ဖက် ဝန်ထမ်းများကို အသိအမှတ်ပြုဂုဏ်ပြုခြင်းလည်း ဖြစ်ပါကြောင်း။

မိမိတို့ အစိုးရသက်တမ်းမှာ မကြာခင် ပြီးဆုံးတော့မည်ဖြစ်ပါကြောင်း၊ သို့ရာတွင် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်မှာ မပြီးဆုံးသေးပါကြောင်း၊ ပြီးခဲ့သည့် ငါးနှစ်အတွင်း ရရှိခဲ့သောအောင်မြင်မှုများကို ပိုပြီးအခြေခိုင်အောင် ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ ဆောင်ရွက်ရန် ကျန်နေသေးသော လုပ်ငန်းစဉ်များကို ပြီးပြတ်အောင်၊ ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများကို ကျော်လွှားနိုင်အောင် စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်ရဦးမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် အနာဂတ်ကာလတွင်လည်း နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးအတွက် လူမျိုးစွဲ၊ ဝါဒစွဲ၊

## နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးအတွက် လူမျိုးစွဲ၊ ဝါဒစွဲ၊ ပါတီစွဲမထားဘဲ စိတ်ရင်းစေတနာကောင်းကို အခြေခံပြီး ကျရာအခန်းကဏ္ဍမှ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်။

ပါတီစွဲမထားဘဲ စိတ်ရင်းစေတနာကောင်းကို အခြေခံပြီး ကျရာအခန်းကဏ္ဍမှ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ယင်းနောက် ဖျော်ဖြေတင်ဆက်မှုများနှင့်အတူ နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုရရှိသော အဖွဲ့များ၏ ဆောင်ရွက်ချက်ဗီဒီယိုမှတ်တမ်းကို တင်ပြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက နိုင်ငံ့စွမ်းဆောင်ရည်ဆုရရှိသော အဖွဲ့ ၃၃ ဖွဲ့မှ အဖွဲ့ခေါင်းဆောင်များကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နိုင်ငံ့စွမ်းဆောင်ရည်ဆုရရှိသောအဖွဲ့များမှ ဦးဆောင်သူများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ခင်းကျင်းပြသထားသည့် နိုင်ငံ့စွမ်းဆောင်ရည်ဆု မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတက ဆုရရှိကြသူများနှင့် တက်ရောက်လာကြသူများအား ဂုဏ်ပြုညစာစားပွဲဖြင့် တည့်ခင်းဧည့်ခံသည်။

ယနေ့ကျင်းပသည့် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု ချီးမြှင့်ပွဲအခမ်းအနားသည် တစ်ဦးတစ်ယောက်၊ တစ်ဖွဲ့တစ်ဌာန၊ ကုမ္ပဏီတစ်ခုကို ချီးမြှောက်ခြင်းမျိုး မဟုတ်ဘဲ နိုင်ငံတစ်ဝန်းရှိ ပြည်သူပြည်သားများကို ကောင်းသည့်အရာတွင် စံနမူနာပြု အတုယူကြစေရန်နှင့် နောင်အနာဂတ်ကာလများတွင် ယခုထက်ပိုမိုပြီး နိုင်ငံအကျိုး၊ ပြည်သူများ၏အကျိုးကို ဆတက်ထမ်းပိုး တိုးမြှင့်လုပ်ဆောင်နိုင်ကြစေရန် ရည်ရွယ်ချီးမြှင့်ခြင်းဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နိုင်ငံတော်အေးချမ်းတည်ငြိမ်ရေး၊ အမျိုးသားစည်းလုံးညီညွတ်မှု တည်ဆောက်ရေး၊ ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတကာအလယ်တွင် အမျိုးသားရေးဂုဏ်သိက္ခာမြင့်မားရေးတို့အတွက် မူဝါဒများချမှတ်ပြီး နိုင်ငံရေးပြုပြင်ပြောင်းလဲမှု၊ စီးပွားရေးပြုပြင်ပြောင်းလဲမှု၊ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုနှင့် ပုဂ္ဂလိကကဏ္ဍ ပြုပြင်ပြောင်းလဲမှုများကို ပြည်သူဗဟိုပြု ကြိုးပမ်းဖော်ဆောင်လျက်ရှိရာတွင် ယခုချီးမြှင့်ခြင်းခံရသည့်အဖွဲ့များသည် နိုင်ငံတော်အစိုးရ၏ မူဝါဒများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်အသီးသီး၌ ထူးထူးချွန်ချွန်ဆောင်ရွက်နိုင်ခဲ့သည့်အတွက် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုကို ရွေးချယ်ချီးမြှင့်ခြင်းဖြစ်သည်။ နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု ချီးမြှင့်ပွဲအခမ်းအနားကို နှစ်စဉ်ကျင်းပလာခဲ့ရာ ယခုအကြိမ်သည် စတုတ္ထအကြိမ်ဖြစ်သည်။

ယင်းလေးကြိမ်တွင် စွမ်းဆောင်ရည်ဆုချီးမြှင့်ခဲ့သည့် အရေအတွက်မှာ ဆရာတော်၊ သံဃာတော် ၂၁ ပါးနှင့် စွမ်းဆောင်ရှင်လူပုဂ္ဂိုလ် ၄၆၀ ရှိခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

## ၉-၂-၂၀၁၆ ရက်နေ့တွင် ချီးမြှင့်ခဲ့သည့် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့ စွမ်းဆောင်ရည်ဆု အမျိုးအစားများ

| စဉ် | ဆုအမျိုးအစား |
|---|---|
| ၁။ | အင်းလေးကန် ရေရှည်တည်တံ့ရေးနှင့် စိမ်းလန်းစိုပြည်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေး ကြိုးပမ်းဆောင်ရွက်သည့်အဖွဲ့ |
| ၂။ | ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ခံရန် ကြိုးပမ်းဆောင်ရွက်သည့်အဖွဲ့ |
| ၃။ | အာဆီယံဥက္ကဋ္ဌတာဝန်ယူကျင်းပနိုင်ရန် ကြိုးပမ်းဆောင်ရွက်သည့်အဖွဲ့ |
| ၄။ | အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ကြိုးပမ်းဆောင်ရွက်သည့်အဖွဲ့ |
| ၅။ | နိုင်ငံတော်သမ္မတ၏ ပညာသင်ဆုနှင့် ရန်ကုန်တက္ကသိုလ်အဆင့်မြှင့်တင်ရေး ကြိုးပမ်းဆောင်ရွက်သည့်အဖွဲ့ |
| ၆။ | ရန်ကုန်ဆေးရုံကြီး အဆင့်မြှင့်တင်မှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုမြှင့်တင်ရန် ကြိုးပမ်းဆောင်ရွက်သည့်အဖွဲ့ |
| ၇။ | ရှေးဟောင်းအဆောက်အအုံများ ထိန်းသိမ်းရေးကြိုးပမ်းဆောင်ရွက်သည့်အဖွဲ့ |
| ၈။ | ငြိမ်းချမ်းရေး ကြိုးပမ်းဆောင်ရွက်သည့်အဖွဲ့ |
| ၉။ | ပျူမြို့ဟောင်း(၃)မြို့အား ယူနက်စကိုစာရင်းဝင်ဖြစ်ရေး ကြိုးပမ်းဆောင်ရွက်သည့်အဖွဲ့ |
| ၁၀။ | စီးပွားရေးပိတ်ဆို့မှု လွတ်ကင်းအောင် ကြိုးပမ်းဆောင်ရွက်သည့်အဖွဲ့ |
| ၁၁။ | အထူးစီးပွားရေးဇုန်များ ပီပြင်စွာ အကောင်အထည်ဖော်ရေး ကြိုးပမ်းဆောင်ရွက်သည့်အဖွဲ့ |
| ၁၂။ | ပြည်ပကြွေးမြီလျှော့ချရေး ကြိုးပမ်းဆောင်ရွက်သည့်အဖွဲ့ |
| ၁၃။ | သဘာဝအရင်းအမြစ်ထုတ်လုပ်မှုလုပ်ငန်းများတွင် ပွင့်လင်းမြင်သာမှုရှိစေရေး(EITI)အဖွဲ့ဝင်နိုင်ငံဖြစ်ရေး ကြိုးပမ်းဆောင်ရွက်သည့်အဖွဲ့ |
| ၁၄။ | အုပ်ချုပ်ရေးယန္တရားပြုပြင်ပြောင်းလဲရေး ကြိုးပမ်းဆောင်ရွက်သည့်အဖွဲ့ |
| ၁၅။ | ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်သည့်အဖွဲ့ |
| ၁၆။ | လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်သည့်အဖွဲ့ |
| ၁၇။ | ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ကြိုးပမ်းဆောင်ရွက်သည့်အဖွဲ့ |
| ၁၈။ | နိုင်ငံတကာတွင် နိုင်ငံတော်အတွက် ဥပဒေရေးရာနှင့်ပတ်သက်၍ ကြိုးပမ်းဆောင်ရွက်သည့်အဖွဲ့ |
| ၁၉။ | အခွန်ပိုမိုကောက်ခံရရှိရန် ကြိုးပမ်းဆောင်ရွက်သည့်အဖွဲ့ |
| ၂၀။ | မြစိမ်းရောင်စီမံကိန်း အကောင်အထည်ဖော်ရေး ကြိုးပမ်းဆောင်ရွက်သည့်အဖွဲ့ |
| ၂၁။ | စံပြစိုက်ခင်းနှင့် စက်မှုလယ်ယာများဖော်ဆောင်ရေး ကြိုးပမ်းဆောင်ရွက်သည့်အဖွဲ့ |
| ၂၂။ | လူမှုဖူလုံရေးကိစ္စရပ်များ ကြိုးပမ်းဆောင်ရွက်သည့်အဖွဲ့ |
| ၂၃။ | နိုင်ငံတကာ အကူအညီအထောက်အပံ့ချေးငွေများရရှိရေးနှင့် နိုင်ငံတကာ မိတ်ဖက်အဖွဲ့အစည်းများနှင့် စီမံကိန်းများချမှတ်ရေး ကြိုးပမ်းဆောင်ရွက်သည့်အဖွဲ့ |
| ၂၄။ | နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေး ကိစ္စရပ်များကို ကိုယ်ကျိုးစွန့်၍ တက်ကြွစွာ ကြိုးပမ်းဆောင်ရွက်သည့်အဖွဲ့ |
| ၂၅။ | နေပြည်တော်ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ ကြိုးပမ်းဆောင်ရွက်သည့်အဖွဲ့ |
| ၂၆။ | မြန်မာ့အသံ/ရုပ်မြင်သံကြား/သတင်းစာအသွင်ပြောင်းလဲရန် ကြိုးပမ်းဆောင်ရွက်သည့်အဖွဲ့ |
| ၂၇။ | ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ မြှင့်တင်ရေး ကြိုးပမ်းဆောင်ရွက်သည့်အဖွဲ့ |
| ၂၈။ | One Stop Shop(OSS)ရုံးများ ဖွင့်လှစ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်သည့်အဖွဲ့ |
| ၂၉။ | သတင်းအချက်အလက်နည်းပညာ(ICT)နှင့် မိုဘိုင်းဖုန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်သည့်အဖွဲ့ |
| ၃၀။ | ဧရာဝတီတိုင်းဒေသကြီးအတွင်း ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ ကြိုးပမ်းဆောင်ရွက်သည့်အဖွဲ့ |
| ၃၁။ | လေကြောင်းပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်သည့်အဖွဲ့ |
| ၃၂။ | ရခိုင်ပြည်နယ်အပါအဝင် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြိုးပမ်းဆောင်ရွက်သည့်အဖွဲ့ |
| ၃၃။ | မိတ္ထီလာကန်၊ ကြေးနီကန်၊ စစ်တောင်းတူးမြောင်း၊ ပန်းလှိုင်မြစ်၊ အင်းလေးနဒီကန်၊ ထီးလှိုင်ကန်အပါအဝင် ကန်များ၊ ဆည်များ ပြုပြင်ရေး ကြိုးပမ်းဆောင်ရွက်သည့်အဖွဲ့ |

# အနုပညာနဲ့တိုင်းပြည်အတွက် တစ်ထောင့်တစ်နေရာကနေ ပါဝင်ဆောင်ရွက်ဖို့ တာဝန်ရှိလို့ ကိုယ့်အသိစိတ်နဲ့ ကိုယ်လုပ်ခဲ့တာပါ

ဂီတစာဆို ဟသ်ာတမြင့်ဌေ

နေပြည်တော် ဖေဖော်ဝါရီ ၉

**ငါးနှစ်တာကာလအတွင်း ပြုပြင်ပြောင်းလဲမှုများနှင့် သိသာထင်ရှားသည့် အောင်မြင်မှုများကို ဖော်ဆောင်နိုင်ခဲ့သော အဖွဲ့အစည်းများကို အသိအမှတ်ပြုသည့်အနေဖြင့် နိုင်ငံ့စွမ်းဆောင်ရည်ဆုများကို ဖေဖော်ဝါရီ ၉ ရက်တွင် ချီးမြှင့်ခဲ့သည်။ အဆိုပါစွမ်းဆောင်ရည်ဆုများကို အဖွဲ့အစည်းအသီးသီးအား ဦးဆောင်ဦးရွက်ပြုခဲ့သည့် ခေါင်းဆောင်များနှင့် လုပ်ဖော်ကိုင်ဖက်ဝန်ထမ်းများကို အသိအမှတ်ပြု ဂုဏ်ပြုခြင်းဖြစ်ပြီး ယင်းအခမ်းအနားတွင် စွမ်းဆောင်ရည်ဆုရရှိခဲ့ကြသူအချို့ကို စွမ်းဆောင်ရည်ဆုရရှိမှုနှင့်စပ်လျဉ်း၍ မေးမြန်းဖြစ်ခဲ့ပါသည်။**



ဒေါက်တာမောင်မောင်သိမ်း



ဗိုလ်မှူးချုပ်မင်းသိန်းတင့်



ဦးကျော်ဆန်း



ဂီတစာဆို ဟသ်ာတမြင့်ဌေ

**ဒေါက်တာမောင်မောင်သိမ်း**
**(ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီးဌာန)**

EITI နဲ့ပတ်သက်လို့ Record ထိုးတယ်လို့ပြောလို့ရတယ်။ ပထမအချက်ကတော့ အဖွဲ့ဝင်လောင်းအဖြစ်အချိန်တိုအတွင်းမှာ အသိအမှတ်ပြုခံခဲ့ရတယ်။ ယူနိုက်တက်ကင်းဒမ်းတောင်မှ အဖွဲ့ဝင်လောင်းဖြစ်အောင် မြန်မာနိုင်ငံထက် စောပြီးကြိုးစားခဲ့ပေမယ့် မြန်မာနိုင်ငံထက်နောက်ကျပြီးမှ အဖွဲ့ဝင်လောင်းဖြစ်ခွင့်ရတယ်။ နောက်ထပ် Record ထိုးတာကိုပြောရမယ်ဆိုရင် Report ပေါ့လေ။ အဲဒီမှာ Record ထိုးတာအပိုင်းနှစ်ပိုင်းရှိတယ်။ တစ်ခုက Report မှာ ကွာခြားမှုအနည်းဆုံးအဖြစ်ပေါ့လေ။ အစိုးရဌာနတွေကပေးတဲ့ စာရင်းဇယားတွေနဲ့ ကုမ္ပဏီတွေကပေးတဲ့စာရင်းဇယားတွကို တိုက်ဆိုင်စစ်ဆေးတဲ့ Report ပေါ့။ အဲဒါကို နိုင်ငံခြားကပညာရှင်တွေကို တင်ဒါစနစ်နဲ့ ငှားရမ်းလုပ်ကိုင်တာပေါ့။ စာရင်းကွာဟမှုက (.01)ပဲရှိပြီး ကမ္ဘာမှာကွာခြားချက်အနည်းဆုံးနိုင်ငံအဖြစ် သတ်မှတ်ခံခဲ့ရတယ်။ နောက်တစ်ခုက ကျောက်မျက်ကဏ္ဍကို ထည့်သွင်းစာရင်းစစ်ပေးတဲ့ ပထမဆုံးနိုင်ငံအဖြစ် မြန်မာနိုင်ငံက Record ထိုးနိုင်ခဲ့တာပါ။

အဲဒီတော့ Record သုံးခုထိုးနိုင်ခဲ့တာပေါ့။ အချိန်အတိုဆုံးအတွင်းမှာ EITI အဖွဲ့ဝင်လောင်းဖြစ်တဲ့နိုင်ငံ၊ စာရင်းတိုက်ဆိုင်စစ်ဆေးတဲ့အခါမှာ ကွာခြားချက်အနည်းဆုံးနိုင်ငံ၊ ကျောက်မျက်ကဏ္ဍကို ပထမဆုံးထည့်သွင်းစာရင်းစစ်ပေးတဲ့နိုင်ငံအဖြစ် Record ထိုးနိုင်ခဲ့ပါတယ်။

ဒီလိုဖြစ်အောင်လုပ်ရတာအခက်အခဲတွေ အများကြီးရှိခဲ့ပါတယ်။ ဒါပေမယ့် မသိတာကိုသိအောင်လုပ်လို့ရတဲ့အတွက် သိသွားတဲ့အခါကျတော့ ဒီသဘောတရားကြီးရဲ့မှန်မြတ်မှုကို သိရတယ်။ ဒါကြောင့် သယံဇာတကျိန်စာသင့်မှုကနေရှောင်နိုင်တယ်။ ဒီလိုပွင့်လင်းမြင်သာမှုရှိလာတဲ့အတွက်ကြောင့်လည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ ပိုမိုဝင်ရောက်လာနိုင်တယ်။ EITI အဖွဲ့ဝင်လောင်းဖြစ်သွားလို့ မြန်မာနိုင်ငံဟာ Corruption Index လို့ခေါ်တဲ့ လာဘ်ပေးလာဘ်ယူမှုကိစ္စတွေမှာ အထက်ကိုတက်သွားတယ်။ အဲဒါတွေက ရလဒ်တွေပေါ့။ ဒီသဘောတရားကြီးရဲ့ မှန်မြတ်မှုတွေကို သိလာကြတဲ့အခါ ပူးပေါင်းလုပ်ဆောင်မှုတွေရှိလာပါတယ်။ ဒါပေမယ့် တစ်နိုင်ငံလုံးအတိုင်းအတာအရဆိုရင်တော့ အခက်အခဲရှိနေပါသေးတယ်။

ဒီလိုဆုရတော့ အင်မတန်ဝမ်းသာပီတိဖြစ်ရပါတယ်။ စလုပ်တာက ဆုရဖို့ရည်မှန်းထားတာမှမဟုတ်တာ။ ပေးတဲ့တာဝန်ကို ကျေပွန်အောင် ကိုယ်စွမ်းဉာဏ်စွမ်းရှိသလောက် လုပ်ဆောင်ခဲ့တာပါ။ မထင်မှတ်ဘဲဆုရလို့ အံ့ဩဝမ်းသာမိပါတယ်။ တင်စားပြောရရင် အကယ်ဒမီရလိုက်သလိုမျိုးပေါ့လေ။

**ဗိုလ်မှူးချုပ်မင်းသိန်းတင့်(ရေတပ်ပင်မတိုင်းတာရေးမှူး)**
**တပ်မတော်(ရေ)**

မြန်မာ-ဘင်္ဂလားဒေ့ရှ်ပင်လယ်ပြင်နယ်နိမိတ်အငြင်းပွားမှုမှာ ပင်လယ်ပြင်ဥပဒေဆိုင်ရာ နိုင်ငံတကာခုံရုံးမှာ ဥပဒေနဲ့အညီ အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် အားလုံးကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်။ အဲဒီမှာ အထူးလုပ်ငန်းအဖွဲ့ရှိပါတယ်။ အဲဒီအဖွဲ့အောက်မှာ ဥပဒေကျွမ်းကျင်သူအဖွဲ့ရယ်၊ နည်းပညာကျွမ်းကျင်သူအဖွဲ့ရယ်ဆိုပြီးရှိတဲ့အထဲမှာ နည်းပညာကျွမ်းကျင်သူအဖွဲ့ရဲ့ ဥက္ကဋ္ဌအဖြစ်နဲ့ တာဝန်ယူဆောင်ရွက်ပါတယ်။ မြန်မာ-ဘင်္ဂလားဒေ့ရှ်ပင်လယ်ပြင်နယ်နိမိတ်ပြီးဆုံးသွားတာ ၂၀၁၂ ခုနှစ်ကတည်းကပါ။ အဲဒီမှာ နိုင်ငံတကာတရားဥပဒေနဲ့အညီ ကျွန်တော်တို့တောင်းဆိုတဲ့ နည်းပညာဘက်ဆိုင်ရာတောင်းဆိုချက်တွေအရ အားလုံးမျှမျှတတနဲ့ရရှိခဲ့ပါတယ်။ ဘာပဲပြောပြော ကျွန်တော်တို့တာဝန်ထမ်းဆောင်နေစဉ်ကာလမှာ ကျွန်တော်တို့အနေနဲ့ အရေးကြီးတဲ့ကိစ္စမှာ စိတ်ရောကိုယ်ရော တာဝန်ဆိုတာထက် ကျွန်တော်တို့နိုင်ငံအတွက် မြန်မာ့ပင်လယ်ပြင်မှာရှိနေတဲ့ ရေကြောင်းအကျိုးစီးပွားတွေ၊ ပင်လယ်ပြင်မှာရှိတဲ့ အရင်းအမြစ်တွေအားလုံးကို သတ်သတ်မှတ်မှတ် တိတိကျကျလုပ်နိုင်ကိုင်နိုင်တဲ့ အခွင့်အရေးရရှိဖို့အတွက်ကို ဆုံးဖြတ်ပေးနိုင်တဲ့ တရားမျှတတဲ့နည်းကို ရရှိတဲ့အတွက် ကျွန်တော်တို့ကျေနပ်ပါတယ်။ အခုလို နိုင်ငံတော်က အသိအမှတ်ပြုလိုက်တော့ အများကြီးဝမ်းသာပါတယ်။ ဂုဏ်လည်းဂုဏ်ယူပါတယ်။

**ဦးကျော်ဆန်း(ညွှန်ကြားရေးမှူးချုပ်-ငြိမ်း)**
**ပြည်ထောင်စုရှေ့နေချုပ်ရုံး**

နိုင်ငံတော်သမ္မတကြီးရဲ့ စွမ်းဆောင်ရည်ဆုချီးမြှင့်ခြင်းကို ခံရပါတယ်။ ချီးမြှင့်ခြင်းခံရတဲ့အကြောင်းအရင်းကတော့ မြန်မာ-ဘင်္ဂလားဒေ့ရှ်ရေပိုင်နက်ကို ခွဲခြားသတ်မှတ်တဲ့နေရာမှာ International Tribunal for the Law of the Sea(ITLOS)မှာ မြန်မာနိုင်ငံရဲ့ ပထမဆုံးကိစ္စဖြစ်ပါတယ်။ အဲဒီလိုကိစ္စကို ဆောင်ရွက်တဲ့အခါမှာ ဥပဒေကျွမ်းကျင်သူများအဖွဲ့မှာ ကျွန်တော်က အဖွဲ့ဝင်တစ်ဦးအနေနဲ့ ပါဝင်ခဲ့ပါတယ်။ ပထမဆုံးအနေနဲ့ အပြည်ပြည်ဆိုင်ရာဥပဒေပညာရှင်များကို စတင်ရွေးချယ်တဲ့အချိန်ကတည်းကစပြီး ဆောင်ရွက်ခဲ့ပါတယ်။ အကုန်လုံးကိုလည်း ခက်ခက်ခဲခဲရွေးချယ်ခဲ့ရတယ်။ စုစည်းခဲ့တယ်။ လစဉ်လတိုင်းမှာ မြန်မာ-ဘင်္ဂလားဒေ့ရှ်ရေပိုင်နက်နဲ့ ပတ်သက်တဲ့ကိစ္စတွေကို လေ့လာမှုတွေပြုလုပ်ပြီး ရေးဆွဲခဲ့ပါတယ်။ အဲဒီကိစ္စမှာ သူတို့နိုင်ငံရသင့်ရထိုက်တာလည်းရသလို ကျွန်တော်တို့နိုင်ငံ ရသင့်ရထိုက်တာတွေလည်း မျှမျှတတရရှိခဲ့ပါတယ်။ ဒါကလည်း ကျွန်တော်တို့တင်ပြချက်တွေ ကောင်းခဲ့လို့ပါ။ လေးနှစ်တာကာလအတွင်းမှာရော ဒုတိယညွှန်ကြားရေးမှူးချုပ်တာဝန် ထမ်းဆောင်ခဲ့တဲ့အရင်ကာလမှာရော ဒီအမှုကိစ္စတင်မဟုတ်ဘဲ တခြားကိစ္စရပ်တွေကိုပါ အလုံးစုံပြီးမြောက်အောင် ဆောင်ရွက်နိုင်ခဲ့တဲ့အတွက် နိုင်ငံတော်သမ္မတကြီးက ဒီဆုကို ပေးအပ်ချီးမြှင့်တယ်လို့ သိရပါတယ်။ ချီးမြှင့်ထိုက်တဲ့သူတွေကို ချီးမြှင့်တာလည်း မင်္ဂလာတစ်ပါးပါပဲ။

**ဂီတစာဆို ဟသ်ာတမြင့်ဌေ(မြန်မာနိုင်ငံဂီတအစည်းအရုံးနာယက)**

နိုင်ငံတော်ကနေ အလင်္ကာကျော်စွာဘွဲ့ပေးတာပါ။ ဂီတလောကကို ၁၉၆၂ ခုနှစ်စပြီး ဝင်ရောက်ခဲ့တာပါ။ အခုဆိုရင် နှစ်ပေါင်း ၅၃ နှစ်ရှိသွားပါပြီ။ အဲဒီကာလအတွင်းမှာ သီချင်းတွေအများကြီးရေးခဲ့ပါတယ်။ သီချင်းပုဒ်ရေ ၁၅၀၀ ရေးခဲ့ပါတယ်။ အဲဒီသီချင်းတွေထဲမှာ တိုင်းပြည်အကျိုးပြုတေးတွေ အများကြီးပါတယ်။ အပုဒ် ၆၀၀ လောက်ပါတယ်။ အဲဒီတိုင်းပြည်အကျိုးပြုတေးတွေက ဘယ်သူကမှ ရေးခိုင်းတာမဟုတ်ဘူး။ ကိုယ့်အသိစိတ်နဲ့ ရေးချင်လို့ရေးခဲ့တာပါ။ အဲဒီမှာ နိုင်ငံတော်က စောင့်ကြည့်နေတဲ့အဖွဲ့အစည်းတွေရှိမှာပါ။ တိုင်းကျိုးပြည်ပြုအလုပ်ကို ဘယ်လောက်ထိလုပ်ကိုင်ခဲ့တဲ့ပုဂ္ဂိုလ်ဆိုပြီးတော့ ဂုဏ်ပြုတဲ့သဘောပါ။ အဲဒါကြောင့် နိုင်ငံတော်ကချီးမြှင့်တဲ့ အလင်္ကာကျော်စွာဘွဲ့ကို လာယူတာပါ။ အခုအလင်္ကာကျော်စွာဘွဲ့ရပြီးတဲ့နောက်ပိုင်းမှာလည်း ဒီလိုပဲ တိုင်းပြည်အကျိုးပြုတဲ့တေးတွေရေးဦးမှာပါ။ အရင်ကတော့ အလင်္ကာကျော်စွာဘွဲ့ရဖို့ဆိုတဲ့ ရည်ရွယ်ချက်မျိုးနဲ့ ရေးခဲ့တာမဟုတ်ဘူး။ ပြည်သူပြည်သားတစ်ယောက်အနေနဲ့ အနုပညာရှင်မှမဟုတ်ဘူး ဘယ်လိုပုဂ္ဂိုလ်ပဲဖြစ်ဖြစ် တိုင်းပြည်အတွက် ကိုယ်ကျတဲ့အခန်းကဏ္ဍကနေ တာဝန်ယူပြီးတော့ အလုပ်လုပ်ရမယ်။ တိုင်းပြည်အကျိုးပြုလုပ်ငန်းတွေလုပ်ရမယ်။ ကျွန်တော်ကတော့ အနုပညာသမားဖြစ်တဲ့အတွက် အနုပညာနဲ့ တိုင်းပြည်အတွက် တစ်ထောင့်တစ်နေရာကနေ ပါဝင်ဆောင်ရွက်ဖို့ တာဝန်ရှိလို့ ကိုယ့်အသိစိတ်နဲ့ ကိုယ်လုပ်ခဲ့တာပါ။ အဲဒီအသိစိတ်ကို နိုင်ငံတော်ကနေအသိအမှတ်ပြုတာပါ။

**သတင်းနှင့် ဓာတ်ပုံ-ဟိန်းထက်လင်း၊ နိုင်လင်းကြည်**

## ရန်ကုန်မြို့မှ

ရန်ကုန်မြို့ လူဦးရေတိုးတက်များပြားလာသည်နှင့်အမျှ ကန်တော်ကြီးရေမှ ရေပေးဝေမှုမလုံလောက်တော့သဖြင့် ၁၈၈၄ ခုနှစ်တွင် ဧရိယာ ၁ ဒသမ ၅ စတုရန်းမိုင်ကျယ်ဝန်းသော အင်းလျားကန်ကိုတည်ဆောက်ပြီး အချင်းလက်မ ၃၀ ရေအားဖြည့်ပိုက်လိုင်းဖြင့် ကန်တော်ကြီးကန်သို့ ရေအားဖြည့်၍ ရန်ကုန်မြို့အတွင်းသို့ တိုးချဲ့ပေးဝေခဲ့သည်။

၁၉၀၄ ခုနှစ်တွင် လှော်ကားကန်မှစတင်ရေပေးဝေလာသည့်အခါ ကန်တော်ကြီးနှင့် အင်းလျားကန်တို့မှ ရေပေးဝေမှုများရပ်ဆိုင်းခဲ့ပြီး မြို့တော်သူ မြို့တော်သားများ အနားယူအပန်းဖြေရာ ရေကန်ကြီးအဖြစ် ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြသည်မှာ ယနေ့တိုင်ပင်ဖြစ်သည်။

ပိုမိုကျယ်ပြန့်လာသော ရန်ကုန်မြို့တော်ဧရိယာနှင့် တိုးတက်များပြားလာသော မြို့နေလူဦးရေတို့ကြောင့် ယခင်က အသုံးပြုခဲ့သော ရေပေးဝေရေးစနစ်မှာ လုံလောက်မှုမရှိတော့သဖြင့် ရန်ကုန်မြို့၏မြောက်ဘက် ၁၇ မိုင်ခန့်အကွာ မင်္ဂလာဒုံမြို့နယ်၌ လှော်ကားရေလှောင်ကန်ကို ၁၉၀၀ ပြည့်နှစ်တွင် တည်ဆောက်ခဲ့ရာ ၁၉၀၄ ခုနှစ်တွင် ပြီးစီးခဲ့သည်။ အဆိုပါ ရေလှောင်ကန်မှ ရေကို ဖိုးစိန်လမ်း ရေတွန်းစက်မှတစ်ဆင့် ရွှေတိဂုံဘုရားကန်သို့ ပေးပို့ပြီး လူဦးရေခြောက်သောင်းခွဲကျော်ရှိလာသော ရန်ကုန်မြို့သို့ အချင်း ၄၂ လက်မ သံကြွပ်ရေပိုက်လိုင်း သွယ်တန်း၍ ရေပေးဝေခဲ့သည့်အချိန်မှစ၍ ကန်တော်ကြီးနှင့် အင်းလျားကန်တို့မှ ရေပေးဝေမှုကိုလည်းကောင်း၊ ၁၉၀၆ ခုနှစ်တွင် ရေကူးကန်မှ ရေတွန်းစက်ရုံတည်ဆောက်ပြီးချိန်မှစ၍ ဖိုးစိန်လမ်း ရေတွန်းစက်ရုံမှ ရေပေးဝေမှုကိုလည်းကောင်း ရပ်ဆိုင်းခဲ့သည်။

လှော်ကားရေလှောင်ကန်သည် ရန်ကုန်မြို့နှင့်အနီးဆုံးတွင်တည်ရှိပြီး ရန်ကုန်မြို့တော်သို့ ရေပေးဝေရာတွင် အချက်အချာကျသဖြင့် ရေသိုလှောင်နိုင်မှု စဉ်ဆက်မပြတ်ပြည့်မီစေရန် ဖူးကြီးရေလှောင်ကန်မှ အချင်းလက်မ ၆၀ ကွန်ကရစ်ပိုက်ဖြင့် တစ်နေ့လျှင် ရေဂါလန် ၅၄ သန်းနှင့် ဘားလားချောင်းမှရေကို အောင်တံခွန်ရေပေးဝေရေးစခန်းမှတစ်ဆင့် နေ့စဉ် ရေဂါလန် သန်း ၄၀ တို့ကို အားဖြည့်ပေးပို့လျက်ရှိသည်။

လှော်ကားရေလှောင်ကန်သည် ကန်ရေမျက်နှာပြင်ဧရိယာ ၄ ဒသမ ၄ စတုရန်းမိုင်၊ ကန်ရေသောက်ဧရိယာ ၁၀ ဒသမ ၅ စတုရန်းမိုင်ရှိပြီး ရေဂါလန် သန်း ၁၂၀၀၀ သိုလှောင်ထားနိုင်သည်။ ရန်ကုန်မြို့တော်သို့ အချင်း ၄၂ လက်မ သံကြွပ်ပိုက်ဖြင့် နေ့စဉ်ရေဂါလန် ၁၄ သန်းကို မြေဆွဲအားစနစ်ဖြင့်လည်းကောင်း၊ ဖူးကြီးရေလှောင်ကန်မှ အားဖြည့်သော ရေဂါလန် ၅၂ သန်းကို အချင်း လက်မ ၆၀ ကြိုတင်အားဖြည့်ကွန်ကရစ်ပိုက်ဖြင့် ရေတွန်းစက်ကြီးများ အသုံးပြု၍လည်းကောင်း ရေပေးဝေသည်။

လှော်ကားရေလှောင်ကန်မှ ရန်ကုန်မြို့တွင်းသို့ ပေးဝေသော အချင်း ၄၂ လက်မရှိ ရေပို့ပိုက်လိုင်းတွင် ရေဖိအားလုံလောက်မှုမရှိသောကြောင့် ၁၉၀၆ ခုနှစ်တွင် ရေကူးရေတွန်းစက်ရုံကိုတည်ဆောက်ခဲ့ပြီး ကျောက်မီးသွေးလောင်စာသုံးရေနွေးငွေ့အင်ဂျင်ရေတွန်းစက်ခြောက်လုံးတပ်ဆင်၍ ရန်ကုန်မြို့တွင်းသို့ ရွှေတိဂုံဘုရားကန်မှတစ်ဆင့် ရေပေးဝေခဲ့သည်။ ၁၉၂၀ ခုနှစ်တွင် ကုက္ကိုင်းရေလှောင်ကန် တည်ဆောက်ပြီးစီးသည့်အခါ ကုက္ကိုင်းကန်မှတစ်ဆင့် ရန်ကုန်မြို့တွင်းသို့ ရေပေးပို့နိုင်ခဲ့သည်။ ၁၉၆၄ ခုနှစ်တွင် ပြင်သစ်နိုင်ငံထုတ် ရေတွန်းစက်ခုနစ်လုံးကို တပ်ဆင်ပြီး ယင်းရေတွန်းစက်များဖြင့် ဂျိုးဖြူရေလှောင်ကန်မှရေကို ကုက္ကိုင်းရေလှောင်ကန်မှတစ်ဆင့် ရန်ကုန်မြို့တွင်းသို့ တိုးချဲ့ရေပေးဝေခဲ့သည်။ ၁၉၉၀ ခုနှစ်တွင် လက်ရှိအသုံးပြုနေသော ဂျာမနီနိုင်ငံထုတ်ရေတွန်းစက်များဖြင့် ပြောင်းလဲတပ်ဆင်ခဲ့ပြီး အချင်း ၅၆ လက်မရှိ ရေပို့ပိုက်ဖြင့် ကုက္ကိုင်းကန်သို့ ရေပေးပို့ခဲ့သည်။ ၂၀၀၇ ခုနှစ်တွင် ဂါလန်တစ်သန်းဆံ့ရေလှောင်ကန်နှင့် ရေတွန်းစက်လေးလုံးပါဝင်သော ရေတွန်းစက်ရုံသစ်ကို တည်ဆောက်ခဲ့သည်။ ယခုအခါ ရေကူးရေတွန်းစက်ရုံရှိရေတွန်းစက်ရုံအသစ်နှင့် စက်ရုံအဟောင်းမှ တစ်နေ့လျှင် ရေဂါလန်သန်း ၄၀ ကို ကုက္ကိုင်းရေလှောင်ကန်သို့ နေ့စဉ်ပေးပို့နေသည်။ ၁၉၂၅ ခုနှစ်တွင် ဂါလန်သန်း ၂၀ ဆံ့ ကုက္ကိုင်းရေလှောင်ကန်ကိုလည်းကောင်း၊ ၁၉၂၇ ခုနှစ်တွင် မင်္ဂလာဒုံစမ်းကြီးဝ ရေတွန်းစက်ရုံကိုလည်းကောင်း တည်ဆောက်ပြီး ရန်ကုန်မြို့တော်သို့ ရေပိုမိုပေးဝေခဲ့သည်။

၁၉၄၀ ခုနှစ်တွင် လူဦးရေတိုးတက်များပြားလာသည်နှင့်အမျှ သောက်သုံးရေဖူလုံစွာ ရရှိနိုင်ရေးအတွက် ဂျိုးဖြူရေလှောင်ကန်ကို တည်ဆောက်ခဲ့သည်။ ရန်ကုန်မြို့မှ ၄၆ မိုင်ကွာဝေးသော တိုက်ကြီးမြို့နယ်တွင်တည်ရှိသည့် ဂျိုးဖြူရေလှောင်ကန်ကို ၁၉၃၇ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၁၉၄၀ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့သည်။ ဂျိုးဖြူရေလှောင်ကန်မှရေကို ရေကူးရေတွန်းစက်ရုံမှ ရေတွန်းစက်ကြီးများဖြင့် ကုက္ကိုင်းရေလှောင်ကန်မှတစ်ဆင့် ရန်ကုန်မြို့တွင်းသို့ တိုးချဲ့ဖြန့်ဝေပေးသည်။ ရေပို့ပိုက်ကြီးမှာ ၅၆ လက်မ သံမဏိရေပို့ပိုက်မကြီးဖြစ်ပြီး ဂျိုးဖြူကန်မှ ကုက္ကိုင်းရေလှောင်ကန်အထိ ၄၃ မိုင်ရှည်သည်။

ထို့နောက် ဖူးကြီးရေလှောင်ကန်ကို ထပ်မံတည်ဆောက်ခဲ့သည်။ ၎င်းရေလှောင်ကန်သည် ရန်ကုန်မြို့မှ ၃၂ မိုင် ကွာဝေးပြီး တိုက်ကြီးနှင့် မှော်ဘီမြို့နယ်ကြားတွင် တည်ရှိသည်။ ယင်းရေလှောင်ကန်ကို ၁၉၇၉ ခုနှစ်တွင် တည်ဆောက်ခဲ့ပြီး ၁၉၈၄ ခုနှစ်တွင် ပြီးစီး၍ ရေများစတင်သိုလှောင်ခဲ့ကာ ၁၉၈၉ ခုနှစ်တွင် ဖူးကြီးရေလှောင်ကန်မှ ရေများကို လှော်ကားကန်အတွင်းသို့ အားဖြည့်ပေးပို့သည်။ တမံအမျိုးအစားမှာ မြေသားတမံဖြစ်ပြီး ရေကာတာအရှည်မှာ ပေ ၁၀၀၀၀ ခန့်ရှိ၍ တမံအမြင့်မှာ ၇၄ ပေရှိရာ ကန်ရေပြည့်ချိန်တွင် ရေဂါလန်သန်းပေါင်း ၂၃၀၀၀ သိုလှောင်နိုင်သည်။

ရန်ကုန်မြို့တော်တွင် ၂၀၀၅ ခုနှစ်မတိုင်မီ လှော်ကား၊ ဂျိုးဖြူ ဖူးကြီးရေလှောင်ကန်များနှင့် အဝီစိတွင်းများမှ တစ်နေ့လျှင် သောက်သုံးရေ ရေဂါလန် ၈၅ သန်းထိသာပေးဝေနိုင်ခဲ့သဖြင့် ရေလိုအပ်ချက်ကို လုံလောက်စွာဖြည့်ဆည်းပေးနိုင်ရန် တစ်နေ့လျှင် ရေဂါလန်သန်း ၉၀ ပေးဝေနိုင်မည့် ငမိုးရိပ်ရေပေးဝေရေးစီမံကိန်း (ညောင်နှစ်ပင်)ရေသန့်စင်စက်ရုံကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပေသည်။

# ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် တည်ဆောက်ရေးလုပ်ငန်းများ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ လှည့်လည်စစ်ဆေး

**ရန်ကုန် ဖေဖော်ဝါရီ ၉**

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်ဥက္ကဋ္ဌ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်ယော်၊ ကော်မရှင်အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၉ ရက် နံနက်ပိုင်းတွင် ကော်မရှင် ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်နေသော Yangon Aerodrome Co., Ltd. မှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် အဆင့်မြှင့်တင်ခြင်း တည်ဆောက်ရေးလုပ်ငန်းခွင်အား သွားရောက်စစ်ဆေးကြည့်ရှုကြသည်။

ရှေးဦးစွာ ကော်မရှင်ဥက္ကဋ္ဌက လေဆိပ်အဆောက်အအုံသစ်၏ မြေညီထပ်အတွင်း ဆိုက်ရောက် ခရီးသည်များ Check - in Check - out ဆောင်ရွက်မည့်နေရာနှင့် နားခိုမည့်နေရာ၊ ခရီးဆောင်အိတ်များအား စနစ်တကျ ကိုင်တွယ်ဖြေရှင်းမည့်နေရာများ၊ အကောက်ခွန်ဧရိယာ တည်ဆောက်နေမှုအခြေအနေ၊ ပထမထပ်အတွင်း နိုင်ငံကူးလက်မှတ်စစ်ဆေးမည့်နေရာ၊ ထွက်ခွာမည့်ဂိတ်နေရာ၊ Terminal နှင့် ခရီးသည်များ ဝင်ထွက်သွားလာမည့် ပေါင်းကူးတံတား တည်ဆောက်နေမှုများ၊ ဒုတိယထပ်အတွင်း ဈေးဆိုင်များနှင့် စားသောက်ဆိုင် များထားရှိမည့်နေရာ၊ တတိယထပ် အတွင်း Terminal နှင့် ပေါင်းကူး တံတား တည်ဆောက်နေမှုတို့၏ တိုးတက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ရှင်းလင်းဆောင်အတွင်း Yangon Aerodrome Co., Ltd. ဥက္ကဋ္ဌ ဦးထွန်းမြင့်နိုင်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ဖွံ့ဖြိုးတိုးတက်မှုဖြစ်စဉ်များ၊ ခရီးသည်များ ဝင်ထွက်သွားလာမှုနိုင်မှု အခြေအနေများ၊ အဆင့်(၃)ဆင့်ဖြင့် အကောင်အထည်ဖော်ဆောက်ရွက်နေသည့် စီမံကိန်းလုပ်ငန်းများ၊ လက်ရှိလေဆိပ်၏ facilities အခြေအနေများနှင့် တည်ဆောက်ပြီးနောက် ဖြစ်ပေါ်လာမည့် facilities အခြေအနေများ၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၏ Project Master Plan ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် လေဆိပ်လုပ်ငန်းများ စီမံခန့်ခွဲဆောင်ရွက်မှု၊ လွှဲပြောင်းဆောင်ရွက်နေသည့် အခြေအနေများနှင့် လေယာဉ်ရပ်နားရန် Apron တည်ဆောက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်ယော်က တည်ဆောက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ကော်မရှင်အဖွဲ့ဝင် အသီးသီးက လိုအပ်သည့် အကြံပြုချက်များ၊ ဆက်လက် ဆောင်ရွက်မည့်ကိစ္စများအား ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် မြန်မာနိုင်ငံနှီးမြှုပ်နှံမှု ကော်မရှင်ဥက္ကဋ္ဌက လေဆိပ်ဘေးကင်းလုံခြုံမှုအစီအစဉ်များ စနစ်တကျ စီမံထားရှိရန်၊ လေဆိပ်အဆင့်မြှင့်တင်ရေး လုပ်ငန်းကို နိုင်ငံတကာ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်၍ အချိန်မီပြီးစီးအောင်ဆောင်ရွက်ရန်၊ စီမံကိန်းလုပ်ငန်းအား ဆောင်ရွက်ရာတွင် ဘေးအန္တရာယ်ကင်းရှင်းရေးကို ဂရုပြုဆောင်ရွက်ရန်၊ ခရီးစဉ်နှင့် ခရီးသည်များ အရေအတွက်ပေါ်မူတည်၍ တိုးချဲ့ဆောင်ရွက်ရန် လိုအပ်ပါက သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း၍ ကော်မရှင်သို့ တင်ပြဆောင်ရွက်ရန်၊ အန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်ထားရှိမှု၊ လိုအပ်သောနေရာချထားမှု၊ ပြေးဆွဲမည့် လေယာဉ်များ စီမံထားရှိမှုတို့ကို သက်ဆိုက်ရာ တာဝန်ခံဝန်ကြီးဌာနနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားရန်၊ တာဝန်ခံထားသည့် ကတိကဝတ်များအတိုင်း ဆောင်ရွက်ရန်၊ လိုအပ်သော အုပ်ချုပ်ထောက်ပံ့မှုအစီအစဉ်များ ဆက်လက်ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီကထုတ်ပေးထားသည့် မှတ်ပုံတင်လက်မှတ်မရှိဘဲ အင်ဂျင်နီယာလုပ်ငန်းများ လုပ်ကိုင်ပါက အရေးယူခံရနိုင်

**ရန်ကုန် ဖေဖော်ဝါရီ ၉**

မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီက ထုတ်ပေးထားသည့် မှတ်ပုံတင်လက်မှတ်မရှိပါက မည်သည့် အင်ဂျင်နီယာလုပ်ငန်းမျှ ပြုလုပ်ခွင့်မရှိကြောင်းနှင့် အကယ်၍ ချိုးဖောက်ပါက ဥပဒေအရအရေးယူခံရနိုင်ကြောင်း ဖေဖော်ဝါရီ ၈ ရက်က ရန်ကုန်မြို့ အင်းစိန်မြို့နယ် ရန်ကုန်နည်းပညာ တက္ကသိုလ်တွင် ပြုလုပ်သည့် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၏ စတုတ္ထအကြိမ်မြောက် အာဆီယံပရိုညာဉ်ခံ အင်ဂျင်နီယာ ပညာရှင် (ACPE) နှင့် မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်(PE)လက်မှတ်များပေးအပ်ပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဥက္ကဋ္ဌ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာဝင်းမြင့်က ပြောကြားခဲ့သည်။

"နာမည်တွေရှေ့မှာ Engr. တပ်တာ ဘာမှမပြောလိုပေမယ့် ကောင်စီကထုတ်ပေးထားတဲ့ မှတ်ပုံတင်လက်မှတ်မရှိလျှင် မည်သည့် အင်ဂျင်နီယာလုပ်ငန်းမျှ မလုပ်ရလို့ ပုဒ်မ ၃၇ က ပြဋ္ဌာန်းထားတာဖြစ်တဲ့အတွက် အဲဒါကို ချိုးဖောက်ရင်တော့ ဥပဒေနှင့်အညီ ပုဒ်မ ၄၀နဲ့ အရေးယူခံရနိုင်စရာရှိပါတယ်" ဟု ဒုတိယဝန်ကြီးက ပြောသည်။

၎င်းက ဆက်လက်၍မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီတွင် မှတ်ပုံတင်ထားသည့် အင်ဂျင်နီယာများ အနေဖြင့် ပညာရှင်တစ်ယောက်နှင့် လျော်ညီသည့် ကျင့်ဝတ်သိက္ခာများကို စောင့်ထိန်းရန် လိုအပ်ကြောင်း၊ ကောင်စီက ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများကိုလည်း အလေးထားရန်လိုအပ်ကြောင်း၊ စည်းမျဉ်းစည်းကမ်းနှင့် မညီပါက အင်ဂျင်နီယာကောင်စီက ထုတ်ပေးထားသည့် လိုင်စင်ကို ပြန်လည်ရုပ်သိမ်းမည်ဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီက ထုတ်ပေးသည့် မှတ်ပုံတင်လက်မှတ်ရှိသည့် အင်ဂျင်နီယာများကိုသာ ဥပဒေဖြင့် ကာကွယ်ပေးသွားမည်ဖြစ်ပြီး ကောင်စီပြင်ပမှ ကျန်အင်ဂျင်နီယာများကို အကာအကွယ်ပေးမည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။

ယခင်က အင်ဂျင်နီယာ အသိအမှတ်ပြုလက်မှတ်ကို စည်ပင်သာယာရေးကော်မတီမှ ထုတ်ပေးခဲ့ရာမှ ၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဖွဲ့စည်းပြီး နောက်ပိုင်းအသိအမှတ်ပြုလက်မှတ်များကို ကောင်စီမှထုတ်ပေးခဲ့ကြောင်း၊ ဤကဲ့သို့ မှတ်ပုံတင်လက်မှတ် (လိုင်စင်များ) ထုတ်ပေးရာတွင် "အများပြည်သူ၏ အသက်အိုးအိမ် စည်းစိမ်လုံခြုံရေးသည် အခရာ"ဆိုသည့်အတိုင်း နိုင်ငံတကာအင်ဂျင်နီယာကောင်စီများ၏ စံနှုန်းဖြင့် ထုတ်ပေးခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီမှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်နှင့်စက်မှုဝန်ကြီး ဦးညဏ်ထွန်းဦးက "နိုင်ငံတကာနဲ့အညီ အရည်အသွေးရှိတဲ့ အင်ဂျင်နီယာတွေ ဖြစ်လာစေဖို့ ပြည်သူတွေ နေထိုင်စားသောက်ရေးကိစ္စရပ်တွေမှာ ကျွမ်းကျင်တဲ့ အင်ဂျင်နီယာတွေရှိမှသာ ဘေးအန္တရာယ်ကင်းကင်းနဲ့ ပြည်သူတွေ လုံခြုံစိတ်ချစွာနေနိုင်မယ်။ အဆင့်မြင့်စွာနေနိုင်မယ်။ ဒါတွေကို မျှော်တွေးပြီး အင်ဂျင်နီယာပညာအောင်မြင်ပြီးတဲ့ သူတိုင်းကို လက်ရှိအရည်အချင်းထက် ပိုမိုပြည့်စုံစေဖို့ နိုင်ငံတကာအဆင့်ရှိစေချင်လို့ အခုလို Cartificate ပေးတာပါ"ဟု ပြောသည်။

မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီအနေဖြင့် စတုတ္ထအကြိမ်မြောက် ကျင်းပသည့် လက်မှတ်ပေးအပ်ပွဲတွင် ACPE ၂၉ ဦး၊ PE ၅၉ ဦးနှင့် RSE ၃၆၀ ကျော် ပေးအပ်ခဲ့ပြီး ယနေ့အချိန်ထိ ACPE ၁၄၇ ဦး၊ PE ၃၆၂၈ ဦးနှင့် RSE ၄၉၈ ဦး မွေးထုတ်ပေးနိုင်ခဲ့ပြီး ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီအနေဖြင့် မြန်မာနိုင်ငံ အင်ဂျင်နီယာပညာရေးကို ASEAN တွင် ပထမအဆင့်၊ FEIAP တွင် ဒုတိယအဆင့်နှင့် နောက်ဆုံးရည်မှန်းချက် ပန်းတိုင်အဖြစ် Washington Accord တွင် ပါဝင်လက်မှတ်ရေးထိုးနိုင်သည့် Signatory Status အဆင့်အထိ မြှင့်တင်နိုင်ရန် ရည်မှန်းထားကြောင်း သိရသည်။ **(သီသီမင်း)**

## ၂၀၁၆ ခုနှစ် (၆၉)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုကြီးထာဝရတည်တံ့ခိုင်မြဲရေးနှင့် တိုင်းရင်းသားအားလုံး ပြည်ထောင်စုစိတ်ဓာတ်မွေးမြူရေး။

(၂) ပြည်ထောင်စုကြီးအတွင်း တိုင်းရင်းသားအားလုံး ဥမကွဲသိုက်မပျက် အတူတကွ ပူးပေါင်းနေထိုင်ရေး။

(၃) ရရှိထားပြီးဖြစ်သည့် အမျိုးသားပြန်လည်စည်းလုံး ညီညွတ်မှုကို ခိုင်မာအောင် တည်ဆောက်ရေး။

(၄) တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို နိုင်ငံသားအားလုံး အသိစိတ်ဓာတ်ဖြင့် ပါဝင်ဆောင်ရွက်ရေး။

(၅) တိုင်းပြည်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်အောင် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ ဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်ရေး။

## ပြည်ထောင်စုနေ့ အတွေး

❖ ညီအောင်ကိုယ်ပြု၊ ပြည်ထောင်စုတည့်
မျက်ရှုစံထား၊ ညီနောင်ဖွားတို့
ကိုယ့်အားကိုယ့်မာန်၊ ကိုယ့်သက်နံ့၍
ကိုယ်ခံအင်အား၊ လေ့ကျင့်ထားလျက်
တစ်ပါးလက်အောက်၊ သက်မပျောက်လေ
မဖောက်မပြန်၊ မကြောက်ဟန်နှင့်
တန်ပြန်ထိုးနှက်၊ လွတ်လပ်ရက်မှ
ပေးဆက်လက်များ၊ ညီညွတ်အားဖြင့်
ဆုပ်ထားစမ်းပါ - ဖြတ်မလွှတ်၊
ညီညွတ်ခြင်း၏ - မြတ်အထွတ်။
❖ ညီအောင်စိတ်ရှု၊ ပြည်ထောင်စုတည့်
ကိုယ်မှုမူရာ၊ စိတ်မူရာတို့
ကြင်နာတတ်သိ၊ ပညာပြည့်စေ
ဖမိမျိုးဆွေ၊ ထင်းစီးပြေက
ချိုးလေတိုင်းကျိုး၊ မဲ့တန်ဖိုးနှင့်
သွေးထိုးလုပ်ကြံ၊ နယ်ချဲ့ရန်မှ
တွန်းလှန်တိုက်ဖျက်၊ လွတ်လပ်ရက်သို့
စိတ်စက်တန်ခိုး၊ ထိပ်ထက်နှိုး၍
မျိုးချစ်စိတ်ထား - ညီနောင်ရှု၊
တိုးသစ်မိတ်များ - ပြည်ထောင်စု။
❖ ကိုယ်ကျင့်စိတ်ကျင့်၊ မြင့်အောင်မြှင့်၍
လက်နှင့်အလုပ်၊ စက်ဖြင့်ထုတ်လျက်
ကြိုးကုတ်စနစ်၊ တိုးတက်ခေတ်သို့
ဉာဏ်သစ်ခင်းရာ၊ ဖွံ့ဖြိုးလာခဲ့
မြန်မာလူ့ဘောင်၊ ကျက်သရေဆောင်သည်
ပြည်ထောင်စုနေ့ အတွေးများ၊
ညီအောင်ပြုပဲ့ အရေးထား။

ဖျာပုံမောင်မောင်စန္ဒာ

# ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ကို ရွေးကောက်တင်မြှောက်

**ရန်ကုန် ဖေဖော်ဝါရီ ၉**

ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့အဖြစ် ဖေဖော်ဝါရီ ၈ ရက် နံနက် ၁၀ နာရီက ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်တွင် ကျင်းပခဲ့သည်။

ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့တွင် သဘာပတိအဖြစ် မရမ်းကုန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) မှ ဒေါ်မိုးမိုးစုကြည်က တာဝန်ယူဆောင်ရွက်ခဲ့ပြီး သဘာပတိအဖြစ် ကတိသစ္စာပြုခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်များ ကတိသစ္စာပြုခြင်းတို့ကို ဆောင်ရွက်သည်။ ပထမနေ့အစည်းအဝေးသို့ လွှတ်တော်ကိုယ်စားလှယ် ၁၂၃ ဦးအနက် ၁၂၂ ဦးတက်ရောက်ပြီး တစ်ဦးခွင့်တိုင်ကြားကာ သဘာပတိက လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်း ကြေညာ၍ လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌရွေးချယ်ခြင်းကို ဆောင်ရွက်ခဲ့သည်။

ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဒဂုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးတင်မောင်ထွန်းအား ရွေးကောက်တင်မြှောက်ခဲ့ပြီး ဒုတိယဥက္ကဋ္ဌအဖြစ် ကမာရွတ်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးလင်းနိုင်မြင့်အား ရွေးကောက်တင်မြှောက်ခဲ့သည်။ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က ကတိသစ္စာပြုပြီးနောက် သဘာပတိက လွှတ်တော်ဥက္ကဋ္ဌအား တာဝန်လွှဲအပ်ကာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြား၍ အစည်းအဝေးကို ရပ်နားခဲ့သည်။

ယနေ့ ကျင်းပခဲ့သော ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ကို တက်ရောက်သတင်းရယူခဲ့သော သတင်းမီဒီယာများ များပြားခဲ့ပြီး လေ့လာသူများလည်း များပြားခဲ့ကြောင်း သိရသည်။ လေ့လာသူများတွင် ပါတီများမှ တာဝန်ရှိသူများအပြင် သံတမန်များ၊ နိုင်ငံခြားဧည့်သည်များဖြင့် လေ့လာသူများပြားခဲ့ကြောင်း သိရသည်။

**(၀၀၁)**

# ရုပ်မြင်သံကြားအစီအစဉ်များ

[၁၀ - ၂ -၂၀၁၆ (ဗုဒ္ဓဟူးနေ့)]

## မြန်မာ့ရုပ်မြင်သံကြား News Channel

၆း၀၀ တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၃၅ မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ စကားဝိုင်း (2016 Myanmar investment outlook Seminar) (အပိုင်း-၃)
၈း၃၅ ပြည်သူတို့ရဲ့စကားသံများ
၁၀း၃၅ အောင်မြင်သူနှင့် အတူ (I Myan mar House Com မှ ဦးနေမင်းသူနှင့် တွေ့ဆုံခြင်း)
၁၁း၃၅ မြန်မာ့ရုပ်မြင်သံကြားပညာရေး အစီအစဉ်
၁၂း၃၅ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား နှစ်(၇၀)ပြည့် အထိမ်းအမှတ် မြန်မာသံစဉ်ဂန္ထဝင်သီချင်းများ (တက္ကသိုလ်လှဲ့လှဲ့၊ ရာဇာဝင်းတင့်)
၁း၁၅ ပြည်သူတို့ထံပျံ့သန်းလာသောလေလှိုင်းများ၏ နှစ် (၇၀)ပြည့်မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနုပညာသည်တို့၏ ပီတိများ၏ (အပိုင်း-၂) (ဒါရိုက်တာ-ဦးအောင်မြင့်မြတ်)
၂း၃၅ မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့ [မင်းထွဋ် (STL)နှင့် စောဖြိုးဝေ (အဖြူရောင်သွေးသစ်)]
၃း၃၅ မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ စကားဝိုင်း (2016 Myanmar investment outlook Seminar) (အပိုင်း-၃)
၄း၃၅ Football Magazine (ရန်ကုန်ယူနိုက်တက်)
၅း၁၅ မြန်မာ့ရုပ်မြင်ဝန်ထမ်းဘဝ အစပြုရာဝယ်
၅း၄၅ စက္ကန့်လေးတွေစနစ်ထားမယ်
၆း၁၅ ဂုဏ်ပြုတင်ပြနိုင်ငံတကာ သတင်းကဏ္ဍ
၆း၃၀ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှစ်(၇၀)ပြည့်အထိမ်းအမှတ်ဆိုကြမယ်၊ ပျော်ကြမယ် ဆု(၃)ကြိမ်နှင့် အထက်ရရှိသူများ၏ ဖျော်ဖြေမှု အစီအစဉ်
၆း၄၅ နှစ်(၇၀)မပစ်ပယ်အငြိမ့်သဘင်လောကနယ်
၇း၁၀ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နှစ်(၇၀)ပြည့်အထိမ်းအမှတ် ဆိုကြမယ်၊ ပျော်ကြမယ်ဆု(၃) ကြိမ်နှင့် အထက်ရရှိသူများ၏ ဖျော်ဖြေမှုအစီအစဉ်
၇း၂၅ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှစ် (၇၀) ပြည့်အထိမ်းအမှတ်စတီရီယိုတေးသံရှင်များ၏ ဖျော်ဖြေမှုအစီအစဉ်
၈း၀၀ ပြည်တွင်းသတင်း၊နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၈း၃၀ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နှစ်(၇၀)ပြည့်အထိမ်းအမှတ် မြန်မာသံစဉ်ဂန္ထဝင်သီချင်းများ (မာမာအေး)
၉း၀၀ ပြည်တွင်းသတင်း -ဆိုပျော်နိဒါန်းအစအမှတ်တရ

**မှတ်ချက်။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

## မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

၆း၀၀ အဖွင့် -နှောင်းခေတ်တေးပဒေသာ
၆း၂၀ ပြည်သူ့နီတိ "မှားယွင်းသောအမှန်"
၆း၄၀ ဝတ်စားဆင်ယင်မှုပြပွဲ
၇း၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ" (အပိုင်း-၅၉)
၇း၅၀ နိုင်ငံခြားဇာတ်လမ်းတွဲ "ရွှေထီးဆောင်းမိသားစု" (အပိုင်း-၅)
၈း၄၀ တေးဂီတအစီအစဉ်
၈း၄၅ Catch Asia News (Part-28)
၉း၀၀ ပြန်ကြားရေးဝန်ကြီးဌာန နိုင်ငံတော်သံစုံတီးဝိုင်းကြီးနှင့် မြန်မာ့အသံခေတ်ပေါ်တေးဂီတ
၉း၂၅ မြန်မာရုပ်ရှင်(ဖြူ/မည်း) "သမီးချော" (ကောလိပ်ဂျင်နေဝင်း၊ ဇော်လွင်၊ ဝါဝါဝင်းရွှေ၊ မိုးမမမျိုး) (ဒါရိုက်တာ-မျိုးအောင်)

**တစ်နေ့(၆)နာရီစာ (၄)ကြိမ်ပြသပါမည်။**

## MRTV- 4

၅း၀၀ ပဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
၅း၄၀ "ချစ်ကြည်ရေးနှင့် စည်းလုံးညီညွတ်ရေးအကြောင်း" တရားတော် (ပါမောက္ခချုပ် ဆရာတော် ဒေါက်တာဘဒ္ဒန္တ နန္ဒမာလာ ဘိဝံသ)
၆း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြွင်နာလက်ကလေး" (အပိုင်း-၉၈)
၇း၅၀ ရန်ကုန်မြင်ကွင်းကျယ်
၈း၀၀ "မင်္ဂလာပါ" The Morning Show
၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၁၇)
၁၀း၁၀ ခေတ်သစ်ပျိုမေ
၁၀း၅၅ အနုပညာမိုးကောင်းကင်
၁၁း၂၀ ဟင်းချက်ရအောင်
၁၁း၄၀ MRTV-4 Stage
၁၂း၁၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဂန္ထဝင်ကုန်သည်"(အပိုင်း-၉)
၁၂း၄၅ ရန်ကုန်မြင်ကွင်းကျယ်
၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "မေတ္တာအသည်းမြွာ" (အပိုင်း-၁၆)
၃း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြွင်နာလက်ကလေး" (အပိုင်း-၉၈)
၃း၄၀ ရန်ကုန်မြင်ကွင်းကျယ်
၆း၁၀ Health Fix
၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြွင်နာလက်ကလေး" (အပိုင်း-၉၉)
၇း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "မေတ္တာအသည်းမြွာ" (အပိုင်း-၁၇)
၈း၁၀ ရသစုံညွှန်းတမ်းများ
၈း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၁၈)
၉း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဂန္ထဝင်ကုန်သည်" (အပိုင်း-၁၀)
၉း၄၅ အနုပညာမိုးကောင်းကင်
၁၀း၁၀ Let's Talk
၁၀း၄၀ MRTV-4 Stage
၁၁း၁၀ World of Knowledge (Operation Cruise Ship)

# "ဘယ်လိုဇာတ်ကောင်နေရာမဆို သရုပ်ဆောင်နိုင်တဲ့သူတစ်ယောက် ဖြစ်ချင်တယ်"

မင်းလှသား

## ရွှေပိုးအိမ်



***အနုပညာသက်တမ်း ငါးနှစ်ခန့်တွင် သရုပ်ဆောင်နယ်ပယ်၌ နေရာတစ်နေရာကို ရယူပိုင်ဆိုင်ထားနိုင်ခဲ့သော သရုပ်ဆောင် ရွှေပိုးအိမ်နှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ကြေးမုံပရိသတ်ကြီးထံ ဝေမျှလိုက်ရပါသည်။***

**ရွှေပိုးအိမ်ရဲ့ လတ်တလောအနုပညာလှုပ်ရှားမှုအကြောင်း ပြောပြပေးပါ-**

လတ်တလောအနေနဲ့ ဒါရိုက်တာကိုညိုမင်းလွင်ရိုက်ကူးတဲ့ မေထုံရာသီဖွားဆိုတဲ့ဇာတ်ကားမှာ ပါဝင်သရုပ်ဆောင်နေပါတယ်။

**အနုပညာအလုပ် စတင်ဖြစ်ခဲ့ပုံအကြောင်းပြောပေးပါဦး-**

ရွှေပိုးက မာန်ထက်ချိ သရုပ်ဆောင်ရွေးချယ်ပွဲကနေ ရွေးချယ်ခံရပြီး အနုပညာလောကထဲရောက်လာတာ လေးနှစ်ခွဲ ငါးနှစ်လောက်ရှိပြီ။ အမှတ်တရတွေလည်း အများကြီးရှိတယ်။ လွဲခဲ့တဲ့ အလွဲအချော်တွေရော၊ အခက်အခဲတွေရောပေါ့။ နယ်တွေမှာသွားပြီးရိုက်ရတဲ့ ခရီးတွေရော အမှတ်တရတွေကအများကြီးပါပဲ။

**အခုအချိန်ထိ ဇာတ်ကားဘယ်လောက်ရိုက်ကူးပြီးပြီလဲ-**

အခုအချိန်ထိ ရုပ်ရှင်ကားကြီး ငါးကားနဲ့ ဗီဒီယိုဇာတ်ကားပေါင်း ၆၀ ကျော် ရိုက်ကူးပြီးပါပြီ။ နောက်ဆုံးထွက်တဲ့ ဇာတ်ကားက တလွဲစိန်ဆိုတဲ့ဇာတ်ကားပါ။ ကိုပြေတီဦး၊ မအိချောပိုတို့နဲ့အတူ သရုပ်ဆောင်ထားတာပါ။ အဲဒီကားမှာ မအိချောပိုရဲ့ အစ်မစမ်းကွဲအနေနဲ့ သရုပ်ဆောင်ထားပါတယ်။

**သရုပ်ဆောင်တစ်ယောက်ဖြစ်လာတဲ့အခါ တွေ့ကြုံရတဲ့အခက်အခဲတွေကို ဘယ်လိုဖြတ်ကျော်ခဲ့လဲ-**

အခက်အခဲတွေက အခုအချိန်ထိ အများကြီးပါပဲ။ အခက်အခဲတွေကြုံလာတဲ့အခါ ကိုယ်ဒီအလုပ်ကို ဘယ်လောက်ရူးသွပ်သလဲဆိုတာ ပြန်စဉ်းစားတယ်။ ဒီအလုပ်ကို တကယ်ဝါသနာပါတယ်။ ငယ်ငယ်ကတည်းက ဖြစ်ချင်ခဲ့တဲ့အိပ်မက်ဆိုတော့ အခက်အခဲကြုံလာတဲ့အခါ ကိုယ်ဖြစ်ချင်ခဲ့တဲ့အရာတစ်ခုကို ဖြစ်ခွင့်ရခဲ့တာပဲ၊ ဆက်ပြီးကြိုးစားမယ်ဆိုတဲ့စိတ်နဲ့ စိတ်ဓာတ်မကျဘဲ ကြိုးစားခဲ့ပါတယ်။

**ရွှေပိုးအိမ်ရဲ့ ငယ်ဘဝဖြတ်သန်းမှုနဲ့ မိသားစုအကြောင်း ပြောပြပါဦး-**

သူငယ်တန်းကနေ ဆယ်တန်းအထိ အထက(၂)လသာမှာတက်တယ်။ တက္ကသိုလ်ဝင် စာမေးပွဲအောင်တာက ၂၀၀၈ ခုနှစ်မှာပါ။ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်မှာ အဝေးသင်တက်ရောက်ခဲ့ပြီး ဘီအေ(မြန်မာ)နဲ့ ကျောင်းပြီးခဲ့ပါတယ်။ ရွှေပိုးတို့က မိသားစုငါးယောက်ရှိပါတယ်။ မောင်နှမသုံးယောက်ရှိတယ်။ အစ်ကိုနဲ့ အစ်မရှိတယ်။ ရွှေပိုးကအငယ်ဆုံး၊ အဖေနဲ့အစ်ကိုက ဆုံးသွားပါပြီ။ သာကေတမှာ နေပါတယ်။

**သရုပ်ဆောင်တဲ့အခါ ဘယ်လိုဇာတ်ကောင်မျိုး သရုပ်ဆောင်ရတာ ပိုပြီးအားသန်လဲ-**

ရွှေပိုးက သရုပ်ဆောင်ကောင်းတစ်ယောက်ဖြစ်ချင်တယ်။ ဘယ်လိုဇာတ်ကောင်နေရာမဆို သရုပ်ဆောင်နိုင်တဲ့သူတစ်ယောက် ဖြစ်ချင်တယ်။ ဘယ်လောက်ပဲပင်ပန်းပင်ပန်း၊ အခက်အခဲဖြစ်ဖြစ် ဇာတ်ကားထွက်တဲ့အခါနဲ့ နယ်တွေသွားတဲ့အခါ ပရိသတ်တွေဆီက အားပေးတယ်ဆိုတဲ့ အသံကြားလိုက်ရတာနဲ့ အလုပ်လုပ်ချင်စိတ်ပြန်ဖြစ်လာတယ်။ ကိုယ်ရဲ့ဝါသနာကို အရင်ကတော့ သိပ်နားမလည်ဘူး။ သီချင်းတွေနားထောင်လိုက်၊ ငိုလိုက်၊ တစ်ယောက်တည်း စကားတွေပြောလိုက်နဲ့ ဒရမ်မာဘက်ကိုပိုပြီး အားသန်တယ်လို့ထင်တယ်။ အခုနောက်ပိုင်းလည်း ဒရမ်မာကားတွေပိုပြီး ရိုက်ဖြစ်တယ်။ ဟာသကားတွေရိုက်တာနည်းတယ်။ ဘယ်လိုဇာတ်ကောင်မျိုးရိုက်မယ်ဆိုတဲ့ စိတ်တော့မရှိပါဘူး။ ဘယ်နေရာမဆို သရုပ်ဆောင်ချင်တယ်။

**ဂီတဘက်မှာရော သီချင်းဆိုဖို့ဝါသနာပါလား-**

ရွှေပိုးသီချင်းဆိုတာသင်တော့သင်နေပါတယ်။ ဂီတာတီးတာလည်း ဝါသနာပါတယ်။ သရုပ်ဆောင်တာ ပိုပြီး ဝါသနာပါတော့ ဂီတဘက်မှာ ပရော်ဖက်ရှင်နယ်အဖြစ် လုပ်ဖို့တော့မရှိပါဘူး။ ပရိသတ်တွေကို ဖျော်ဖြေဖို့ကြုံလာတဲ့အခါဆိုနိုင်အောင် စနစ်တကျနဲ့ သေချာလေး ဖျော်ဖြေနိုင်အောင်ကြိုးစားနေပါတယ်။ စင်ပေါ်မှာ တစ်ယောက်တည်းတက်ပြီး သီချင်းဆိုရမှာ နည်းနည်းကြောက်တယ်။ မိုက်ကိုင်ပြီး တစ်ယောက်တည်းဆိုရမှာမရဲဘူး။ သူငယ်ချင်းတွေထဲမှာ ဘယ်သူနဲ့ဆိုရင် ကောင်းမလဲရှာရင်း သေချာမလုပ်ဖြစ်သေးပါဘူး။

**အားလပ်ချိန်ကို အသုံးချပုံလည်းပြောပါဦး-**

သီချင်းတွေနားထောင်ဖြစ်တယ်။ ဝါသနာပါတဲ့ ရုပ်ရှင်ဇာတ်လမ်းမျိုးတွေကြည့်ဖြစ်တယ်။ ဖေ့စ်ဘွတ်ခ်သုံးတယ်။ ကြည့်ချင်တဲ့ဇာတ်လမ်းမျိုးတွေ ယူကျုကနေကြည့်ဖြစ်တယ်။

**ခရီးသွားတဲ့အခါ အနှစ်သက်ဆုံးနေရာတွေက ဘယ်နေရာတွေဖြစ်မလဲ-**

ပြင်ဦးလွင်သွားရတာသဘောကျတယ်။ ပြည်ပနိုင်ငံတွေထဲမှာ စင်ကာပူ၊ မလေးရှားနဲ့ ထိုင်းနိုင်ငံတွေရောက်ဖူးတယ်။ နေရာပေါင်းစုံက ရှုခင်းဘွေလှပါတယ်။ မြန်မာနိုင်ငံကရှုခင်းတွေလောက်တော့ မလှဘူး။

**ရှေ့ဆက်လုပ်ဆောင်ဖို့ ရည်မှန်းချက်ကရော-**

အနုပညာအလုပ်က ဝါသနာပါပြီး ရူးသွပ်တဲ့အလုပ်ဆိုတော့ ရွေးချယ်တာတော့မရှိဘူး။ ဘယ်ဇာတ်ဆောင်နေရာမဆို အခွင့်အရေး ရရင်ရသလို သရုပ်ဆောင်သွားမှာပါ။

**ပရိသတ်တွေကို တောင်းဆက်ဆောင်ပါးပေးပါဦး-**

အားပေးတဲ့ပရိသတ်တွေအားလုံး ကျန်းမာ၊ ချမ်းသာကြပါစေ။ ရွှေပိုးထွက်တဲ့ဇာတ်လမ်းတွေကို အားပေးကြတဲ့ ပရိသတ်တွေကို ကျေးဇူးတင်ပါတယ်။





# နှစ်သစ်ကူးမှာ အလှူကြီးပြုခဲ့တဲ့ လီဂျောင်ဆပ်

တောင်ကိုရီးယားမင်းသားတွေထဲက လတ်တလောမှာ အောင်မြင်နေတဲ့ ထိပ်တန်းမင်းသားတစ်ဦးဖြစ်တဲ့ လီဂျောင်ဆပ်ဟာ ယခုနှစ်ရဲ့နှစ်သစ်ကူးနေ့ရက်တွေအတွင်းမှာ ယူနီဆက်(ကမ္ဘာ့ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့)ကို ဝမ်သန်း ၂၀၀ (အမေရိကန်ဒေါ်လာ ၁၆၅၆၇၄ ဒေါ်လာ)လှူဒါန်းခဲ့ရာ လီရဲ့လှူဒါန်းမှုဟာ ဒေသခံမီဒီယာတွေအတွက် အလေးပေးဖော်ပြစရာသတင်းတစ်ခုဖြစ်ခဲ့ရကြောင်း အောကေပေ့ါ်ဒ်ေါ့ကွန်းက ဖော်ပြခဲ့ပါတယ်။

ယခုလိုလှူဒါန်းခဲ့ရတဲ့ ရည်ရွယ်ချက်နဲ့ပတ်သက်ပြီး လီဂျောင်ဆပ်က လတ်တလောအချိန်ဟာ တောင်ကိုရီးယားမှာ အအေးဆုံးအချိန်အပိုင်းအခြားတစ်ခုဖြစ်လို့ လုံခြုံမှုအပြည့်အဝမပေးနိုင်တဲ့ ပတ်ဝန်းကျင်ကြောင့် ဒီလိုရာသီဥတုရဲ့အအေးဒဏ်ကို အားနွဲ့တဲ့ကလေးတွေ ခံစားနေရမှုမှ သက်သာစေရန် အထောက်အပံ့တစ်ခုဖြစ်စေရေးအတွက် ရည်ရွယ်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။

ဆက်လက်ပြီး မင်းသားက "ကျွန်တော်အမြဲစဉ်းစားမိတာက ပရိသတ်တွေကျွန်တော့်အပေါ်ထားတဲ့မေတ္တာတရားကို ဘယ်လိုနည်းလမ်းနဲ့ ပြန်လည်ကျေးဇူးတုံ့ပြန်ရင် အကောင်းဆုံးဖြစ်မလဲလို့လေ။ နောက်ဆုံးတော့ ကျွန်တော်စိတ်ကူးမိလိုက်တာက ယူနီဆက်ကနေတစ်ဆင့် ကျွန်တော်ရဲ့ မေတ္တာတရားကိုပြည်သူတွေဆီ ပြန်လည်ဖြန့်ဝေသွားမယ်။ ကျွန်တော်ဟာ နောင်ကိုလည်း ပတ်ဝန်းကျင်မှာ အခက်အခဲတွေ ရင်ဆိုင်နေရတဲ့ပြည်သူတွေကို လျစ်လျူရှုကာ မေ့မထားတတ်တဲ့ နွေးထွေးတဲ့နှလုံးသားတစ်စုံကို ပိုင်ဆိုင်တဲ့ သရုပ်ဆောင်တစ်ဦးအဖြစ် ဆက်လက်လျှောက်လှမ်းသွားမှာပါ"လို့ ဆိုခဲ့ပါတယ်။

**(ခင်ခင်သက်)**

# ရီးယဲလ်မှ ထွက်ခွာမည်မဟုတ်ဟု စီရိုနယ်လ်ဒိုဆို




ရီးယဲလ်မက်ဒရစ်ကြယ်ပွင့် စီရိုနယ်လ်ဒိုက ၎င်းနှင့် ရီးယဲလ်တို့ စာချုပ်သက်တမ်းကုန်ဆုံးမည့် ၂၀၁၈ ခုနှစ် မတိုင်မီ မည်သည့်အသင်းကိုမျှ ပြောင်းရွှေ့မည်မဟုတ်ဘဲ လက်ရှိကလပ်အသင်းနှင့်သာ ဆက်လက်ပူးပေါင်းသွားမည်ဟု အတည်ပြုပြောကြားခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။ စီရိုနယ်လ်ဒိုသည် ရီးယဲလ်တွင် ရောက်ရှိနေသည့် ခုနစ်နှစ်တာကာလအတွင်း ယခုနှစ်ဘောလုံးရာသီတွင် ပထမဆုံးအကြိမ်အဖြစ် ခြေစွမ်းပိုင်းရုန်းကန်နေရပြီး လာလီဂါပွဲစဉ်(၂၃)ပွဲတွင် ၁၉ ဂိုးသာ သွင်းယူနိုင်ခဲ့သည်။

စီရိုနယ်လ်ဒိုက "လာလီဂါက ကမ္ဘာပေါ်မှာ အကောင်းဆုံးလိဂ်ပါ။ ကျွန်တော်က ပရီမီယာလိဂ်မှာ ကစားဖူးပေမယ့် လာလီဂါကသာ ပြိုင်ဆိုင်မှုပိုပြီးပြင်းထန်သလို ကမ္ဘာ့အကောင်းဆုံး ကစားသမားတွေ စုဝေးရာနေရာဖြစ်ပါတယ်။ ဒီမှာ နှစ်နှစ်မက ဆက်ရှိနေချင်ပါသေးတယ်။ ကျွန်တော်နဲ့ ရီးယဲလ်တို့ ချုပ်ဆိုထားတဲ့ စာချုပ်သက်တမ်းကုန်မှသာ အနာဂတ်ကိစ္စရပ်တွေကို စဉ်းစားသွားမှာဖြစ်ပါတယ်"ဟု ဆိုခဲ့သည်။

ရီးယဲလ်နည်းပြဟောင်း ကာပယ်လိုက စီရိုနယ်လ်ဒိုမှာ သူ၏အကောင်းဆုံးခြေစွမ်းကို အနည်းဆုံးနောက်သုံးနှစ်လောက်အထိ ဆက်လက်ထိန်းထားနိုင်ဦးမည်ဖြစ်ကြောင်း၊ လက်ရှိတွင်ခြေစွမ်းပိုင်းရုန်းကန်နေရသည်ဟု ပရိသတ်များက ထင်မြင်ယူဆနေသော်လည်း အတွေ့အကြုံပိုမိုရင့်ကျက်လာသလို အသင်းအတွက် ပိုမိုပံ့ပိုးပေးလာနိုင်ကြောင်း၊ အကောင်းဆုံးဂိုးသွင်းစွမ်းရည်ရှိသည့် ကစားသမားဖြစ်ပြီး နေရာစုံမှ ဂိုးသွင်းနိုင်သူဖြစ်ကြောင်း၊ စီရိုနယ်လ်ဒိုက သူ၏ကြံ့ခိုင်မှုကို အမြဲဂရုတစိုက်ပြုလုပ်တတ်သူဖြစ်၍ အသက်(၃၄)နှစ်လောက်အထိ အကောင်းဆုံးကစားနိုင်ဦးမည်ကို သံသယရှိစရာမလိုကြောင်း ထောက်ခံစကား ပြောကြားထားသည်။

စီရိုနယ်လ်ဒိုအား သူ၏ကလပ်အသင်းဟောင်း မန်ယူနှင့် ပီအက်စ်ဂျီတို့မှခေါ်ယူရန် ချိတ်ဆက်မှုများ ဆက်တိုက်ပြုလုပ်နေကြပြီး ယခုနှစ်နွေရာသီအပြောင်းအရွှေ့ဈေးကွက်တွင် ရီးယဲလ်မှ သေချာပေါက် ထွက်ခွာမည်ဟု သတင်းပြေးနေသူဖြစ်သည်။ ၎င်းမှာ လက်ရှိတွင် အသက်(၃၁)နှစ်ရှိပြီဖြစ်သောကြောင့် ခြေစွမ်းပိုင်းကျဆင်းလာပြီဖြစ်ရာ ဘာစီလိုနာတောင်ပံတိုက်စစ်မှူးနေမာအား အစားထိုးခေါ်ယူလျှင် အသင့်လျော်ဆုံးဖြစ်ကြောင်း စပိန်မီဒီယာများက အသားပေးဖော်ပြနေကြသည်။ စီရိုနယ်လ်ဒိုနှင့် ရီးယဲလ်တို့ ချုပ်ဆိုထားသော စာချုပ်သက်တမ်းမှာ ၂၀၁၈ ခုနှစ် ဇူလိုင်လတွင် ကုန်ဆုံးမည်ဖြစ်သည်။

# ဘိုင်ယန်မြူးနစ် စည်းလုံးမှုပြိုကွဲနေသည်ဆိုသည့် သတင်းများကို မူလာပြက်ရယ်ပြု

လက်ရှိဘိုင်ယန်နည်းပြဖြစ်သူ ဂွါဒီယိုလာမှာ ယခုနှစ် ဘောလုံးရာသီအကုန်တွင် ဘိုင်ယန်မှ ထွက်ခွာတော့မည်ဟု တရားဝင်ထုတ်ဖော်ပြောကြားပြီးနောက် နောက်ဆက်တွဲအကျိုးဆက်အဖြစ် ဘိုင်ယန်မြူးနစ် အဝတ်လဲခန်းအတွင်း စည်းလုံးမှုပြိုကွဲကာ အုံကြွမှုပုံစံဖြစ်နေသည်ဆိုသောသတင်းများနှင့်ပတ်သက်၍ စိတ်အနှောင့်အယှက်ဖြစ်မိသလို ယင်းမှာရယ်စရာကောင်းသော ကောလာဟလများသာဖြစ်ကြောင်း ဘိုင်ယန်တောင်ပံတိုက်စစ်မှူး သောမတ်စ်မူလာက တုံ့ပြန်ပြောကြားလိုက်သည်။

မကြာသေးမီရက်ပိုင်းအတွင်းက အမည်မဖော်လိုသူ ဘိုင်ယန်ကစားသမားတစ်ဦးက ယခု ဂွါဒီယိုလာလက်အောက်တွင် ဘိုင်ယန်၏အနေအထားမှာ အနိမ့်ဆုံးအဆင့်တစ်ခုသို့ရောက်ရှိနေပြီဖြစ်ကြောင်း ပြောကြားခဲ့ရာ ယင်းသတင်းမှာ ဂျာမနီမီဒီယာများအကြား ရေပန်းအစားဆုံးသတင်းဖြစ်လာခဲ့သည်။ ဂွါဒီယိုလာ ဘိုင်ယန်အသင်းနှင့် လမ်းခွဲတော့မည်ဆိုသည့်သတင်းအား ကြေညာခဲ့ပြီးနောက်ပိုင်း ဘိုင်ယန်မှာ ရလဒ်အနည်းငယ်ဆိုးလာခဲ့သလို ဘိုင်ယန်ကစားသမားများ၏ ကစားသမား ကျင့်ဝတ်နှင့်အလျော်ကန်သည့်အပြုအမူများကိုလည်း ဂျာမနီသတင်းစာများက အကျယ်တဝင့်ဖော်ပြမှုများလည်း ပိုမိုပြင်းထန်လာခဲ့သည်။

နှစ်ဝက်ဘောလုံးရာသီခေတ္တရပ်နားချိန် ကွင်းလယ်ကစားသမား ဗီဒယ်လ် အရက်သေစာသောက်စားခဲ့သည်ဆိုသော သတင်းများထွက်ပေါ်ခဲ့ဖူးသလို ယခုနောက်ဆုံး ဘိုင်ယန်အသင်း အဝတ်လဲခန်းအတွင်း ပရမ်းပတာအနေအထားကြုံတွေ့နေရသည်ဆိုသော သတင်းများ တောက်လျှောက်ထွက်လာခြင်းဖြစ်သည်။ မူလာက ယင်းသတင်းများမှာ အခြေအမြစ်မရှိသည့် ကောလာဟလ သက်သက်သာဖြစ်ပြီး ဘိုင်ယန်အသင်းသားများအားလုံး ဖလားသုံးလုံးအိပ်မက်အတွက် တိုက်ပွဲဝင်စိတ်အပြည့် ရှိနေကြဆဲဖြစ်ကြောင်း ပြက်ရယ်ပြုစကားဆိုခဲ့သည်။

" ဒီသတင်းတွေက တော်တော်ရယ်စရာကောင်းတာပဲ။ ဒါပေမယ့် တစ်ဖက်မှာ တော်တော်စိတ်အနှောင့်အယှက်လည်း ဖြစ်ရပါတယ်။ ကစားသမားတစ်ဦးချင်းက ဆန့်ကျင်မှုတွေပြနေတယ်ဆိုတာ ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲဗျာ။ နည်းပြအပြောင်းအလဲဖြစ်တော့မယ့်အချိန်မှာ ဒီလိုသတင်းတွေထွက်လာတတ်တာ မဆန်းပါဘူး။ ဒါက ဘိုင်ယန်အသင်းကို အနှောင့်အယှက်ဖြစ်အောင် သက်သက်ဖန်တီးထားမှုပါ" ဟု မူလာက သတင်းထောက်များအား ရှင်းလင်းပြောကြားခဲ့သည်။



# ချယ်လ်ဆီးနောက်ခံလူ ဇူးမား အနည်းဆုံးခြောက်လ အနားယူရမည်



ချယ်လ်ဆီးနောက်ခံလူ ဇူးမားသည် မန်ယူအားရင်ဆိုင်ခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ်(၂၅)တွင် ရရှိခဲ့သောဒဏ်ရာကြောင့် အနည်းဆုံးခြောက်လခန့်အနားယူရတော့မည်ဖြစ်ကြောင်း ချယ်လ်ဆီးတာဝန်ရှိသူများက ပြောကြားခဲ့သည်။ ဇူးမားက ဒူးအရွတ်ကြောဒဏ်ရာ ခွဲစိတ်ကုသမှုပြုရတော့မည်ဖြစ်ကြောင်း သူ၏တွစ်တာစာမျက်နှာပေါ်မှတစ်ဆင့် အတည်ပြုကြေညာခဲ့သည်။

ဇူးမားက "ကျွန်တော် အရွတ်ကြောဒဏ်ရာခွဲစိတ်ကုသရမှာဖြစ်ပါတယ်။ ဒါပေမယ့် ပိုမိုကြံ့ခိုင်တောင့်တင်းမှုတွေနဲ့ မကြာခင် မြက်ခင်းစိမ်းတွေဆီကို ပြန်လာမှာပါ" ဟု တွစ်တာစာမျက်နှာပေါ်တွင် ရေးသားခဲ့သည်။ ၎င်းမှာ လက်ရှိဘောလုံးရာသီတွင် ချယ်လ်ဆီး၏ ဗဟိုခံစစ်တွင် ဂွန်တယ်ရီနှင့်တွဲဖက်ကာ ခြေစွမ်းပြသနေသူဖြစ်ပြီး ချယ်လ်ဆီးဝါရင့်နောက်ခံလူ ဂယ်ရီကာဟေးလ်ကိုပင် အရန်ခုံပေါ်ရောက်စေသည်အထိ ခြေစွမ်းပိုင်းတောက်ပြောင်ခဲ့သည်။

လက်ရှိဘောလုံးရာသီတွင် ချယ်လ်ဆီးအတွက် စုစုပေါင်း (၃၂)ပွဲဝင်ရောက်ကစားပေးခဲ့ပြီးနောက် ပြင်သစ်လက်ရွေးစင်အသင်းတွင်ပါ ရွေးချယ်ခံခဲ့ရသည်။ ထို့ကြောင့် ယခုကဲ့သို့ ဇူးမားဒဏ်ရာရရှိခဲ့ခြင်းမှာ ချယ်လ်ဆီးအသင်းအတွက် များစွာထိခိုက်စေသလို ယူရို-၂၀၁၆ ပြိုင်ပွဲဝင် ပြင်သစ်အသင်းအတွက်လည်း နစ်နာခဲ့ရသည်။

½0d;, ea [ 'if- pjxm;on nf

## အိမ်ကွင်းမှာ ဂျူဗင်တပ်တို့ နာပိုလီကိုဘယ်လိုအနိုင်ကစားမလဲဆိုတာ စောင့်ကြည့်ရမယ့်

## စီးရီးအေ‌ရာင်ခုန်သံ – ၂၅

ရှိုင်းမင်းမင်း

***အီတလီစီးရီးအေပွဲစဉ် ၂၅ ကို ဒီတစ်ပတ်မှာတော့ ကြာသပတေးနေ့ ည (သောကြာနေ့နံနက်)ကတည်းက ယှဉ်ပြိုင်ကစားသွားမှာဖြစ်ပြီး ဖေဖော်ဝါရီ ၁၂၊ ၁၃၊ ၁၄၊ ၁၅ ရက်တွေမှာ ဆက်တိုက်ကျင်းပသွားမှာပါ။ ဒီတစ်ပတ်မှာတော့ လက်ရှိစီးရီးအေမှာ ခြေစွမ်းအကောင်းဆုံးဖြစ်နေတဲ့ ဂျူဗင်တပ်နဲ့ နာပိုလီဆုံတွေ့တဲ့ ပွဲပါနေလို့ ပိုပြီး စိတ်ဝင်စားဖို့ ကောင်းနေပါတယ်။***

**လာဇီယို-ဗီရိုနာ နံနက် ၂း၁၅ (၁၂-၂-၁၆)**

ဗီရိုနာက နောက်ပိုင်းပွဲစဉ်တွေမှာ တန်းမဆင်းရဖို့ အားစိုက်ကစားနေသလို ခြေစွမ်းရော ရလဒ်ပိုင်းပါတက်လာတာကို တွေ့ရတယ်။ ဒါပေမယ့် လာဇီယိုကလည်း ခြေစွမ်းကောင်းမွန်နေသလို ဥရောပဝင်ခွင့်လည်း မှန်းနိုင်သေးလို့ ဒီလိုအိမ်ကွင်းပွဲမျိုးမှာ အမှားခံမှာမဟုတ်သလို ဂရုတစိုက်ကစားသွားမှာပါ။ ဒါကြောင့် လာဇီယိုပဲ အနိုင်ရမယ်။

**ကာပီ-ရိုးမား နံနက် ၂း၁၅(၁၃-၂-၁၆)**

ရိုးမားဟာ ဒီပွဲစဉ်အပြီးမှာချန်ပီယံလိဂ် ၁၆ သင်းအဆင့်ပွဲစဉ်အဖြစ် ရီးယဲလ်မက်ဒရစ်ကို အိမ်ကွင်းမှာ လက်ခံကစားရမှာဖြစ်လို့ ဒီပွဲစဉ်မှာ ခြေကုန်ထုတ်နိုင်ဖို့ မသေချာဘူး။ အထူးသဖြင့်ဒီနောက်ပိုင်းမှာ ရိုးမားရဲ့ အဝေးကွင်းစွမ်းဆောင်ရည်ကလည်း ကျဆင်းနေတယ်။ ကာပီရဲ့ကစားအားကြောင့် ရိုးမားနိုင်ရင်တောင် မပြတ်သားဘူး။

**အမ်ပိုလီ-ဖရိုစီနိုနီ ည ၁၀း၃၀(၁၃-၂-၁၆)**

အမ်ပိုလီက လက်ရှိအမှတ်ရရှိထားမှု အခြေအနေအရဥရောပဝင်ခွင့်ကိုတောင်မျှော်လင့်နိုင်လို့ အိမ်ကွင်းပွဲစဉ်ဖြစ်တဲ့ ဒီပွဲစဉ်မှာ ဂရုတစိုက် ကစားသွားမှာ သေချာတယ်။ တန်းမဆင်းရဖို့ ရုန်းကန်နေတဲ့ ဖရိုစီနိုနီခြေကလည်း ကောင်းမွန်လာတယ်ဆိုပေမယ့် အဝေးကွင်းပွဲတွေမှာတော့ အားနည်းတတ်တယ်။ အမ်ပိုလီကပ်နိုင်မယ်။

**ချီယေဗို-ဆာစူအိုလို ည၁၁း၃၀(၁၁-၂-၁၆)**

ဆာစူအိုလိုရဲ့ အမှတ်ရရှိမှုအနေအထားကလည်း ဥရောပဝင်ခွင့်တောင်မျှော်လင့်နိုင်နေတယ်။ ဒါကြောင့် ပွဲတိုင်း အားစိုက်ကစားနေတယ်ဆိုပေမယ့် ခြေစွမ်းကတော့ တည်ငြိမ်မှုမရှိဘူး။ အထူးသဖြင့် အဝေးကွင်းပွဲတွေမှာ ဆာစူအိုလိုခြေက ကျဆင်းတတ်တယ်။ ချီယေဗိုခြေသာမန်သာရှိပေမယ့် ဒီပွဲမှာတော့ နိုင်ပွဲရသွားနိုင်တယ်။

**ဂျူဗင်တပ်-နာပိုလီ နံနက် ၂း၁၅ (၁၄-၂-၁၆)**

ဂျူဗင်တပ်က အခုနောက်ပိုင်းမှာခြေစွမ်းတောက်လျှောက်ထက်မြက်နေသလို အိမ်ကွင်းလည်းဖြစ်တယ်။ ဒီပွဲက ချန်ပီယံဆုအတွက်လည်း အရေးပါသလို ဒီပွဲအပြီးမှာလည်း ချန်ပီယံလိဂ်ပွဲကစားရမှာမဟုတ်လို့ ဂျူဗင်တပ်တို့ ခြေကုန်ထုတ်ကစားလာမှာပါ။ နာပိုလီရဲ့ခြေနဲ့ တိုက်စစ်ပိုင်းကောင်းမွန်နေပေမယ့် ဂျူဗင်တပ်ကသာအနိုင်ရမှာပါ။

**အေစီမီလန်-ဂျီနိုအာ ည ၆း၀၀ (၁၄-၂-၁၆)**

အေစီမီလန်က အခုနောက်ပိုင်းပွဲတွေမှာ ကစားပုံရော ရလဒ်ပိုင်းပါ ကောင်းမွန်လာမှုနဲ့အတူ ချန်ပီယံလိဂ်ပွဲဝင်ခွင့်မျှော်လင့်နိုင်တဲ့ အနေအထားမျိုးအထိ ရောက်လာတယ်။ဒါကြောင့်လည်း အေစီမီလန်တို့ အခုပွဲမှာ အားစိုက်ကစားလာမှာ သေချာသလို အိမ်ကွင်းဖြစ်တယ်။ ဂျီနိုအာခြေကောင်းမွန်နေပေမယ့် အေစီမီလန်ပဲ ကပ်နိုင်မယ်။

**ဆမ်ဒိုးရီးယား-အတ္တလန္တာ ည ၈း၃၀ (၁၄-၂-၁၆)**

ဆမ်ဒိုးရီးယားက တန်းမဆင်းရဖို့အားစိုက်ကစားနေပေမယ့် ခံစစ်ပိုင်းအားနည်းမှုတွေနဲ့အတူ ရလဒ်တွေ တောက်လျှောက်ပျက်ယွင်းနေတယ်။ အတ္တလန္တာကအခုနောက်ပိုင်းအသင်းလိုက် ခြေမဆိုးဘူးဆိုပေမယ့် အဝေးကွင်းပွဲတွေမှာတော့ တည်ငြိမ်မှုမရသေးဘူး။ ဆမ်ဒိုးရီးယားတို့ သရေလောက်ကစားနိုင်မှာပါ။

**အူဒီးနီးစ်-ဘိုလော့နာ ည ၈း၃၀ (၁၄-၂-၁၆)**

အူဒီးနီးစ်ရဲ့လက်ရှိအမှတ်ရရှိမှုဟာ တန်းမဆင်းရဖို့ အာမခံနိုင်မှုမရှိသေးပါဘူး။ဒါကြောင့် အခုအိမ်ကွင်းပွဲစဉ်မှာနိုင်ပွဲရရှိဖို့ အားစိုက်ကစားလာမှာ သေချာတယ်။ ဒါပေမယ့် ဘိုလော့နာရဲ့ခြေကလည်း ကောင်းမွန်မှုရှိသလို အဝေးကွင်းပွဲတွေမှာလည်း ခံကစားပုံတက်လာတယ်။ ဒီပွဲလည်း အူဒီးနီးစ်တို့ သရေလောက်ပဲရမယ်။

**ပါလာမို-တိုရီနို ည ၈း၃၀ (၁၄-၂-၁၆)**

တိုရီနိုကအဝေးကွင်းပွဲစဉ်တွေမှာ ခြေစွမ်းပိုင်းယိမ်းယိုင်တတ်ပြီး ခံစစ်ကစားပုံ ကျစ်လျစ်မှုမရှိဘူးဆိုပေမယ့် ပွဲတိုင်းကို အခုနောက်ပိုင်းမှာ အားစိုက်ကစားနေသလို ရလဒ်ပိုင်းကလည်း မဆိုးဘူး။ ပါလာမိုကလည်း တန်းမဆင်းရဖို့ ပွဲတိုင်းအာရုံစိုက်ကစားနေပြီး ခြေလည်းမဆိုးဘူး။ အိမ်ကွင်းလည်းဖြစ်တယ်။ ပါလာမို ကပ်ပြီးနိုင်မယ်။

**ဖီအိုရင်တီးနား-အင်တာမီလန် နံနက် ၂း၁၅(၁၅-၂-၁၆)**

အကြိတ်အနယ်ရှိမယ့်ပွဲပါ။ နှစ်သင်းစလုံး ချန်ပီယံလိဂ်ဝင်ခွင့်ရရှိဖို့ ရည်မှန်းနေကြတာကြောင့် အခုလိုထိပ်တိုက်တွေ့ဆုံချိန်မှာ နိုင်ပွဲရရှိရေး ခြေကုန်ထုတ်ကြမှာပါ။ ဒါပေမယ့် ခြေစွမ်းပိုင်းအရ ဖီအိုရင်တီးနားက ပိုမိုကောင်းမွန်မှုရှိနေသလို ကွင်းကလည်း ဖီအိုရင်တီးနားရဲ့ ကွင်းလည်း ဖြစ်နေတယ်။ ဖီအိုရင်တီးနားသာ ကပ်ပြီးအနိုင်ရမယ်။

ပြည်တွင်းရေးရာ

ဖတ်စရာ

# အရေးပေါ်အခြေအနေများနှင့် သဘာဝဘေးအန္တရာယ် လျော့ပါးရေးတို့အတွက် ရေဒီယို၏ အခန်းကဏ္ဍ

**ခ** မင်းမင်း(ထားဝယ်)

ယနေ့ ၂၁ ရာစုတွင် ရာသီဥတု ပြောင်းလဲဖောက်ပြန်မှုများနှင့်အတူ ကမ္ဘာကြီး ပူနွေးလာမှုကြောင့် ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာခြင်း၊ အပူအအေး လွန်ကဲခြင်း၊ မိုးခေါင်ရေရှားခြင်း၊ ရေလွှမ်းမိုးခြင်း၊ မုန်တိုင်းများ တိုက်ခတ်ခြင်း၊ လေဆင်နှာမောင်းများ ဖြစ်ပေါ်ခြင်း၊ မြေငလျင်များ လှုပ်ခတ်ခြင်းစသည့် သဘာဝဘေးအန္တရာယ် ကျရောက်မှုများ တစ်နှစ်ထက်တစ်နှစ် အကြိမ်အရေအတွက် ပိုမိုများပြားလာပြီး ပိုမိုပြင်းထန်သောဘေးဆိုးအပေါင်းကို ကမ္ဘာပေါ်ရှိ သက်ရှိသက်မဲ့များ ကြုံတွေ့ခံစားလာရသည်မှာ အားလုံးမျက်မြင်ပင်ဖြစ်သည်။ အဆိုပါ သဘာဝဘေးအန္တရာယ်အသီးသီးအတွက် ဘေးအန္တရာယ် ကြိုတင်ပြင်ဆင် ကာကွယ်ရေး၊ ဘေးအန္တရာယ် ကျရောက်ဆဲနှင့် ဘေးအန္တရာယ်ကျရောက်ပြီး အခြေအနေများနှင့် အရေးပေါ်အခြေအနေ အားလုံးတို့အတွက် အသက်သွေးကြောတစ်ခုဖြစ်သည့် ရေဒီယို၏ အခန်းကဏ္ဍသည် ကမ္ဘာပေါ်ရှိလူသားအားလုံးအတွက် မရှိမဖြစ်လိုအပ်လှပါသည်။

ရေဒီယို ဆိုသည်မှာ လေထုမှတစ်ဆင့် မျက်စိဖြင့် မမြင်နိုင်သည့် လျှပ်စစ်သံလိုက်လှိုင်းများပေါ်တွင် အသံစနစ်ကို ပြောင်းလဲအသုံးပြုပြီး ပြည်သူလူထုထံသို့ အချက်ပြမှုများကို ပေးပို့ခြင်း၊ လက်ခံခြင်းဆောင်ရွက်နိုင်သော အရာတစ်ခု ဖြစ်ပါသည်။ နည်းပညာ စကားအရဆိုရလျှင် ကြိမ်နှုန်း (3 Khz မှ 300Ghz) အတွင်းနှင့် လှိုင်းအလျား (100 km မှ 1 mm) အတွင်းရှိသော ရေဒီယိုလှိုင်းများကို အသုံးပြုသောစနစ်ဖြစ်ပါသည်။ ရေကြောင်း၊ လေကြောင်းဆိုင်ရာ အချက်ပြမှုများ၊ FM ရေဒီယို၊ တယ်လီဗေးရှင်း၊ မိုဘိုင်းဖုန်းများ၊ GPS ကိရိယာများ၊ ဂြိုလ်တုဆက်သွယ်ရေးစနစ်များသည် ရေဒီယိုနည်းပညာကို အခြေခံ၍ တီထွင်ထားသည့် အရာများပင် ဖြစ်ပါသည်။

ရေဒီယို၏ သမိုင်းကြောင်းကို လေ့လာရလျှင် ရေဒီယိုလှိုင်းများကို အသုံးပြုပြီး သတင်းအချက်အလက်များကို ပထမဦးဆုံး ထုတ်လွှင့်နိုင်ခဲ့သည့် အီတလီလူမျိုး ရူပဗေဒပညာရှင် (Guglielmo Marconi) မာကိုနီက အသံကို ထုတ်လွှင့်သည့် Modulation အပိုင်းနှင့် အသံကို ပြန်လည်ဖမ်းယူသည့် Demodulation ဟူ၍ အပိုင်းနှစ်ပိုင်း ပါဝင်သည့် ကြိုးမဲ့ဆက်သွယ်ရေးစနစ်ကို အခြေခံကာ ရေဒီယိုကို တီထွင်နိုင်ခဲ့ပါသည်။

၁၉၀၉ ခုနှစ်တွင် အက်စ်အက်စ်ရီပတ်ဗလစ်သင်္ဘော နှစ်မြုပ်မှုတွင် အရေးပေါ် အခြေအနေအရ ရေဒီယိုသတင်းဖြင့် အကူအညီတောင်းခံမှုကြောင့် လူအများအပြားကို ကယ်တင်နိုင်ခဲ့သည့်အတွက် ယင်းနှစ်တွင် နိုဘယ်ဆုကို ရူပဗေဒဘာသာမှ ချီးမြှင့်ခြင်းခံခဲ့ရသည့် ပညာရှင်တစ်ဦးလည်းဖြစ်ပါသည်။ ၁၉၂၀ ပြည့်နှစ်တွင် မာကိုနီ၏ ရေဒီယိုနည်းပညာကို အသံလွှင့် လုပ်ငန်းများဖြင့် နိုင်ငံတကာတွင် စီးပွားဖြစ် သုံးစွဲလာခဲ့ကြပါသည်။ ကျွန်ုပ်တို့နိုင်ငံတွင်လည်း မြန်မာနိုင်ငံ၏ အသံလွှင့်လုပ်ငန်းကို လွတ်လပ်ရေးမရမီ ၁၉၃၆ ခုနှစ်တွင်စတင်ပြီး ၁၉၃၇ ခုနှစ်၌ ရန်ကုန်မြို့ မင်္ဂလာဒုံ(ဝါယာလက်)တွင် စမ်းသပ် အသံလွှင့်ခဲ့သည်။ ထို့အပြင် ၁၉၃၃ ခုနှစ်တွင် ရူပဗေဒပညာရှင် Edwin H. Armstrong ဆိုသူမှလည်း လေထုအတွင်း အနှောင့်အယှက်များကို လျှော့ချနိုင်သည့် တည်ငြိမ်မှု ရှိသော FM ရေဒီယိုစနစ်ကို တီထွင်အသုံးပြုနိုင်ခဲ့ပါသည်။ ယခုအခါ မိုဘိုင်းဖုန်းများပေါ်တွင် ရေဒီယိုကို ဖမ်းယူ နားဆင် အသုံးပြုနိုင်ပြီ ဖြစ်ပါသည်။

ကမ္ဘာ့ရေဒီယိုနေ့ ဖြစ်ပေါ်လာပုံနှင့် စပ်လျဉ်း၍ တင်ပြရလျှင် ၂၀၁၁ ခုနှစ် နိုဝင်ဘာ ၃ ရက်တွင် ကျင်းပခဲ့သည့် ယူနက်စကို၏ (၃၆) ကြိမ်မြောက် အထွေထွေညီလာခံကြီးမှ တစ်ဆင့် စတင်ပေါက်ဖွားလာခဲ့ပြီး၊ ၁၉၄၆ ခုနှစ် ကမ္ဘာ့ကုလသမဂ္ဂ၏ ရေဒီယို စတင်တည်ထောင်ခဲ့သည့် ဖေဖော်ဝါရီ ၁၃ ရက်ကို ရည်ရွယ်ကာ ၂၀၁၂ ခုနှစ် မှစ၍ နှစ်စဉ် ဖေဖော်ဝါရီ ၁၃ ရက်ကို ကမ္ဘာ့ရေဒီယိုနေ့အဖြစ် သတ်မှတ်ခဲ့ပြီး၊ အထိမ်းအမှတ်ဆောင်ပုဒ်များ ချမှတ်ကာ နိုင်ငံအနှံ့အပြားတွင် ကျင်းပလာခဲ့ပါသည်။

ယခုနှစ် ၂၀၁၆ ခုနှစ် ကမ္ဘာ့ရေဒီယိုနေ့၏ အထိမ်းအမှတ် ဆောင်ပုဒ်အဖြစ် "Radio in Times of Emergency and Disaster" အဖြစ် ယူနက်စကိုမှ ချမှတ်ပေးခဲ့ပါသည်။ ဆိုလိုသည်မှာ အရေးပေါ်အခြေအနေများနှင့် သဘာဝဘေးဆိုင်ရာ လုပ်ငန်းစဉ်များအတွက် ရေဒီယို၏ အခန်းကဏ္ဍများမှ ပြည်သူလူထုအတွက် အချိန်မီ ကုစားပေးနိုင်မည်ဖြစ်ကြောင်း ရည်ရွယ်ပါသည်။

သာဓကတစ်ခုအနေဖြင့် ကျွန်တော်တို့ မြန်မာနိုင်ငံတွင် သဘာဝဘေးအပေါ် ဂရုစိုက်အလေးထားမှု နည်းပါးခြင်း၊ သဘာဝဘေး ကြိုတင်ပြင်ဆင်မှု အစီအမံများလိုအပ်ခြင်း၊ ထိရောက်သော တုံ့ပြန်မှုမရှိခြင်းတို့ကြောင့် ၂၀၀၈ ခုနှစ် မေလတွင် နာဂစ်ဆိုင်ကလုန်းမုန်တိုင်းသည် မြန်မာနိုင်ငံ ဧရာဝတီမြစ်ဝကျွန်းပေါ်သို့ ဝင်ရောက်တိုက်ခိုက်ခဲ့ရာ လူ ၁၃၈၇၃၇ ဦးသေကြေပျောက်ဆုံးပြီး၊ ဆုံးရှုံးမှုတန်ဖိုး ကျပ် ၁၁ဒသမ၇ ထရီလီယံခန့်ရှိခဲ့ပြီး မြန်မာ့သမိုင်းတွင် လူသေဆုံးမှု အများဆုံးနှင့် ဆုံးရှုံးမှုတန်ဖိုး အများဆုံးသော သဘာဝဘေးအန္တရာယ်တစ်ခုအဖြစ် မှတ်ကျောက်တင်ခဲ့ပါသည်။ အဓိကမှာ သဘာဝဘေးလျော့ပါးရေး လုပ်ငန်းစဉ်များအတွက် အချိန်နှင့် တစ်ပြေးညီ သတင်းထုတ်လွှင့်မှုများအားနည်းမှု၊ နိုင်ငံသူ၊ နိုင်ငံသားများမှ မိုးလေဝသဆိုင်ရာ သဘာဝဘေးဆိုင်ရာ အသိပညာများ၊ ဗဟုသုတများ၊ နည်းပညာများ လိုအပ်မှု၊ ကြိုတင်သတိပေးစနစ်များ အသုံးပြုမှု အားနည်းချက်ဟု ဆိုရမည်ဖြစ်သည်။

သို့ပါ၍ ယခုလက်ရှိတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဦးစီးဌာနမှ ပြန်ကြားပေးရန် (To Inform)၊ ပညာပေးရန် (To Educate)၊ ဖျော်ဖြေပေးရန် (To Entertain) ဟူသော ရည်ရွယ်ချက်သုံးရပ်နှင့်အညီ ရေဒီယိုအသံလွှင့်လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက် ရှိသလို FM ပုဂံ၊ ပတ္တမြား FM ၊ ရွှေ FM၊ ပဒုမ္မာဝတီ FM၊ ချယ်ရီ FM၊ မန္တလေးFM စသဖြင့် မြန်မာနိုင်ငံ အနှံ့အပြားကို လွှမ်းခြုံထားသည့် FM Radio ကွန်ရက်များမှ ပြည်သူလူထု၏ အကျိုးအတွက် အချိန်နှင့်တစ်ပြေးညီ ထုတ်လွှင့်ပေးလျက်ရှိပါသည်။

ထို့အပြင် မိုးလေဝသ ဖောက်ပြန်မှုများ၊ သဘာဝဘေးအန္တရာယ် ကျရောက်ရာတွင် ဆောင်ရွက်ရမည့် အစီအမံများ၊ ဆောင်ရန်ရှောင်ရန် အချက်များ၊ အချိန်နှင့်တစ်ပြေးညီ နှိုးဆော်ချက်များ၊ ပညာပေးလုပ်ငန်းများကို ပြည်သူလူထု၏ အသိပညာ ဗဟုသုတများ ရရှိစေရန် ရေဒီယိုလိုင်းများမှတစ်ဆင့် ထုတ်လွှင့်ပေးလျက်ရှိပါသည်။ နိုင်ငံတော်အနေဖြင့် ၂၀၁၃ ခုနှစ် အတွင်း ဂျပန် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) နှင့် ပူးပေါင်းပြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်သတိပေးစနစ် အဆင့်မြှင့်တင်နိုင်ရေးနှင့် ပြည်သူလူထု စွမ်းဆောင်ရည်မြှင့်တင်နိုင်ရေးအတွက် ကျေးရွာလူထုများအထိ ရေဒီယိုနည်းပညာကို အသုံးပြုထားသည့် (End-to-End) ကြိုတင်သတိပေးစနစ်ကို စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ပြည်သူလူထုအတွက် ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးများအတွက် နည်းပညာအခြေအခံအဆောက်အအုံများ ဖွံ့ဖြိုးလာစေမည်ဖြစ်သည်။

ယခုမျက်မှောက်ခေတ်တွင် ဆက်သွယ်ရေး၊ သတင်းအချက်အလက်နည်းပညာ မြင့်မားလာမှုကြောင့် မိုဘိုင်းဖုန်း သုံးစွဲမှုများပြားလာသော်လည်း ဖုန်းကွန်ရက် မပြည့်မီသော ဝေးလံခေါင်သီ နေရာဒေသများအတွက် ရေဒီယိုသတင်းကိုပဲ အားကိုးတစ်ကြီး မျှော်လင့်နေဆဲလိုအပ်နေဆဲဖြစ်ပါသည်။ သို့ပါ၍ ရေဒီယိုဖြင့် ဆက်သွယ်ဆောင်ရွက်ရာတွင် လမ်းပေါ်မှာ ပြေးနေတဲ့ကား၊ သံလမ်းပေါ်မှာ ခုတ်မောင်းနေတဲ့ရထား၊ ပင်လယ်ထဲ မောင်းနှင်နေတဲ့ သင်္ဘောတို့အပြင် ပျံသန်းနေသည့်လေယာဉ်ပျံနှင့် လေဟာပြင်ရှိ ဂြိုလ်တုအထိ ရေဒီယို၏ စွမ်းပကားများဖြင့် လက်လှမ်းမီ နိုင်စေမည် ဖြစ်သည်။

သို့ပါ၍ ရေဒီယိုသည် ကမ္ဘာ့လူထုပရိသတ်အတွက် အကျယ်ပြန့်ဆုံး သုံးစွဲနိုင်သည့် လူထုဆက်သွယ်ရေး လမ်းကြောင်း တစ်ခုဖြစ်ခြင်း၊ စွမ်းဆောင်ရည်မြင့်မားပြီး ကုန်ကျမှုစရိတ်အနည်းဆုံးသော ဆက်သွယ်ရေး ကိရိယာတစ်ခုဖြစ်ခြင်း၊ ဝေးလံခေါင်သီ ကျေးလက်နေပြည်သူများနှင့် ဘေးအန္တရာယ် ထိခိုက်ခံစားရလွယ်သော လူ့အဖွဲ့အစည်းများ (စာမတတ်သူများ၊ မသန်စွမ်းများ၊ သက်ကြီးရွယ်အိုများ၊ အမျိုးသမီးများ၊ လူငယ်များ၊ ဆင်းရဲသားများ) တို့အတွက် သာမန်သူများနည်းတူ လူမှုအသိုင်းအဝန်းအတွင်း ဝင်ဆံ့နိုင်ရေးအတွက် များစွာထောက်ပံ့ပေးနိုင်ခြင်း၊ သတင်းမီဒီယာရပ်ဝန်းအတွက် မရှိမဖြစ်လိုအပ်ခြင်း၊ နိုင်ငံတော်၏ နိုင်ငံရေး၊ စစ်ရေးနယ်ပယ်များ၊ မှုခင်းကိစ္စရပ်များ၊ သိပ္ပံသုတေသန လုပ်ငန်းများ၊ ပို့ဆောင်ရေးကဏ္ဍများအပြင် သဘာဝဘေး ကူညီကယ်ဆယ်ရေးလုပ်ငန်းများအတွက် အရေးပေါ် ဆက်သွယ်ရေး လမ်းကြောင်းတစ်ခုအဖြစ် ဆောင်ကျဉ်းပေးနိုင်မည်ဖြစ်သည်။ ထိုမှတစ်ဆင့် ရေဒီယိုသည် ပြည်သူလူထုအတွက် လူမှုစီးပွားဘဝ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနိုင်သည့် စနစ်တစ်ခုဟု ဆိုရမည်ဖြစ်သည်။

သို့ပါ၍ ပြည်သူတို့၏ သဘာဝဘေးလျော့ပါးရေး အစီအမံများ၊ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းစဉ်များမှသည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များ ရေရှည်တည်တံ့နိုင်စေဖို့ ရေဒီယို၏ အကျိုးကျေးဇူး၊ အသုံးဝင်ပုံ၊ လိုအပ်ပုံတို့ကို ပြည်သူတစ်ရပ်လုံး ပိုမိုသိရှိနားလည်စေရန် ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ရေဒီယိုနေ့ကို ဂုဏ်ပြုကြိုဆို ရေးသားလိုက်ရပါသည်။




## မြန်မာနိုင်ငံကင်းထောက်လူငယ်များလုပ်ငန်းအစီအစဉ်ဖော်ထုတ်ရေးလုပ်ငန်းဆွေးနွေး

**ရန်ကုန် ဖေဖော်ဝါရီ ၉**

မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်နှင့် အာရှပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်မည့် မြန်မာနိုင်ငံ ကင်းထောက်လူငယ်များလုပ်ငန်းအစီအစဉ် ဖော်ထုတ်ရေးလုပ်ငန်းဆွေးနွေးပွဲ သင်တန်းဆင်းပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၅ ရက် ညနေပိုင်းက လမ်းမတော်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်နှင့်စက်မှုဝန်ကြီး ကင်းထောက်ကြီး ဦးညာဏ်ထွန်းဦး၊ ပညာရေးဝန်ကြီးဌာနမှ ပုဂ္ဂိုလ်များ၊ ကမ္ဘာ့ကင်းထောက်အဖွဲ့ချုပ်နှင့် အာရှပစိဖိတ်ဒေသ ကင်းထောက်အဖွဲ့ချုပ်မှ ကိုယ်စားလှယ်များဖြစ်သည့် Mr. s.prassanna Shrivastava Mr. Ysidro Peralta Castillo iv, Mr. Uzair Kamal မြန်မာနိုင်ငံအမျိုးသား ကင်းထောက်အဖွဲ့ ကင်းထောက်ချုပ် ဒေါက်တာဦးတင်ညို၊ မြန်မာနိုင်ငံ ကင်းထောက်အမျိုးသမီးအဖွဲ့ ကင်းထောက်ချုပ် ဒေါက်တာဒေါ်တင်လှကြည်နှင့် ကင်းထောက်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး တက္ကသိုလ်အသီးသီးမှ ပါမေက္ခချုပ်များ၊ အလုပ်ရုံဆွေးနွေးပွဲသင်တန်းသားများ တက်ရောက်ခဲ့ကြသည်။

သင်တန်းဆင်းပွဲ၌ ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်နှင့် စက်မှုဝန်ကြီး ကင်းထောက်ကြီး ဦးညာဏ်ထွန်းဦးက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ ကင်းထောက်လူငယ်များ လုပ်ငန်းအစီအစဉ် ဖော်ထုတ်ရေးလုပ်ငန်း ဆွေးနွေးပွဲ တက်ရောက်ခဲ့ကြသူများအား သင်တန်းဆင်းလက်မှတ် ပေးအပ်ခဲ့သည်။

ယင်းနောက် ဆွေးနွေးပွဲအောင်မြင်ရေးအတွက် ကူညီဆောင်ရွက်ပေးသော ရုံးအဖွဲ့အား ကင်းထောက်ကြီး ဦးအောင်ကြည်က ဂုဏ်ပြုမှတ်တမ်းလွှာ၊ မြန်မာနိုင်ငံအမျိုးသား ကင်းထောက်ချုပ် ဒေါက်တာဦးတင်ညိုက ဆွေးနွေးပွဲကြီးကြပ်သည့် ကမ္ဘာ့ကင်းထောက်အဖွဲ့ချုပ်နှင့် အာရှပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့ချုပ်မှ ပုဂ္ဂိုလ်များကို အမှတ်တရ ဂုဏ်ပြုလက်ဆောင်များနှင့် မြန်မာနိုင်ငံ သီဟကင်းထောက်ကြီး ဦးခင်မောင်ဌေးက ကူညီပံ့ပိုးသူတို့အား အမှတ်တရ လက်ဆောင်များ ပေးအပ်ခဲ့သည်။ **ကြေးမုံ**

## ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိဗန္ဓုလလမ်း အပိုင်း(၂)ဖွင့်ပွဲ အခမ်းအနားပြုလုပ်

**ရန်ကုန် ဖေဖော်ဝါရီ ၉**

(၆၉) နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမှတ် (၅၅) ရပ်ကွက် ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ် ပြည်ထောင်စုဖွံ့ဖြိုးရေး ရန်ပုံငွေနှင့် လမ်းသူလမ်းသားများ စုပေါင်းခင်းကျင်းသော ဗန္ဓုလလမ်းအပိုင်း (၂) ပေ ၈၅၀ × ၁၂ ပေ ဒု ၆ လက်မရှိ ကွန်ကရစ်လမ်းအား ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၃၁ ရက်က ဖွင့်ပွဲအခမ်းအနား ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်အစိုးရအဖွဲ့မှ ကိုယ်စားလှယ် ဒေါ်စန်းစန်းဝင်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးမြင့်လွင်၊ မြို့နယ်အထောက်အကူပြု ဦးတင်မောင်ငြိမ်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစိုးယုနှင့် လမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးအေးမြင့်တို့ တက်ရောက်ကြပြီး ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ **ကြေးမုံ**

# တောနေတောစားနဲ့ရာသီဥတုပြောင်းလဲခြင်း

**à a'¦ufmpeDifopfwmwuúdelf**

သစ်တောကျောင်းသား၊ ကျောင်းသူများ သိပ္ပံဘွဲ့ (သစ်တော) ရဖို့အတွက် နှစ်စဉ်ဆောင်းကာလမှာ တောတွင်းလက်တွေ့ကွင်းဆင်းရပါသည်။ သူတို့နဲ့ တောတွင်းလက်တွေ့ဆင်းရင် ကျေးရွာတစ်ရွာကို လူမှုရေးလေ့လာမှု(Social Survey) လုပ်ရာမှာ ကျောင်းသားတစ်ဦးက တစ်လစားသောက်စရိတ် ကုန်ကျငွေခန့်မှန်း ဘယ်လောက်လောက်ကုန်လဲလို့မေးတော့ အမေးခံရသူ ကျေးလက်ဦးကြီး တစ်ဦးက "ဒို့ တောနေတောစားကတော့ ဘာကုန်မှာ တုံးငေါ့တူရာ" လို့ ဖြေကြားပြီး ရေနွေးတကျိုက် မော့သောက်လိုက်ပါသည်။ ဒီအဖြေထဲက "တောနေတောစား" ဆိုတဲ့ ဝေါဟာရလေးကို သဘောကျမိပါသည်။

မြို့မှာကတော့ အစစအရာရာ ဝယ်စားနေရသည်၊ ပိုက်ဆံမရှိလျှင် ဘာမှစားစရာ မရှိနိုင်၊ တောမှာကတော့ ကြိုတင်သိမ်းဆည်းထားသော ငပိ၊ ငါးခြောက်၊ ပဲ၊ သခွတ်ပွင့်ခြောက်၊ မရမ်းပြား၊ ငရုတ်ခြောက်၊ သရက်သီးခြောက်စတာတွေရှိနေလို့ ထမင်းအိုးတစ်လုံးတည်ပြီး ဗိုက်ဆာနေသောအချိန် ငပိရည်တို့စရာဖြင့်လည်း တစ်နပ်ပြီးသွားနိုင်သည်ဟူသော သဘောဖြစ်သည်။

တစ်ဆက်တည်းမှာပဲ စာရေးသူတို့ခေတ် အင်္ဂမတန်း မြန်မာစကားပြေ စာအုပ်ထဲက စာရေးဆရာကြီး ဇေယျရေးခဲ့တဲ့ "သခွတ်ပွင့်ချိန်" စကားပြေလေးကို သတိရမိပြန်ပါသည်။

"အိုးထဲမှာတစ်နှစ်စာ ငပိအပြည့်. . . သခွတ်ပွင့်ခြောက်တွေလည်း အိုးနဲ့အပြည့် သိပ်ထားပြီးပြီမို့ ဘကြီးဖန်အဖို့ ဒီနှစ်လောက်ပျော်စရာကောင်းသောနှစ်မရှိ" ဟု ဆရာကြီးဇေယျက ရေးသားထားသည်။

စာရေးသူတင်ပြလိုသည်မှာ ရာသီဥတုပြောင်းလဲခြင်း ခေတ်ကာလမှာ စားဝတ်နေရေး အခြေမပျက်သွားစေဖို့အတွက် လူတိုင်းကြိုတင်ပြင်ရမယ့် အလုပ်တွေအများအပြားရှိတဲ့ထဲက စားနပ်ရိက္ခာ တာရှည်ခံအောင်သိမ်းဆည်းပုံ နည်းလမ်းများ သိရှိကာ ကြိုတင်သိမ်းဆည်း ထားခြင်းသည်လည်း အရေးကြီးသောကိစ္စဖြစ်ကြောင်း ပြောလိုရင်းဖြစ်ပါသည်။

တောရပ်ရွာမှာ နေကြတဲ့ တောင်သူဦးကြီးများက တစ်နှစ်တာ အစားအသောက် အခြေခံကုန်မာများဖြစ်တဲ့ ဆန်၊ ဆီ၊ ငရုတ်၊ ကြက်သွန်၊ ငပိတွေကို သိုလှောင်ထားလေ့ရှိပြီး စားသုံးကြကာ အသား၊ ငါးနဲ့ ဟင်းသီးဟင်းရွက် စိမ်းစိမ်းစိုစို လေးတွေကို ဝယ်တစ်လှည့်၊ စိုက်တစ်ခါနဲ့ နေထိုင်စားပြီး နေထိုင်သွားကြပါသည်။

ဒေသကိုလိုက်ပြီး သူတို့သိုလှောင်ကြတဲ့အထဲမှာ အစားအတွက်သာမက ပင်လယ်နဲ့နီးတဲ့ဒေသများနဲ့ အပူပိုင်းဒေသရှိ ကျေးလက်မြို့ပြတွေမှာ မိုးရေကိုပါသိုလှောင်ထားကြပါသည်။ ရာသီဥတု ပိုမိုပူပြင်းလာခြင်း၊ မိုးခေါင်ရေရှားခြင်းများကြောင့် ရေတွင်း ရေကန်မြစ်ချောင်း အင်းအိုင်များအရေလျော့နည်းလာခြင်း စတဲ့ ရာသီဥတုပြောင်းလဲခြင်းရဲ့ နောက်ဆက်တွဲ ဆိုးကျိုးတွေကို သိထားရုံနဲ့ မပြီးပါဘူး။ လုပ်သင့်ကိုင်သင့်တာ ကိုယ်နိုင်သလောက် လုပ်ကြဖို့ လိုပါတယ်။

ရာသီဥတုပြောင်းလဲခြင်း (Climate Change) ဒဏ်ကို ဖွံ့ဖြိုးဆဲနိုင်ငံများ၊ အထူးသဖြင့် ဖွံ့ဖြိုးမှုနောက်အကျဆုံးနိုင်ငံများ (LDC- Least Developed Countries) တွေကပို ခံစားရမယ်လို့ သိရပါသည်။ အကြောင်းရင်းကတော့ ပြောင်းလဲနေသော ရာသီဥတုနဲ့အညီ ပြောင်းလဲနေထိုင်နိုင်သော စွမ်းဆောင်မှု (Adaptive Capacity) အားနည်းမှုနဲ့ ကြိုတင်ပြင်ဆင်မှု (Preparedness) လျော့ပါးလို့ပါတဲ့။ ဒါ့အပြင် အဲဒီနိုင်ငံတွေမှာက ငွေကြေးဖောင်းပွမှုနှုန်း မြင့်မားခြင်း၊ လူဦးရေတိုးနှုန်းမြင့်ခြင်း၊ သယံဇာတကို ထုတ်လုပ်ရောင်းချပြီး စီးပွားရေးတည်ဆောက်နေရခြင်းတို့ကြောင့်လည်း ပတ်ဝန်းကျင် ယိုယွင်းမှုများရှိနေပြီး ရလဒ်အနေဖြင့် ဆင်းရဲနွမ်းပါးမှုမြင့်မားလာကာ ရာသီဥတုပြောင်းလဲခြင်းအတွက် ကြိုတင်စီမံ ဆောင်ရွက်ဖို့ဆိုတာ မလွယ်ပါဘူး။

သို့သော်လည်း တစ်ကမ္ဘာလုံးဟာ ပြောင်းလဲနေတဲ့ ရာသီဥတုအောက်မှာ နေနေရတော့ ဆင်းရဲပေမယ့် မျက်နှာသာပေးခံရပြီး ကင်းလွတ်ခွင့်ရမှာ မဟုတ်ပါဘူး။ မရတော့တဲ့ အခြေအနေမှာ ကိုယ့်လူမျိုးအလိုက် ကောင်းမွန်တဲ့ ရိုးရာအကျင့်စရိုက်လေးတွေကို ပြန်လည်ဖော်ထုတ်ပြီး လူအများက လိုက်နာလုပ်ကိုင်ကြရင်တော့ (ရာသီဥတုပြောင်းလဲခြင်းဘေးဒဏ်မှ) သက်သာရာ ရချည်ရဲ့လို့ တွေးမိပြီး ဒီဆောင်းပါး ရေးဖြစ်တာပါ။

အစားအသောက်အတွက်လှောင်လို့ရတဲ့ ကုန်ပစ္စည်းကို ၁-နှစ်စာ စားသုံးဖို့အတွက် ကြိုတင်သိုလှောင်ခြင်းဟာ အလွန်ကောင်းမွန်တဲ့ အလေ့အကျင့်ပါ။ သိုလှောင်ခြင်းအကျိုးကျေးဇူးတွေကတော့

(၁) စားသောက်ရေးအလွယ်တကူရရှိနိုင်သည်။

(၂) ငွေကြေးကုန်ကျ သက်သာစေပါသည်။

(၃) ဓာတုဆေးဝါးကင်းလွတ်ပါသည်။

သိုလှောင်တတ်ဖို့တော့ လိုပါသည်။ ဥပမာ ၂၀၁၅ ခုနှစ်၊ မေလတုန်းက စာရေးသူတို့ရဲ့ ရေဆင်းဈေးလေးမှာ ကြက်သွန်နီ (လပ်ချော) တစ်ပိသာဟာ ငွေကျပ် ၃၀၀၊ ၃၅၀ ပဲရှိခဲ့ပါတယ်။ မုန့်ဟင်းခါးထဲ ထည့်စားတဲ့ ကြက်သွန်နီဥအသေးဆိုရင် ပိဿာနဲ့တောင် မရောင်းတော့ဘဲ တစ်ပြည် (သစ်သီးလိမ့်ကျချင်တွယ်ဖြင့်) ၂၀၀/- ပဲရှိခဲ့ပါသည်။

ကြက်သွန်ရောင်းတဲ့ အဒေါ်အရွယ်ရှိ အမျိုးသမီးကို မေးကြည့်တော့ "ကျွန်မတို့ကပင် သည် (ပင်သယ်ဟုဖတ်ပါ) တွေ" ပါတဲ့၊ အဓိပ္ပာယ်က ကိုယ့်ဟာကို စိုက်ပြီးလာရောင်းတဲ့ လူတွေပါလို့ ဆိုလိုတာပါ "ကြက်သွန်နီဈေးကလဲ စိုက်ပျိုးခ မပြောနဲ့ နှုတ်ခတောင် မရလို့ ရသလောက်နဲ့ပဲ ရောင်းနေရတယ် ကိုက်လို့တော့ မဟုတ်ပါဘူး"တဲ့။ ဒီနေရာမှာ ပြောလိုတာတစ်ခုကတော့စိုက်ပျိုးသူတွေ စိုက်စရိတ်မကိုက်ရလောက်အောင် ဈေးနှုန်းကျသွားတာဟာ တိုင်းပြည်အတွက် ကောင်းတဲ့အလားအလာမဟုတ်ပါဘူး။ မကြာမီကလည်း ဗမာခရမ်းချဉ်သီး လက်လီ တစ်ပိဿာ ကို ၂၅၀ ဆိုတော့ ခရမ်းချဉ် စိုက်ခင်းမှာ ၁၅၀၊ ၂၀၀ သာ ရှိမှာမို့ စိုက်ပျိုးသူတို့ စရိတ်မကိုက်လောက်ဘူး။

မှတ်မိတာလေး တစ်ခုပြောလိုပါတယ်၊ စာရေးသူဂျပန်မှာ ပညာသင်စဉ်က တောရွာတွေ ကိုလက်တွေ့ ကွင်းဆင်းသွားတဲ့အခါ ဂျပန်အစိုးရက သူ့လယ်သမားတွေ လယ်ယာလုပ်ငန်း လုပ်ချင်ကိုင်ချင်စိတ် ယုတ်လျော့မသွားအောင် ထွက်ကုန်သီးနှံတွေကို လယ်သမား တွက်ချေကိုက်လောက်တဲ့အထိ ဈေးနှုန်းတိုးမြှင့် ဝယ်ပေးခဲ့တာကို ယခုထိ မှတ်မိနေပါသည်။ (Government Intervention) ပေါ့။ ကျွန်တော်တို့ဆီမှာလည်း အစိုးရက လယ်သမားတွေ သက်သာရာရစေဖို့ ဝင်ရောက်ထိန်းကွပ်တာမျိုး လုပ်နိုင်အောင် အောက်ခြေမှာ တကယ်ဖြစ်ပျက်နေတဲ့ ကိစ္စရပ်အဖုံဖုံကို လေ့လာကောက်ယူနေသော စနစ်နဲ့ Decision Maker ကို ဖြင့်မနေဘဲ တင်ပြပေးတဲ့ စနစ်ရှိသင့်ပါတယ်။

လယ်ယာမြေကို စွန့်ခွာပြီး အခြားနီးစပ်ရာ မြို့ကြီးပြကြီး၊ ထိုမှတစ်ဆင့် အိမ်နီးချင်း နိုင်ငံတွေစီအထိ သွားရောက် အလုပ်လုပ်နေကြတဲ့ အကြောင်းအရင်းတွေထဲမှာ သီးနှံစိုက်ပျိုးထုတ်လုပ်ရောင်းချရတာ တွက်ချေမကိုက်လို့ ဆိုတဲ့ အချက်တစ်ချက်လည်းပါမှာပါ။ (တခြားအချက်တွေဖြစ်တဲ့ မြေဈေးကောင်းခြင်း၊ ကြွေးပူရှိခြင်းတို့၊ ကျန်းမာရေး မကောင်းခြင်း၊ လောင်းကစား ထုံလွှမ်းခြင်း စတာတွေလည်း ရှိနိုင်ပါသည်)။

ဆက်ပြောရရင် ကြက်သွန်နီဟာ မကြာမီကာလတုန်းက တစ်ပိသာ ၃၀၀၀၊ ၄၀၀၀ အထိ ဈေးတက်ခဲ့ပါသည်။ ကြက်သွန်နီထားပုံ (သိုလှောင်) ပုံကတော့ သကြံန်အပြီးကာလ (ဧပြီနှောင်းပိုင်း၊ မေလဆန်း) ကျမှ ကြက်သွန်နီကိုဝယ်ပါ။ အစိုဓာတ်ရှိတဲ့ သမံတလင်းပေါ် မထားပါနဲ့။ အေးပြီး ခြောက်သွေ့တဲ့နေရာမှာ အောက်က သစ်သား၊ ဝါးဖျာ၊ ဝါးကြမ်း၊ ဝါးကပ် ပေါ်မှာ ကြက်သွန်နီကို ဖြန့်ထားပါ။ ရေမစိုပါစေနဲ့။

ငရုတ်လှောင်ပုံကတော့ မြေအိုး၊ စဉ့်အိုး အရွယ်လပ်လပ်ကို ဆေးကြောပြီး နေပူလှန်းပါ။ လှောင်မည့်ငရုတ်ကိုလည်း ခြောက်သွေ့သည်အထိ နေလှန်းပါ။ ပြီးလျှင် အိုးအောက်ခြေမှာ ရေငွေ့စုပ်ယူနိုင်ရန် မီးသွေးခဲ ပွပွထည့်ပါ။ ငရုတ်ထည့်ပါ။ အပေါ်မှနေ၍ လည်း မီးသွေးခဲ ထည့်ပါ။ လေလုံအောင် အဝတ်စည်းပြီးထားပါ။

ကြက်သွန်ဖြူကို (ဖြစ်နိုင်လျှင် အမိတ်မဖြတ်ရသေးမီ ကြက်သွန်ဖြူကိုဝယ်ပါ) အပူဓာတ်များများရသော (ဥပမာ-မီးဖိုဝန်းကျင်) တွင် ဆန်ကာအတွင်းထည့်ပြီး ချိတ်ဆွဲထားပါ။ အပူဓာတ်မရပါက တစ်ပတ်တစ်ခါ နေပူလှန်းပေးပါ။

ချင်းကိုဝယ်ပြီး မြေနေရာလွတ်ရှိက သဲ ၅၀ ရာခိုင်နှုန်း ထက်မနည်း ထည့်ထားသော ဘောင်တွင် မြှုပ်ထားပါ။ တစ်တက်နဲ့တစ်တက် တစ်ထွာခြား မြှုပ်ထားပါ။ မြေလွတ်မရှိက ဆန်ကောအတွင်းသဲထည့်ကာ မြှုပ်ထားပါ။

ပဲလှောင်ရန်အတွက် အိတ်အတွင်း ပဲထည့်ကာ ခြောက်သွေ့သော နေရာတွင်ထားပါ။ လေလုံသော ပလတ်စတစ်ပုံးအတွင်း၌လည်း ထားနိုင်ပါသည်။ သို့သော် နှစ်ပတ် တစ်ခါနေလှန်းခြင်း ပြုလုပ်သင့်ပါသည်။

နနွင်းကို နနွင်းတက်ပေါ်ချိန် (ဆောင်းရာသီ) တွင် ဝယ်ပြီးပြုတ်ပါ။ အခြောက်ခံပါ၊ ဆန်ခါကြမ်းဖြင့် ပွတ်ချေပြီး အခွံများဖယ်ရှားပါ။ စိတ်ချရသော ကြိတ်စက်မှာကြိတ်ပါ။ နနွင်းမှုန့်ရလာလျှင် ဆန်ကော၊ လင်ပန်းအတွင်းထည့်ကာ သံလိုက်တုံးဖြင့် ဖြတ်ပြီးမွှေပါ။ (ကြိတ်စက်ရှိသံတုံးမှ ကြွေကြသော သံအမှုန်များကင်းစင်ရန် ဖြစ်ပါသည်)။ ထို့နောက် လေလုံအောင် ပိတ်ဆို့ပြီးထားပါ။ တစ်လစာသုံး ကုန်နိုင်လောက်သော ပမာဏကို ဘူးသေးဖြင့် ခွဲထည့်သုံးစွဲပါ။

မကျည်းမှည့် (အစေ့ထုတ်ပြီး) ကို လှောင်မယ်ဆိုရင် မကျည်းမှည့်ကို ရိုးရိုးဆား အနည်းငယ်ဖြင့် နယ်ပါ။ ပြီးလျှင် လက်သီးဆုတ်လောက်ခန့် အလုံးလုံးပါ။ ပလပ်စတစ် အိတ်တွင်ထည့်ပါ။ ယင်းအထုပ်လေးများကို ဘီစကစ်မုန့်ပုံးကဲ့သို့ သံပုံးအလွတ်တွင် ထည့်ပြီး လေလုံအောင်ပိတ်ပါ။ အသုံးလို၍ယူသည့်အခါယူပြီး လေလုံအောင် ပြန်ပိတ်ပါ။

ထိုနည်းတူ သရက်သီးခြောက်၊ မရမ်းပြားခြောက်၊ သခွတ်ပွင့် (အညာရပ်တွင် ဟင်းငုတ်ပွင့်ဟုလည်းခေါ်) တို့ကို နေလှန်းပြီး လေလုံအောင်ထားပါက တစ်နှစ်လည်စာထား၍ ရပါသည်။

အဆိုပါ အစာများကို မိမိအိမ်တွင် သိမ်းဆည်းထားခြင်းဖြင့် အလွယ်တကူ သန့်စင်သော၊ အန္တရာယ်ကင်းသော (အရောင်ဆိုးဆေးဝါးများမပါသော) အစာတို့ကို ရနိုင်ပြီး မိမိ၏ ကျန်းမာရေးကို အထောက်အကူပြုကာ ငွေကြေးချွေတာရာလည်း ရောက်ပါသည်။

စာရေးသူ၏ ကျမ်းကြီးကြပ် ဆရာဖြစ်သော ဂျပန်လူမျိုးပါမောက္ခ တစ်ဦး၏ ပြောကြားချက်ကို ပြန်လည်မျှဝေလိုပါသည်။ "တို့ဂျပန်တွေက နိုင်ငံဖွံ့ဖြိုးစတုန်းမှာ ဝင်ငွေကောင်းလာပေမယ့် အသုံးစရိတ်မှာ ချွေတာကြတယ်၊ အထူးသဖြင့် စားစရိတ်မှာ ချွေတာကြတယ်ကွ"။ အိမ်ကနေ ရေညှိထမင်းလိပ် သုံးထောင့်ချွန်လေး သုံးခုလောက်နဲ့ Green Tea ရေနွေးဓာတ်ဘူး တစ်ဘူးလောက်သာပါလျှင် နေ့ချင်းပြန်ခရီးအတွက် အဆင်ပြေသည်၊ အဆိုပါ အစားအသောက်အတွက် ကုန်ကျစရိတ် ဘာမှမရှိ ယန်း ၂၀၀ (၂ ဒေါ်လာသာ) ရှိပါသည်။ သူတို့ရရှိသောလစာနှင့် နှိုင်းယှဉ်လျှင် ဘာမျှမပြောပလောက်ချေ။ ချွေတာကြတာပြောပါသည်။

ရာသီဥတုပူပြင်းလာတော့မည်၊ ရေခန်းတော့မည်၊ စသည့် ဥတုရာသီဘေးကိုပြောနေရုံနှင့်မပြီး၊ တစ်ကမ္ဘာလုံးမှာလည်း ဒီကိစ္စတွေဖြစ်ပျက်နေတာမို့ အစိုးရတွေချည့် မှာလည်း တာဝန်ရှိနေတာမျိုးမဖြစ်သင့်၊ ပြည်သူတစ်ဦးချင်းကလည်း၊ ချွေတာစုဆောင်းခြင်း၊ ကြိုတင် စီမံခန့်ခွဲခြင်းတို့ကို ပြုလုပ်မှသာ (တစ်နည်းအားဖြင့် Adaptive measures များ ပြုလုပ်မှသာ) ခရီးရောက်ကြမှာမို့ သိုလှောင်သိမ်းဆည်းစုဆောင်းသင့်သည်များ ကြိုတင်ဆောင်ရွက်နိုင်ကြရန် ရေးသားရပေသည်။ ။

> ချင်းကိုဝယ်ပြီး မြေနေရာလွတ်ရှိက သဲ ၅၀ ရာခိုင်နှုန်း ထက်မနည်း ထည့်ထားသော ဘောင်တွင် မြှုပ်ထားပါ။ တစ်တက်နဲ့တစ်တက် တစ်ထွာခြား မြှုပ်ထားပါ။ မြေလွတ်မရှိက ဆန်ကောအတွင်းသဲထည့်ကာ မြှုပ်ထားပါ။ ပဲလှောင်ရန်အတွက် အိတ်အတွင်း ပဲထည့်ကာ ခြောက်သွေ့သော နေရာတွင်ထားပါ။ လေလုံသော ပလတ်စတစ်ပုံးအတွင်း၌လည်း ထားနိုင်ပါသည်။ သို့သော် နှစ်ပတ် တစ်ခါနေလှန်းခြင်း ပြုလုပ်သင့်ပါသည်။

## ဝန်ထမ်းလုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာစွမ်းရည်မြှင့်သင်တန်းဆင်း

**မြောက်ဦး ဖေဖော်ဝါရီ ၉**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ စွမ်းရည်မြှင့် (ဆင့်ပွား) သင်တန်း အမှတ်စဉ် (၁/၂၀၁၆) သင်တန်းဆင်းပွဲကို ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြောက်ဦးမြို့ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်ခန်းမ၌ ဖေဖော်ဝါရီ ၆ ရက်က ကျင်းပသည်။

အဆိုပါ သင်တန်းသို့ကျောက်တော်မြို့နယ် မင်းပြားမြို့နယ် မြေပုံမြို့နယ်များမှ သင်တန်းသား၊ သင်တန်းသူ ၁၈ ဦး တက်ရောက်ခဲ့ကာ သင်တန်းတွင် ရုံးစာရေးသားနည်းနှင့်စီမံခန့်ခွဲနည်းဆိုင်ရာဘာသာရပ်၊ ငွေစာရင်းထိန်းသိမ်းနည်း ဆိုင်ရာဘာသာရပ်၊ ပြည်သူ့စာကြည့်တိုက်များစီမံခန့်ခွဲမှုဆိုင်ရာ ဘာသာရပ်၊ နိုင်ငံ့ဝန်ထမ်းဥပဒေ သတင်း မီဒီယာ၊ ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ နည်းဥပဒေ စသည့်ဘာသာရပ်များကိုပို့ချခဲ့ပြီးသင်တန်းကာလတစ်လျှောက်တွင် ထူးချွန်ဆုရရှိသူများအား ခရိုင်ဦးစီးအရာရှိ ဦးတင်ရွှေက ဆုများအသီးသီးချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

## မြဝတီမြို့တွင်လမ်းများဖွင့်လှစ်

**မြဝတီ ဖေဖော်ဝါရီ ၉**

မြဝတီမြို့အမှတ် ၃ ရပ်ကွက်ရှိ အေးချမ်းသာယာလမ်းနှင့် အမှတ်(၁)ရပ်ကွက်အတွင်းရှိ သန္တာလမ်းတို့အား ဖေဖော်ဝါရီ ၇ ရက် နံနက် ၉ နာရီက ဖွင့်လှစ်ခဲ့ကြောင်းသိရသည်။

ယင်းနေ့လမ်းဖွင့်ပွဲတွင် ကရင်ပြည်နယ်စည်ပင်ဝန်ကြီး ဦးသံဒိုင်က အစိုးရသက်တမ်းကာလအတွင်း လမ်းတံတားအဆောက်အအုံများ ဆောင်ရွက်ပေးခဲ့ပုံများကိုပြောကြားခဲ့ပြီး မြို့နယ် စည်ပင်ဒုညွှန်မှူး ဦးကျော်ကျော်ဦးက လမ်းနှင့်ပတ်သက်သည့် အချက်အလက်များကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါလမ်းဖွင့်ပွဲကို ကရင်ပြည်နယ်အစိုးရအဖွဲ့ဝင်များ တက်ရောက်ခဲ့သည်။ **တင်ဝင်းလှိုင်(ကော့ကရိတ်)**

## မီးဘေးကြိုတင်ကာကွယ်ရေးလေ့ကျင့်

**ကျိုက်ထို ဖေဖော်ဝါရီ ၉**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် သိမ်ဇရပ်စံပြကျေးရွာ စည်ပင်သာယာဈေးတွင် မြို့နယ်မီးသတ်တပ်ဖွဲ့ဦးစီးမှူးဦးတင်ထွေးနှင့် တပ်ဖွဲ့ဝင်များက သိမ်ဇရပ်အရန်မီးသတ်တပ်ခွဲနှင့်ပူးပေါင်းကာ ဖေဖော်ဝါရီ ၈ ရက် နံနက်တွင် မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြနှင့် ဇာတ်တိုက်လေ့ကျင့်မှုပြုလုပ်ခဲ့သည်။

ယင်းသရုပ်ပြမှုတွင် ကျိုက်ထိုမြို့နယ် မီးသတ်ဦးစီးဌာနမှ မီးသတ်ယာဉ်တစ်စီးနှင့် သိမ်ဇရပ်အရန်မီးသတ်တပ်ခွဲမှ မီးသတ်ယာဉ်တစ်စီးတို့ဖြင့် မီးငြိမ်းသတ်ပုံ ဇာတ်တိုက်လေ့ကျင့်ခဲ့ကြသည်။ **(ရဲခေါင်ဦး)**

# မော်လူး ဒီပက်ရာဘုရားပွဲ ငါးရက်တိုင်တိုင် ကျင်းပမည်



**အင်းတော် ဖေဖော်ဝါရီ ၉**

နှစ်စဉ်ကျင်းပမြဲဖြစ်သော စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် မော်လူးဒေသရှိတတိယသင်္ဂါယနာတင် သီရိမ္မာသောကမင်းကြီး လှူဒါန်းကောင်းမှုဖြစ်သော တန်ခိုးကြီးဘုရားသမိုင်းဝင် ဒီပက်ရာမဟာစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကို ဖေဖော်ဝါရီ ၁၈ ရက်မှ ၂၂ ရက် (တပို့တွဲလဆန်း ၁၀ ရက်မှ တပို့တွဲလပြည့်)အထိ ငါးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည် ဖြစ်သည်။

အဆိုပါ စေတီတော်မြတ်ကြီးကို မော်လူးကျေးရွာအနီး မော်လူးမှ အနောက်ဘက်နှစ်မိုင်ခန့်အကွာတွင် ကြည်ညိုဖွယ်ရာ ဖူးတွေ့ရမည်ဖြစ်ပါသည်။ ဤစေတီတော်ကြီးကို တတိယသင်္ဂါယနာတင် သီရိမ္မာသောကမင်းကြီးက စေလွှတ်သော သာသနာပြုအဖွဲ့မှ ရဟန္တာအရှင်ဂန္ဓမာ မထေရ်ဦးစီးပြီး သာသနာသက္ကရာဇ် ၂၂၄ ခုနှစ်၊ တပေါင်းလပြည့် ဗုဒ္ဓဟူးနေ့ နံနက် နှစ်ဆယ့်နှစ်ဖဝါး၊ နေကြတ်၊ လကြတ်အချိန်တွင် တစ်ချိန်တည်း ပြီးစီးအောင်တည်ခဲ့ပါသည်။ ဘုရားဒါယကာမှာ သကျနွယ်ဝင် သာကီဝင်မျိုးဖြစ်သော ဒေဝဒဟမင်းသား စော်ဘွားဖြစ်ပါသည်။

ပထမတည်ထားသော စေတီတော်၏ ဖိနပ်တော်မှာ ၄-တောင်၊ ၂-မိုက်၊ ၄-သစ်ဖြစ်ပြီး ဉာဏ်တော်မှာ ၆-တောင်၊ ၂-မိုက်၊၄သစ်ရှိပါသည်။ စေတီတော်၏ မူလဘွဲ့တော်မှာ "မဟာစေတီ"ဖြစ်ပါသည်။

သက္ကရာဇ် ၁၂၇၁ ခုနှစ် တပို့တွဲလပြည့်နေ့တွင် သူရောင်းရွာ ဆရာတော်စိန်(ဦးဝိမလဗုဒ္ဓိ)အကြီးအမှူး နာယကပြု၍ ဦးဆောင်ကာ ဘုရားဒါယကာအဖြစ်ခံယူစေကာ ဘုရားတည်ရန် အုတ်မြစ်ချပွဲ ကျင်းပကာ စေတီတော်ကြီးကို စတင်တည်ထားတော်မူပါသည်။ စေတီတော်ကြီးစတည်ပြီး ၁၂၇၃-ခုနှစ်တွင် ဌာပနာပိတ်ပွဲ ကျင်းပတော်မူပြီးနောက် ၁၂၇၅ ခုနှစ် တပို့တွဲလပြည့်နေ့တွင် စေတီတော်မြတ်ကြီးအား ထီးတော်မြတ်ကို တင်လှူတော်မူပါသည်။

ဒီပက်ရာ မဟာစေတီတော်မြတ်ကြီး ပြန်လည်စတင်တည်ထားသော ၁၂၇၁ ခုနှစ်မှစ၍ နှစ်စဉ်ပင် ဗုဒ္ဓပူဇနိယဘုရားပွဲတော်ကြီးကို တပို့တွဲလဆန်း ၁၀ ရက်မှ ၁၅ ရက် လပြည့်နေ့အထိ ခြိမ့်ခြိမ့်သဲမျှ ပူဇော်ကျင်းပခဲ့ပါသည်။

မော်လူးဒေသနှင့် ဝေးနီးမြို့ရွာများမှ ဘုရားဖူးဧည့်ပရိတ်သတ်များ လာရောက်ကြည်ညိုကြရာ ဗုဒ္ဓပူဇနိယဘုရားပွဲတော်မှာ နှစ်စဉ်ပင် အထူးစည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခြင်းများသည် စေတီတော်ကြီး၏ ထင်ပေါ်ကျော်စောသော တန်ခိုးတော်ပင်ဖြစ်ပါသည်။

ရှေးလက်ရာဟန်ပန်များ တတိယသင်္ဂါယနာတင် သီရိမ္မာသောကမင်းကြီး လှူဒါန်းကောင်းမှုဖြစ်သော ဒီပက်ရာမဟာ စေတီတော်မြတ်ကြီးသည် ခေတ်ကာလအဆက်ဆက်တွင် ညွှတ်တွားကော်ရော် ဆည်းကပ်ကိုးကွယ်ခဲ့ကြပြီး စောင့်ရှောက်လာကြသည်ဖြစ်၍ ယခုအခါရှေးလက်ရာဟန်ပန်များဖြင့် ဖူးမြော်ခွင့်ရရှိနေသော စေတီတော်ကြီး တစ်ဆူဖြစ်ပါသည်။ နှစ်ပေါင်းတစ်ရာ့ခြောက်နှစ်ပြည့် တော့မည့် ဒီပက်ရာ မဟာစေတီတော်ကြီးကို သက္ကရာဇ် ၁၂၇၁ ခုနှစ်မှစ၍ ပြန်လည်တည်ထားကိုးကွယ်ခဲ့ရာ ယခု ၁၃၇၇ ခုနှစ်၊ တပို့တွဲလပြည့်နေ့တွင် နှစ်ပေါင်း တစ်ရာ့ခြောက်နှစ် ပြည့်မြောက်တော့မည်ဖြစ်ပါသည်။

ထိုသို့နှစ်ပေါင်းတစ်ရာခြောက်နှစ်ပြည့်သောကာလ၌လည်း တန်ခိုးကြီးသမိုင်းဝင်ဒီပက်ရာမဟာစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို မော်လူးဒေသအတွင်းရှိ ဆရာတော်၊ သံဃာတော်များနှင့် ဂေါပကအဖွဲ့တို့ ဦးဆောင်လျက် စည်ကားသိုက်မြိုက်စွာ ကျင်းပကြမည်ဖြစ်ကြောင်း သိရသည်။

**ကိုမင်း(အင်းတော)**

# ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမျိုးကြွယ်နှင့် တွေ့ဆုံခြင်း

*ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်သည် မြန်မာနိုင်ငံတွင်စိုက်ပျိုးရေးကဏ္ဍဆိုင်ရာအဆင့်မြင့် ပညာရပ်များကိုသင်ကြားပေးသည့် တစ်ခုတည်းသောတက္ကသိုလ်ကြီးအဖြစ် သမိုင်းအစဉ်အလာကြီးမားစွာ ရပ်တည်လျက်ရှိသည်။ စိုက်ပျိုးရေးတက္ကသိုလ်ဘွဲ့ရများသည် စိုက်ပျိုးရေးနိုင်ငံဖြစ်သည့် မြန်မာနိုင်ငံ၏ စိုက်ပျိုးထုတ်လုပ်ရေးကဏ္ဍအသီးသီးတွင် ပါဝင်ကာတာဝန်ထမ်းဆောင်နေကြသည်။ ထို့ကြောင့် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်အကြောင်း သိမှတ်ဖွယ်ရာများအား မင်းလှသား၏ မေးမြန်းမှုများအားဖော်ပြလိုက်ရပါသည်။*

**ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်ရဲ့ သမိုင်းကြောင်းကို ဦးစွာပြောပြပေးပါ။**

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်ရဲ့ သမိုင်းကြောင်းဟာ ၁၉၂၄ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်တွင် မန္တလေးမြို့မှာစတင်ခဲ့ပါတယ်။ စတင်ဖွင့်လှစ်ခဲ့စဉ်ကဗမာ့စိုက်ပျိုးရေးကောလိပ်နှင့် သုတေသနဌာနဟု အမည်တွင်ခဲ့ပြီး ၁၉၃၈ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်ရဲ့ လက်အောက်ခံစိုက်ပျိုးရေးကောလိပ် တစ်ခုအဖြစ်လည်းကောင်း၊ ၁၉၄၇ ခုနှစ်မှာ ရန်ကုန်တက္ကသိုလ်ရဲ့ စိုက်ပျိုးရေးမဟာဌာနအဖြစ် မန္တလေးမြို့တွင်လည်းကောင်း၊ ၁၉၅၈ ခုနှစ်မှာ မန္တလေးတက္ကသိုလ်ရဲ့ လက်အောက်ခံစိုက်ပျိုးရေးမဟာဌာနအဖြစ်လည်းကောင်း ရပ်တည်ခဲ့ပါတယ်။ ၁၉၆၄ ခုနှစ်မှာ သီးခြားစိုက်ပျိုးရေးတက္ကသိုလ်အဖြစ်ရပ်တည်နိုင်ခဲ့ပြီး ၁၉၇၃ ခုနှစ်မှာ မန္တလေးကနေ ရေဆင်းကို ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ပါတယ်။ ၁၉၉၃ ခုနှစ်တွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လက်အောက်သို့ ရောက်ရှိခဲ့ပြီး၊ ၁၉၉၆ ခုနှစ် အောက်တိုဘာ ၁၆ ရက်တွင် စိုက်ပျိုးရေးတက္ကသိုလ်မှ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်အဖြစ် အမည်နာမပြောင်းလဲခေါ်တွင်ခဲ့ပါတယ်။ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်ဟာ ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်တွင် နှစ် ၉၀ သက်တမ်းရှိခဲ့ပြီး နဝရတ်ရတုတိုင်ခဲ့ပြီဖြစ်ပါတယ်။ ဒါကတော့ တက္ကသိုလ်ရဲ့ သမိုင်းကြောင်းပါ။

**တက္ကသိုလ်ရဲ့ ရည်မှန်းချက်ကိုလည်းရှင်းပြပေးပါ။**

တက္ကသိုလ်ရဲ့ ရည်မှန်းချက်ကတော့ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ဖို့ မြန်မာနိုင်ငံရဲ့ စိုက်ပျိုးရေးနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးမှုကို အဓိကစွမ်းဆောင်တဲ့ တက္ကသိုလ်တစ်ခု ဖြစ်လာစေဖို့သာမက နည်းပညာတီထွင်ဆန်းသစ်မှုများနဲ့ သိပ္ပံနည်းကျ အသိပညာအတတ်ပညာများကို နိုင်ငံအဝှမ်း ဖြည့်ဆည်းပေးနိုင်ရန်ဆိုပြီး ရည်မှန်းချက်ထားရှိပါတယ်။

**တက္ကသိုလ်ရဲ့ အဓိကတာဝန်ကိုလည်းပြောပြပေးပါ။**

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှာ အဓိကတာဝန်သုံးရပ်ရှိပါတယ်။ ပထမတစ်ချက်ကတော့ အစဉ်ကောင်းမွန်တိုးတက်တဲ့ နည်းစနစ်တွေနဲ့ စိုက်ပျိုးရေးထုတ်ကုန်တွေ တိုးမြင့်လာစေဖို့ စိုက်ပျိုးရေးဆိုင်ရာအသိပညာဗဟုသုတတွေနဲ့ လူသားအရင်းအမြစ်တွေ ဖြည့်ဆည်းပံ့ပိုးပေးဖို့ ဖြစ်ပါတယ်။ ဒုတိယတစ်ချက်ကတော့ အသိပညာအတတ်ပညာပြည့်စုံဖို့ အရည်အချင်းပြည့်တဲ့ စိုက်ပျိုးရေးပညာရှင်တွေ မွေးထုတ်ပေးဖို့နဲ့ အလုပ်အကိုင်နဲ့ စီးပွားရေးအခွင့်အလမ်းတွေ ဖန်တီးပေးဖို့ဖြစ်ပြီး နောက်ဆုံးတစ်ချက်ကတော့ နိုင်ငံတော်ရဲ့ စိုက်ပျိုးရေးဆိုင်ရာသုတေသနနဲ့ တိုးချဲ့ပညာပေးရေးလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ရေးမှာ စဉ်ဆက်မပြတ်ပါဝင်ဖြည့်ဆည်းပေးဖို့ ဖြစ်ပါတယ်။

**ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှာ အရည်အသွေးမူဝါဒကို ဘယ်လိုချမှတ်ထားပါလဲ။**

အရည်အသွေးမူဝါဒ (Quality Policy) ကတော့ ကျောင်းသား၊ ကျောင်းသူတွေ စိုက်ပျိုးရေးတက္ကသိုလ်က ဘွဲ့ရတွေကို အလုပ်ခန့်ထားမယ့် အစိုးရအဖွဲ့အစည်းတွေနဲ့ ကုမ္ပဏီတွေရဲ့ လိုအပ်ချက်တွေကို ပြဋ္ဌာန်းထားတဲ့ နည်းဥပဒေ၊ စည်းကမ်းတွေနဲ့အညီ စဉ်ဆက်မပြတ် ပံ့ပိုးဖြည့်ဆည်းပေးနိုင်ဖို့ တက္ကသိုလ်ပြင်ပအဖွဲ့အစည်းတွေရဲ့ အကြံပြုချက်တွေ၊ ဌာနတွင်းဌာနပြင်ပစာရင်းစစ်တွေရဲ့ စီမံခန့်ခွဲမှုဆိုင်ရာသုံးသပ်ချက်တွေကို အခြေခံဖို့ အရည်အသွေးစီမံခန့်ခွဲမှုစနစ် (Quality Management System) နဲ့ တက္ကသိုလ်ရဲ့ အရည်အသွေးကို မြှင့်တင်ဖို့ အကောင်အထည်ဖော်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**စိုက်ပျိုးရေးဆိုင်ရာပညာရပ်များ သင်ကြားပို့ချပေးတဲ့ဌာနတွေကိုပြောပြပေးပါ။**

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှာ စိုက်ပျိုးရေးဆိုင်ရာပညာရပ်တွေ သင်ကြားပို့ချပေးတဲ့ ဌာနခုနစ်ခုရှိပါတယ်။ အဲဒီဌာနခုနစ်ခုကတော့ လယ်ယာသီးနှံစိုက်ပျိုးရေးပညာဌာန၊ အပင်မျိုးမွေးမြူရေး၊ ဇီဝကမ္မဗေဒနဲ့ ဂေဟဗေဒဌာန၊ မြေဆီလွှာနဲ့ ရေသိပ္ပံပညာဌာန၊ အပင်ရောဂါဗေဒဌာန၊ ကီမိလနဲ့ သတ္တဗေဒဌာန၊ ဥယျာဉ်ခြံသီးနှံပညာနဲ့ စိုက်ပျိုးရေးဇီဝနည်းပညာဌာနနဲ့ စိုက်ပျိုးစီးပွားပညာဌာနတို့ပဲဖြစ်ပါတယ်။

**သီးနှံအထူးပြုဘာသာရပ်များ သင်ကြားပေးနေမှုကိုလည်း ရှင်းပြပေးပါခင်ဗျာ။**

၂၀၀၆ ခုနှစ်မှာ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်ရဲ့ မူလကျင့်သုံးနေတဲ့ Elective Stream အစား သီးနှံအထူးပြုဘာသာရပ်တွေအဖြစ် ပြောင်းလဲသတ်မှတ်ခဲ့ပါတယ်။ နေရာဒေသအလိုက် အထူးပြုသီးနှံ တက္ကသိုလ်ကျောင်းခွဲတွေဖွင့်လှစ်ဖို့ အတည်ပြုခဲ့ပြီး ကျောင်းခွဲတွေအနေနဲ့ မှော်ဘီမှာ စပါးအထူးပြုကျောင်းခွဲ၊ လှည်းကူးမှာ ဥယျာဉ်ခြံသီးနှံအထူးပြုနဲ့ သီးနှံကာကွယ်ရေးအထူးပြုကျောင်းခွဲ၊ မကွေးမှာ ပဲမျိုးစုံအထူးပြုနဲ့ ဆီထွက်သီးနှံအထူးပြုကျောင်းခွဲ၊ ကျောက်ဆည်(လွန်ကျော်)မှာ ဝါသီးနှံအထူးပြုကျောင်းခွဲ၊ ဖြူး(ညောင်ပင်သာ)မှာ ကြံသီးနှံအထူးပြုကျောင်းခွဲ၊ အောင်ပန်းမှာ ပြောင်းဖူးနဲ့ အခြားနှံစားသီးနှံ အထူးပြုကျောင်းခွဲ၊ မော်လမြိုင်(ဖားအောက်)မှာ နှစ်ရှည်သီးနှံ အထူးပြုကျောင်းခွဲတွေ ဖွင့်လှစ်ခဲ့ပြီး နောက်နှစ်တွေမှာ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှာ စိုက်ပျိုးစီးပွားရေး အထူးပြုနဲ့ မြေဆီလွှာသိပ္ပံဘာသာရပ် အထူးပြုသင်တန်းတွေကို ဖွင့်လှစ်ခဲ့ပါတယ်။

**နှစ်အလိုက် သင်ကြားပို့ချပေးမှုကိုလည်းရှင်းပြပေးပါ။**

၁၉၉၉-၂၀၀၀ ပြည့်နှစ် ပညာသင်နှစ် ပထမနှစ်သင်တန်းမှစတင်ပြီး ပညာသင်နှစ်ကို ငါးနှစ်သင်တန်းမှ လေးနှစ် သင်တန်းအဖြစ်ပြောင်းလဲခဲ့ပါတယ်။ သင်တန်းကာလမှာ ငါးနှစ်မှ လေးနှစ်သို့ လျှော့ချသင်ကြားနေတဲ့ ကာလဖြစ်တဲ့အတွက် ပထမနှစ်နဲ့ ဒုတိယနှစ်တွေမှာ အင်္ဂလိပ်စာ၊ မြန်မာစာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ရုက္ခဗေဒ၊ သတ္တဗေဒစတဲ့ အခြေခံဘာသာရပ်တွေအပြင်၊ သီးနှံစိုက်ပျိုးရေး၊ စိုက်ပျိုးရေးရုက္ခဗေဒ၊ စိုက်ပျိုးရေးဓာတုဗေဒ၊ အပင်ရောဂါဗေဒ၊ ကီမိလဗေဒ၊ ဥယျာဉ်ခြံသီးနှံစိုက်ပျိုးရေး၊ စိုက်ပျိုးစီးပွားရေး၊ တိရစ္ဆာန်မွေးမြူရေးနှင့် စက်မှုလယ်ယာ ဘာသာရပ်တွေကိုသင်ကြားပေးရပါတယ်။ ဒုတိယနှစ်အောင်မြင်တဲ့အခါ သက်ဆိုင်ရာ သီးနှံအထူးပြုဘာသာရပ်များကို စိတ်ပါဝင်စားမှုနဲ့ဒုတိယနှစ်သင်တန်းရမှတ် အနည်းအများ အလိုက် တက်ရောက် သင်ကြားခွင့်ပြုခဲ့ပါတယ်။ ဒေသအလိုက် နောက်ထပ် ၂ နှစ်တာ ဆက်လက်သင်ယူစေပါတယ်။ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်မှ စတင်ကာပညာသင်နှစ်ကို လေးနှစ်မှ ငါးနှစ်သို့ ပြန်လည် ပြောင်းလဲ သတ်မှတ်ခဲ့ပါတယ်။ ယခုအခါ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှာ ဘွဲ့ကြို၊ ဘွဲ့လွန်သင်ကြားရေးလုပ်ငန်းများသာမက တောင်သူတွေကို အကျိုးပြုနိုင်တဲ့ ပညာပေးလုပ်ငန်းများ၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး စိုက်ပျိုးရေးဘွဲ့ (B.Agr.Sc.)၊ စိုက်ပျိုးရေးဒီပလိုမာဘွဲ့ (PGD in Agriculture)၊ စိုက်ပျိုးရေးမဟာသိပ်ပံဘွဲ့ (M.Agr.Sc.) နှင့် စိုက်ပျိုးရေးပါရဂူဘွဲ့ (Ph.D.) ဘွဲ့ရပညာရှင်တွေ မွေးထုတ်ပေးနေပါတယ်။

**နိုင်ငံတကာနဲ့ပူးပေါင်းဆောင်ရွက်နေမှုကိုလည်း ရှင်းပြပေးပါခင်ဗျာ။**

နိုင်ငံတကာ အဖွဲ့အစည်းတွေအနေနဲ့ ဂျပန်အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်း (JICA) နဲ့ ပူးပေါင်းဆောင်ရွက်နေတာရှိပါတယ်။ JICA က အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၆ သန်းအကုန်အကျခံ တည်ဆောက်ထားတဲ့ ခေတ်ခွဲခန်းကို ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၆ ရက်မှာ ဖွင့်ခဲ့ပါတယ်။

ဂျပန်နိုင်ငံကပါမောက္ခ သုံးယောက်က ဘာသာရပ်ဆိုင်ရာ နည်းပညာလိုအပ်ချက်ကို ငါးနှစ်စီမံကိန်းနဲ့ လာရောက်ပို့ချ ပေးနေပါတယ်။ နောက်တစ်နိုင်ငံက ဩစတေးလျပါ။ ပဲကိုအခြေခံသောစိုက်စနစ်စီမံကိန်း (Legumes-based Farming Systems) နဲ့ တောင်သူပညာပေးရေး(Agricultural Extension Education) အတွက်ဆောင်ရွက် နေတာရှိပါတယ်။ Australia- AVI မှ သင်ရိုးညွှန်းတမ်း ပြင်ဆင်ခြင်းနဲ့ အင်္ဂလိပ်စာအတွက် လာရောက်ဆောင်ရွက်ပေးနေပါတယ်။ နောက်ထပ်တစ်နိုင်ငံကတော့ ကိုရီးယားပါ။ Mokpo National University မှတ်ပို အမျိုးသားတက္ကသိုလ်နဲ့ ဥယျာဉ်ခြံသီးနှံ ဘာသာအတွက် နှစ်နှစ်စီမံကိန်းအဖြစ် နှစ်နိုင်ငံကဆရာတွေနဲ့ ကျောင်းသားတွေ အပြန်အလှန် သွားရောက်သင်ကြားလေ့လာမှုတွေ ဆောင်ရွက်နေတာရှိပါတယ်။ နောက်ထပ်နိုင်ငံတွေက အမေရိကန်၊ ဥရောပဘက်ကနယ်သာလန်တို့နဲ့ ပူးပေါင်းဆောင်ရွက်နေတာရှိပါတယ်။ နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ထိုးထားတာက ၁၆ ခုရှိပါတယ်။ ဂျပန်၊ တရုတ်၊ ဩစတေးလျ၊ ဂျာမနီ၊ ထိုင်း၊ ဖိလစ်ပိုင် စတဲ့နိုင်ငံတွေနဲ့ လက်မှတ်ရေးထိုးထားပါတယ်။ နောက်ထပ်ရေးထိုးဖို့ပြင်ဆင်နေတာလည်း ၁၀ ခုလောက်ရှိပါတယ်။

**မြန်မာနိုင်ငံရဲ့ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ဖို့ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်အနေနဲ့ ဘယ်လို ဆက်လက်ပါဝင်ဆောင်ရွက်ဖို့ ရည်မှန်းထားတယ်ဆိုတာပြောပြပေးပါဆရာကြီး။**

မြန်မာနိုင်ငံရဲ့ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖို့ စိုက်ပျိုးရေးပညာရှင်တွေ ပိုမိုမွေးထုတ်ဖို့ လိုအပ်ပါတယ်။ သင်ကြားရေးဆိုင်ရာ ဆရာ၊ ဆရာမတွေ ပိုမိုခန့်ထားဖို့နဲ့ သင်ကြားရေးမဟုတ်သော သုတေသနဝန်ထမ်းတွေ၊ ပညာရှင်တွေပိုမိုခန့်ထားနိုင်ဖို့ ရည်မှန်းထားပါတယ်။ နိုင်ငံတကာကို ပညာတော်သင်တွေ စေလွှတ်တာ၊ ပူးပေါင်းဆောင်ရွက်တာတွေ ပိုမိုဆောင်ရွက်ဖို့ရှိပါတယ်။ ကျောင်းတွေ ထပ်မံတိုးချဲ့တာ၊ သင်ကြားရေးဆိုင်ရာပညာရပ်တွေ အဆင့်မြှင့်တာတွေလုပ်ရမယ်။ စိုက်ပျိုးရေးကို အခြေခံပြီး စက်မှုလယ်ယာစနစ်ကိုအကောင်အထည်ဖော်ရာမှာ လိုအပ်တဲ့ပညာရှင်တွေ မွေးထုတ်ပေးဖို့ ဆောင်ရွက်နေတာရှိသလို တက္ကသိုလ်မှာရှိတဲ့ သင်ကြားရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းတွေ၊ စာသင်ဆောင်တွေ၊ ကျောင်းသားအဆောင်တွေ၊ ဆရာတွေနဲ့ ဝန်ထမ်းတွေရဲ့ လိုအပ်ချက်တွေကို ကြိုးစားဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါတယ်။

**အခုလိုဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်ဆရာကြီး။ ။**

**(မင်းလှသား)**

❐

ဖတ်စရာ

# မကွေးတိုင်းထဲက သမိုင်းဝင်မြို့ကလေး

ဧ ဖေယျတု(မကွေး)



မကွေးမြို့မှ မကွေး-တောင်တွင်းကြီး လမ်းအတိုင်း မိုင် ၂၀ ခရီးနှင့်ပြီး လမ်းခွဲငယ်တစ်ခုအတွင်း ၇ မိုင်ခရီးချိုးကွေ့ဝင်လိုက်ပါက ပုဂံခေတ်လက်ရာများဖြင့် လွမ်းမောစရာမြို့ဟောင်းတစ်ခုကို မြင်တွေ့ရမည်ဖြစ်သည်။ ဘယ်နေရာဟုမပြောဘဲ ဘုရားတစ်ဆူ၏ခြေတော်ရင်း ရောက်နေမိသည်ဆိုပါက ဒါပုဂံဟု ပြောမိလိမ့်မည်သာဖြစ်၏။ အဆောက်အအုံများနှင့် ဘုရားပုထိုးများ၏ တည်နေပုံက အတိတ်သမိုင်း၏ မျက်နှာစာများကို တစ်ချပ်ချင်းလှပ်မကြည့်ဘဲမနေနိုင်အောင် ဖြစ်ခဲ့ရသည့် မြို့လေးတစ်မြို့ဟုလည်း ဆိုရပေလိမ့်မည်။

ဂျပန်ခေတ်ဗုံးဒဏ်၊ အမြောက်ဒဏ်များဖြင့် အနာအဆာဗရပွကြားမှ ပြန်လည်နိုးထခဲ့ရသော ထိုမြို့လေးပေါ်တွင် မြို့တစ်မြို့၏အခင်းအကျင်း၊ ဝိုင်းမြေချထားမှုနှင့် လမ်းမကြီးများက သူသည်မြို့ဖြစ်ကြောင်း မဝံ့မရဲသက်သေထူနေသော်လည်း လတ်တလောတွင် ရွာတစ်ရွာအဖြစ် ရပ်တည်ခွင့်သာရရှိနေခဲ့သည်။ သမိုင်းတန်ဖိုးကြီးမားသော အဆင်တန်ဆာများဆင်မြန်းထားသော်လည်း သူ၏အမည်နာမကို ဖွင့်ဟမပြောရဲလောက်အောင် ဒဏ်ရာများက ပြင်းထန်လှသည်။သူ့အပေါ်မိုးထားသော အရိပ်မည်းတို့က သူနှင့်မည်သို့မျှမသက်ဆိုင်ကြောင်း သူ့မှာပြောခွင့်မသာ။



မြန်မာတို့ နှစ်တစ်ရာကျော် သူ့ကျွန်ဘဝရောက်စေခဲ့သည့် သမိုင်းတရားခံများအနက် တစ်ဦးအပါအဝင်ဖြစ်ပြီး မြန်မာ့စက်မှုနိုင်ငံတော်ကြီး၏ ရှေ့ဆောင် ကနောင်မင်းသားကြီးကိုလုပ်ကြံခဲ့သူက သည်မြို့လေး၏ အမည်နာမဖြင့် သမိုင်းမှတ်တမ်းဝင်နေခဲ့သည်။ ထို့ကြောင့် လူတစ်ယောက်ကိုသာမဟုတ်ဘဲ နိုင်ငံတစ်ခု၏ အနာဂတ်ကိုပါ လုပ်ကြံသူတစ်ဦး အပိုင်စားခွင့်ရသည့် မြင်ကွန်းဆိုသော မြို့လေးမှာ မပြေးသော်လည်းကန်ရာရှိဆိုသည့်အတိုင်း သမိုင်းအသိနည်းသောလူအများစု၏ မှတ်ဉာဏ်တွင် အဆိုးအကျဉ်ရာထင်ကျန်ရစ်မည်ကို စိုးလှပေသည်။

မြင်ကွန်းမြို့ဆိုသည်က ပုဂံခေတ်ကတည်းက တည်ရှိခဲ့သောမြို့တစ်မြို့ဖြစ်ပြီး ပုဂံခေတ်လက်ရာ ဘုရားစေတီပုထိုး၊ ဂူကျောင်း ၆၀ ဝန်းကျင်ခန့် သမိုင်းသက်သေများအဖြစ် ကျန်ရှိနေသေးသောမြို့တစ်မြို့ဖြစ်ပြီး ပုဂံခေတ်ကျောက်စာများကို ရှေးဟောင်းသုတေသနဦးစီးဌာနမှ ကျောက်စာရုံငါးခုဖြင့် သိမ်းဆည်းထားရသည်။ လေးဆူစံဘုရား၊ လေးမျက်နှာဘုရား၊ ငါးမျက်နှာဘုရား၊ ရွှေနန်းပေါက်ဘုရား၊ ကွမ်းထမ်းညီနောင်ဘုရား၊ မုန့်ပေါင်းသည်ညီအမဘုရား၊ လေးထပ်ကျောင်း၊ ရဟန္တာသိမ်၊ ကုလားကျောင်းဂူပျက်၊ ရှင်အဇ္ဇဂေါဏဂူ တို့မှာ မြင်ကွန်းဒေသအတွင်း ထင်ရှားလှသည်။

ပုဂံခေတ်ကျောက်စာများအရ မြင်ကွန်းမြို့၏ စီးပွားရေးချောင်လည်ပုံ၊ သူဌေးသူကြွယ်များကအစ မုဆိုးမအဆုံး ဘုရားတည်ကျောင်းဆောက်လှူဒါန်းနိုင်ပုံ၊ ထေရဝါဒဗုဒ္ဓသာသနာထွန်းကားခဲ့ပုံတို့ကို သိရှိရပြီး မြို့သူကြီးအဆင့် အုပ်ချုပ်စီရင်မှုများပြုလုပ်ခဲ့ပုံကိုလည်း တွေ့ရမည်ဖြစ်သည်။ လေးမျက်နှာဘုရားအတွင်းမှ နံရံဆေးရေးပန်းချီများ၊ အပေါ်ပစ္စယံထိတက်နိုင်သည့် နံရံအတွင်းလမ်းများကိုလည်း လေ့လာနိုင်ပြီး လေးမျက်နှာဘုရား၏ အနောက်ဘက်တွင် အဂ္ဂိရတ်လမ်းစိတ်ဝင်စားသူတို့အတွက် အဖိုးအနဂ္ဂထိုက်သော ရှင်အဇ္ဇဂေါဏ(ရှင်မထီး) ဖိုထိုးရာနေရာ၊ တရားထိုင်ရာနေရာ ထွက်ရပ်ပေါက်အောင်ဂူကို တွေ့မြင်ရသည်။ ထိုက်သူတို့အတွက် ပြဒါးပြာများ ရခွင့်ကြုံသည်ဟုလည်း ဆိုကြသည်။

မြင်ကွန်းမြို့တွင် ကျေးဇူးကန်းသောမင်းတစ်ပါးအဖြစ်ကျော်ကြားသည့် စောလူးမင်းယာယီမြို့နန်းတည်၍ ကျုံး၊ မြို့ရိုးများတည်ဆောက်၍ နေခဲ့ဖူးကြောင်း သမိုင်းသုတေသီတို့၏မှတ်တမ်းများအရ သိရပြီး ခရစ်သက္ကရာဇ် ၁၈၆၈ ခုနှစ်က မြင်ကွန်းမြို့ကိုအစိုးရသော မြို့ဝန်ကို မြင်ကွန်း၊ တောင်ခွင်၊ ပဌာနဂိုရ် သုံးမြို့ဝန်ဟုခေါ်ဆိုကြောင်း မှတ်သားရသည်။

မြင်ကွန်းမင်းသားဆိုသည်က အမရပူရမြို့၌ မင်းတုန်းမင်းအိမ်နိမ့်စံဘဝတွင် တောင်ရွှေရေးဆောင် မိဖုရားမှမွေးသော အကြီးဆုံးသားဖြစ်ပြီး ငယ်နာမည်မောင်မျိုးအေး၊ ပထမဆုံးရသောဘွဲ့မည်သီလဝ၊ ပုဂံမင်းလက်ထက် သတိုးမင်းလှကျော်စွာဘွဲ့နှင့် မတဲမြို့ကိုစားရသူ၊ ဖခမည်းတော် မင်းတုန်းမင်းနန်းတက်သောအခါ သုမဟာသီရိဓမ္မရာဇာဘွဲ့နှင့် မြင်ကွန်းမြို့ကိုစားရသောကြောင့် မြင်ကွန်းမင်းသားဟု အမည်တွင်ခဲ့သူ၊ အိမ်ရှေ့စံကနောင်မင်းသားကြီး၏သမီးတော် တောင်ညိုမင်းသမီး နှင့် လက်ထပ်ခဲ့သဖြင့် ကနောင်မင်းသားကြီး၏ သားမက်တော်စပ်သူ တစ်ဦးဖြစ်သည်။

မြင်ကွန်းမင်းသားသည် မင်းတုန်းမင်း၏ သားတော်များတွင် အသက်အကြီးဆုံး၊ သတ္တိအကောင်းဆုံး၊ စိတ်ဓာတ်အထက်ဆုံးသူတစ်ယောက်ဖြစ်ပြီး ညီတော်၊ နှမတော်များက ချစ်ကြောက်ရိုသေရသောသူတစ်ဦးဖြစ်ပြီး သားတော်ကို အိမ်ရှေ့စံမပေးဘဲ ညီတော်ကို ထီးမွေနန်းလျာထားသည့်အတွက် ခမည်းတော်နှင့် ဦးရီးတော်ကနောင်မင်းသားကြီးအပေါ် အငြိုးထားသူဖြစ်သည်။ မင်းတုန်းမင်းက နေပြည်တော်တွင် ကျွဲသား၊ နွားသားမစားရ၊ မသတ်ရ အမိန့်ထုတ်ထားသည်ကို ဖီဆန်၍ မင်္ဂလာနွားဖြူကို မြင်းခုံတိုင်မင်းသားနှင့်ပေါင်း၍ သတ်စားခဲ့သူ၊ မင်းမိန့်ဖီဆန်၍ သေဒဏ်ထိုက်သည်ကို ကနောင်မင်းသားကမသတ်ဘဲ ချုပ်ရုံသာ ချုပ်နှောင်ခဲ့ဖူးသည်ကို အငြိုးအမှတ်ထားရှိသူဖြစ်သည်။

မင်းတုန်းမင်းသည် သားတော်များနှင့် မိဖုရားများကို ရင်းနှီးချစ်ခင်ကြောင်းပြသသည့်သဘောဖြင့် ဟင်းများချက်ခိုင်းခြင်း၊ မုန့်ပဲသားရေစာများပြုလုပ်ခိုင်းခြင်းတို့ကို စေခိုင်းလေ့ရှိပြီး ယင်းလုပ်ရပ်အပေါ် သဘောမတွေ့သဖြင့် သားတော်တွေဘာဟင်းချက်တတ်လည်း မေးသည်ကို အရွဲ့တိုက်ကာ အမဲသားဟင်းချက်တတ်သည်ဟု ပြန်ဖြေသူမှာလည်း မြင်ကွန်းမင်းသားဖြစ်ပြီး မယ်တော်ဆောင်မှဆက်သည့် မုန့်နေရာတွင် မုန့်နှင့်တူအောင်ကြော်ထားသော ဆင်သေ၏သိုအားလည်း ပေးဝံ့သောသူလည်းဖြစ်သည်။

မြင်ကွန်းမင်းသားသည် မြင်းခုံတိုင်မင်းသားနှင့်တိုင်ပင်၍ ပုန်ကန်ရန်စီစဉ်ရာ ကနောင်မင်းသားကြီးထံ လျှို့ဝှက်အကြောင်းကြားသော သူ၏မိဖုရားကို အဖေကိုလင်ထက်ပိုချစ်ရကောင်းလားဆိုပြီး အင်္ဂတေထောင်းသောမောင်းဆုံထဲတွင် အရှင်လတ်လတ်တုတ်နှောင်ကာ ထည့်ထောင်းသတ်ဖြတ်ရက်သူလည်းဖြစ်သည်။ ထိုကဲ့သို့ စိတ်နေစရိုက်ရှိသူတစ်ဦးဖြစ်သည်နှင့်အညီ သက္ကရာဇ် ၁၂၂၈ ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၇ ရက်၊ ခရစ်နှစ် ၁၈၆၆ ခုနှစ် ဩဂုတ်လ ၂ ရက်တွင် စလေဦးပုည၏ အခါပေးမှုအရ မင်းသားညီနောင် ရန်ဖြစ်ချင်ယောင်ဆောင်၍ ကနောင်မင်းသားကြီးကိုလုပ်ကြံရာ မြင်းခုံတိုင်မင်းသားလက်ချက်ဖြင့် ကနောင်မင်း ကံကုန်ခဲ့ရ၏။

ဖခင်မင်းတုန်းမင်းကို မြို့နန်းတစ်ခြမ်းရသည်ထိ တိုက်ခိုက်လုပ်ကြံနိုင်ခဲ့သော်လည်း ကနောင်မင်း ကံကုန်သည်ကိုမသိဘဲ နောက်မှလိုက်လာသော ကနောင်မင်းသားကြီးတပ်နှင့်တွေ့မှ အရေးနိမ့်ထွက်ပြေးခဲ့ရပြီး ရန်ကုန်သို့လာရာလမ်းခရီး၌ အင်္ဂလိပ်တပ်မှဖမ်းဆီးခြင်းကိုခံရကာ ကပ္ပလီကျွန်း၊ ကာလကတ္တား၊ ချူနာမြို့၊ ဗာရာဏသီမြို့များသို့ အဆင့်ဆင့်ပို့ဆောင်ခြင်းခံခဲ့ရသည်။ မြင်ကွန်းမင်းသားသည် ဗာရာဏသီ အကျယ်ချုပ်နေရာမှ ထွက်ပြေးလွတ်မြောက်ခဲ့ပြီး ပြင်သစ်အပိုင် ချန္ဒရာနဂိုမြို့သို့အရောက်သွားကာ ပြင်သစ်အစိုးရထံ ခိုလှုံခဲ့သည်။ မင်းဖြစ်ရန် အမျိုးမျိုးကြိုးစားရင်း ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၌ အသက် ၇၉ နှစ်အရွယ်တွင် ကွယ်လွန်ခဲ့သည်။

မြင်ကွန်းမြို့သည် သူ့အကြောင်းနှင့်သူ တည်ရှိမြဲဖြစ်သော်လည်း မြင်ကွန်းမင်းသားမှာကား သူ့သဘောသူဆောင်ကာ သွားခဲ့သူတစ်ဦးဖြစ်သည်။ သို့သော်သမိုင်းမှာကား မြင်ကွန်းမြို့စား မင်းသားတစ်ပါးကြောင့် မျက်နှာမလှခဲ့ရသည်က မြင်ကွန်းဒေသဖြစ်သည်။

ကိုလိုနီလက်ထက် သက္ကရာဇ် ၁၉၀၈ ခုနှစ်တွင် မကွေးမြို့ဝန် မစ္စတာဝိုးလ်က မြင်ကွန်းကို စနစ်တကျ မြို့ကွက်ပြန်ချ၍ လမ်းများကို အရှေ့၊ အနောက်၊ တောင်၊ မြောက် ဖြောင့်တန်းစွာဖောက်လုပ်ခဲ့ပြီး ရပ်ကွက်ခြောက်ရပ်ကွက်ဖြင့် မြို့ကွက်ပြန်လည်ဖော်ထုတ်ခဲ့သည်။ ဂျပန်ခေတ်ကပင် လျှပ်စစ်မီးရရှိခဲ့သော ဒေသတစ်ခုလည်းဖြစ်သည်။ မြင်ကွန်းဒေသသည် လက်တလောအခြေအနေတွင် ကျေးရွာ ၁၀ ရွာပါဝင်သော တိုက်နယ်တစ်ခုဖြစ်ပြီး အိမ်ခြေ ၁၄၀၀ ခန့်၊ လူဦးရေ ၅၃၀၀ ခန့်ရှိကာ ဒေသခံအများစုက ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းကိုလုပ်ကိုင်ကြပြီး လူအနည်းစုသာ စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြသည်။

မြင်ကွန်းဧရာဝတီဆိပ်ကမ်းသည် ယခင်က မကွေးမြို့မှ လာရောက်ရောင်းဝယ်ဖောက်ကားကြသော ကုန်သည်တို့၏ လှေ၊ သင်္ဘောများဖြင့် စည်ကားဖွံ့ဖြိုးခဲ့သောဒေသတစ်ခုဖြစ်ခဲ့ပြီး ယနေ့ဆိပ်ကမ်းမှာ စက်လှေငယ်လေးအချို့ဖြင့် ခရီးသွားလာခြင်း၊ ကုန်ပစ္စည်းသယ်ယူခြင်း အနည်းငယ်သာကျန်ရှိတော့သည်။ မြို့မှ ရွာအသွင် တဖြည်းဖြည်းကူးပြောင်းခဲ့ရပြီး သူကြီးအာဏာမက်သူတစ်ဦးကြောင့် မြို့အဆင့်သတ်မှတ်ပေးမည့် အခြေအနေဖြစ်ပေါ်ခဲ့ဖူးသော်လည်း အခွင့်အရေးလက်လွှတ်ခဲ့ရသည်မှာ ယနေ့ထိဖြစ်ကြောင်း ဒေသခံများက ပြောဆိုနေကြသည်။

မြင်ကွန်းဒေသအဝင်၌ မြင်ကွန်းမြို့ဟု ဆိုင်းဘုတ်တပ်ဆင်ထားသော်လည်း ယနေ့အုပ်ချုပ်ရေး မှတ်တမ်းများအရ မြင်ကွန်းမှာ ကျေးရွာအုပ်စုတစ်ခုအဖြစ်သာ တည်ရှိနေခဲ့သည်။

အကြောင်းရာဂုဏ်ငယ်၍ မြို့မှ ရွာအဆင့်ရောက်နေရသည်။ ရှေးဟောင်းအမွေအနှစ်များ၏ တန်ဖိုး၊ ရိုးသားအေးဆေးလှသော ဒေသခံတို့၏ စိတ်ထားများက မြင်ကွန်းဒေသ၏ တုန္နိုင်းမဲ့အလှတရားများပင်ဖြစ်သည်။ ထိုအလှတရားများကို မြန်မာအချင်းချင်းကြား၊ နိုင်ငံရပ်ခြားခရီးသွားများကြား ရင်ခုန်ခံစားခွင့် ရစေချင်သည်။

မကွေးမြို့နှင့် ၃၈ မိုင်အကွာရှိ ယူနက်စကို အသိအမှတ်ပြု (World Heritage List) ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဗိဿနိုးမြို့ဟောင်းသို့မရောက်မီ တစ်ထောက်နားလေ့လာစရာ တန်ဖိုးရှိနေရာလေးတစ်ခုဖြစ်စေချင်သည်။

မကွေး-တောင်တွင်းကြီးလမ်း မိုင် ၂၀ ခရီးနေရာတွင်ရှိသော မြင်ကွန်းလမ်းခွဲမှာ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၏ စီမံဆောင်ရွက်မှုဖြင့် မြေသားလမ်းမှ ကတ္တရာလမ်းအဆင့်တိုးမြှင့်နိုင်ခဲ့ပြီဖြစ်သည်။

မြင်ကွန်းအရောက် ၇ မိုင်သာရှိသောလမ်းခွဲလေးမှာ ကောင်းမွန်ပြေပြစ်လှသည်။ သို့သော် မြင်ကွန်းရောက်ရန် ၇ ဖာလုံမှစ၍ မြေသားလမ်းကိုသာ အသုံးပြုနိုင်မည်ဖြစ်သည်။

မိုးတွင်းရောက်လျှင် သွားရေးလာရေးခက်ခဲနိုင်သောကြောင့် ကတ္တရာလမ်းလေးအား မြင်ကွန်းမြို့ဟောင်းအရောက်ခင်းပေးလျှင် ပို၍ကောင်းမည်ထင်သည်။ မြင်ကွန်းသမိုင်းကို လူပုဂ္ဂိုလ်အချို့က ညစ်ထေးစွန်းပေစေခဲ့သည်။ မြို့အဖြစ်မှ ရွာအကြာရာပြောင်းခဲ့ရသည်။ သည်ဒေသကကလေးငယ်တွေ၊ မျိုးဆက်သစ်တွေကို ဘဝပေးအခြေအနေများ၊ စိတ်ခွန်အားများ ဆုတ်ယုတ်လျော့ပါးမသွားစေလိုပါ။ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးနယ်ပယ်ပေါင်းစုံမှ အထောက်အပံ့ကောင်းများဖြင့် သမိုင်းကောင်းများ ကျန်ရစ်စေချင်သည်။

မြင်ကွန်းရေ သမိုင်းမျက်နှာစာအလယ်မှာ အကြာရာအရွယ်ကအစ မျက်နှာငယ်ခဲ့ရတာ ဘာကြောင့်လဲဟု ပြန်မဖြေနိုင်သည့်မြို့လေးကို အကြိမ်ကြိမ်အထပ်ထပ် မေးဖြစ်ခဲ့သည်။ သို့သော် မြင်ကွန်းမြို့ဟောင်းလေး၏ အလှတရားများ၊ စိတ်ဝင်စားစရာ သမိုင်းနောက်ခံများ၊ တန်ဖိုးထား မှတ်တမ်းတင်စရာ ယဉ်ကျေးမှုအမွေအနှစ်များက လာရောက်လေ့လာသူများ၏ စိတ်နှလုံးကို ကျေနပ်မှုပေးနိုင်လိမ့်မည်ဟူသောယုံကြည်ချက်တော့ ရှိနေသေးသည်။ မြင်ကွန်းမြို့ဟောင်းလေးက နွေးထွေးစွာ ကြိုဆိုနေမည်မှာလည်း သေချာသည်။

ကျမ်းကိုး-

-မောင်သန်းဆွေ(ထားဝယ်)၏ ကုန်းဘောင်ရှင်းတမ်း၊

- တက္ကသိုလ်စိန်တင်၏ ငွေခါးဗိုလ်

- ရွှေကိုင်းသား၏ နှစ်(၁၀၀)ပြည့် မန္တလေး အဘိဓာန်

## ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကွင်းဆင်းစစ်ဆေး

**ကျောက်ကြီး ဖေဖော်ဝါရီ ၉**

ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးသိန်းလွင်သည် တောင်ငူခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်သန်းလွင်နှင့်အတူ ဖေဖော်ဝါရီ ၂ ရက်တွင် ကျောက်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ ရောက်ရှိခဲ့ပြီး ဝန်ထမ်းများနှင့်တွေ့ဆုံကာ ဝန်ထမ်းများ၏ လိုအပ်ချက်များ၊ အခက်အခဲများနှင့် ဝန်ထမ်းရေးရာကိစ္စရပ်များအား ဆွေးနွေးညှိနှိုင်းပေးခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးဦးစီးမှူးနှင့်အဖွဲ့သည် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန ရန်ပုံငွေဖြင့်ဆောင်ရွက်သည့် ငဲကုန်း-ငဗျက်အင်း-အင်းနက်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်း၊ ကျေးရွာလျှပ်စစ်မီးလင်းရေးလုပ်ငန်းများ၊ ကျေးလက်ရေရရှိရေးလုပ်ငန်းများနှင့် မြေသားလမ်းဖောက်လုပ်ခြင်းလုပ်ငန်းများအား ကြည့်ရှုစစ်ဆေးခဲ့ပြီး သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားခဲ့သည်။ **(ကြေးမုံ)**

# စစ်ကိုင်းဒေသကြီး မုံရွာမြို့နယ်အတွင်း၌ အလှူပွဲများ ကျင်းပရာတွင် အကဆန်းများဖြင့် စည်းကားစွာ ကျင်းပ



**မုံရွာ ဖေဖော်ဝါရီ ၉**

စစ်ကိုင်းဒေသကြီး မုံရွာမြို့နယ်အတွင်း၌ အလှူပွဲများကျင်းပရာတွင် လူရိုင်းအကများအား ကြိုက်နှစ်သက်ကြသဖြင့် ယင်းအကများဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ကြောင်း သိရသည်။

အညာဒေသတွင် အလှူပွဲများကျင်းပရာ၌ ရိုးရာဝလေ့အကများဖြင့် ဖျော်ဖြေလေ့ရှိကြပြီး ယခုအခါ ခေတ်အကြိုက် လူရိုင်းအကများဖြင့် ဖျော်ဖြေမှုအား ကြိုက်နှစ်သက်လာ၍ ယင်းအကများဖြင့် ကျင်းပလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့အညာဒေသက ပြာသို၊ တပို့တွဲ၊ တပေါင်းလများရောက်ရင် သားရတနာ၊ သမီးရတနာတွေကို ရှစ်ပါးပရိက္ခရာစုံလင်စွာနဲ့ မြတ်ဗုဒ္ဓသာသနာအတွင်း ရှင်သာမဏေအဖြစ် သွတ်သွင်းချီးမြှင့်ကြတယ်။ ရှေးအစဉ်အလာမပျက် အလှူပွဲများကျင်းပခဲ့တာလည်း အခုအချိန်ထိပဲ စဉ်ဆက်မပြတ်ခဲ့ပါဘူး။ ဒါပေမယ့် အခုလူရိုင်းအကဟာ ကြည့်ကောင်းတယ်။ အထူးအဆန်းလည်းဖြစ်တော့ အခုအလှူပွဲဟာ အခြားအလှူများထက်စည်းကားတော့ ပျော်စရာကောင်းပါတယ်" ဟု ရှင်လောင်းလှည့်ပွဲသို့ လာကြည့်ရှုသူတစ်ယောက်က ပြောပြသည်။

"အခုလို အလှူပွဲဟာ ကထိန်အောင်ပွဲကို အလှူနဲ့တွဲလုပ်တော့ ပိုမိုစည်းကားပါတယ်။ အခုလည်း ရိုးရာကိုမဖျက်ဘဲ မောင်ရှင်လောင်းများကို ဝေါများ၊ မြင်းများနဲ့လည်း စည်ကားစွာလှည့်လည်ပါတယ်။ ဒါပေမယ့် အခုလို တောဝလေ့ရိုးရာလူရိုင်းအကများနဲ့လှည့်လည်တော့ အလှူဒါယကာနှင့် အလှူဒါယိကာမတို့လည်း ပျော်ရွှင်နေတာတွေ့ရပါတယ်" ဟု လူရိုင်းအကဖြင့်ဖျော်ဖြေသူတစ်ဦးက ပြောသည်။ **မင်းမင်း(မြန်/ဆက်)**

# နေ့ချင်းပြီးဖြေရှင်းဆောင်ရွက်ပေးမည့် အများပြည်သူ့ဝန်ဆောင်မှု (One Stop Shops ) ရေဦး၌ဖွင့်လှစ်

**ရေဦး ဖေဖော်ဝါရီ ၉**

ဒေသခံပြည်သူများ၏စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးအခက်အခဲများကို တစ်နေရာတည်းတစ်ထိုင်တည်း နေ့ချင်းပြီးဖြေရှင်းဆောင်ရွက်ပေးမည့် အများပြည်သူ့ဝန်ဆောင်မှု (One Stop Shops) ရုံးကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးဝင်းအတွင်း၌ ဖေဖော်ဝါရီ ၄ ရက် နံနက်ပိုင်းက စတင်ဖွင့်လှစ်ခဲ့ကြောင်းသိရသည်။

ပြည်သူ့ဝန်ဆောင်မှုရုံးတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဘိလိယက်ခုံလိုင်စင်ပြုလုပ်လျှောက်ထားနိုင်ရန် ထောက်ခံချက်ပေးခြင်း၊ ဇာတ်ပွဲ၊ အငြိမ့်ပွဲ၊ နတ်ကနားပွဲ၊ အလှူဆိုင်းတီးခွင့်ပြုမိန့်လျှောက်ထားခြင်း၊ ယစ်မျိုးလိုင်စင်ကတ်ပြားထုတ်ပေးခြင်း၊ စက်မြင်းကောင်ရေ ၂၀ အောက် စက်တပ်ရေယာဉ်သက်တမ်းတိုးခြင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှ အသင်းအဖွဲ့မှတ်ပုံတင်ဆောင်ရွက်ခြင်းကို ထောက်ခံခြင်း၊ အခွန်လေးမျိုးထောက်ခံပေးခြင်း၊ ဘိလိယက်ခုံလိုင်စင်သက်တမ်းတိုးလျှောက်ထားခြင်းကို ထောက်ခံပေးခြင်း၊ ပွဲမိန့်လျှောက်ထားခြင်းကို ထောက်ခံပေးခြင်းတို့ကို ဆောင်ရွက်ပေးသည်။

မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုနှင့် စာရင်းအင်းဦးစီးဌာနမှ မြေစာရင်းပုံစံ (၁၀၅/၁၀၆) ရေးကူးပေးခြင်း၊ လယ်ယာမြေလုပ်ပိုင်ခွင့်ပျက်စီးပျောက်ဆုံးပါက အသစ်လျှောက်ထားနိုင်ရေး စီမံဆောင်ရွက်ပေးခြင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှန်ပုံတင်ရေးဦးစီးဌာနမှ အိမ်ထောင်စုစာရင်းတွင် မွေးဖွားသူအမည်စာရင်း ဖြည့်စွက်ပေးခြင်း၊ အိမ်ထောင်စုစာရင်းတွင် သေဆုံးသူအမည်စာရင်းပယ်ဖျက်ပေးခြင်း၊ ထောက်ခံတင်ပြပေးရန် လိုအပ်ပါက လုပ်ကိုင်ဆောင်ရွက်ပေးမည်ဖြစ်သည်။

စည်ပင်သာယာရေးကော်မတီမှ အနေ့းယာဉ်လိုင်စင် စားသောက်ဆိုင်လိုင်စင်၊ ဘေးအန္တရာယ်ရှိစေသည့်လုပ်ငန်းနှင့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာလုပ်ငန်းလိုင်စင်၊ ပြည်တွင်းအခွန်ဦးစီးဌာနမှ ရုံးခွန်ကပ်တံဆိပ်ခေါင်း၊ အခွန်ကပ်တံဆိပ်ခေါင်း တန်ဖိုးနည်းအခွန်နှိပ်တံဆိပ်ခေါင်းများ၊ ကျန်းမာရေးဦးစီးဌာနမှ မွေးဖွားစာရင်းဆိုင်ရာလုပ်ငန်းများဆောင်ရွက်ပေးခြင်း၊ သေစာရင်းလက်မှတ်ထုတ်ပေးခြင်း၊ သချိုင်းလက်မှတ်ထုတ်ပေးခြင်းများ ဆောင်ရွက်ပေးမည်ဖြစ်သည်။

မြန်မာ့လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ရပ်ကွက်နေပြည်သူများမှတင်ပြသည့် အိမ်သုံးမီတာ၊ ပါဝါမီတာ၊ ကိုယ်ပိုင်ထရန်စဖော်မာလျှောက်ထားခြင်း၊ တပ်ဆင်ခြင်း၊ မီးပျက်မှုအကြောင်းကြားခြင်း၊ ဓာတ်အားလိုင်းကြိုးပြတ်ခြင်း၊ မီးတိုင်ကျိုးခြင်း၊ ကြွေသီးကွဲခြင်း၊ အန္တရာယ်ရှိနိုင်သောအရာများနှင့်ပတ်သက်၍ ဆောင်ရွက်မည်ဖြစ်သည်။

မြို့နယ်မီးသတ်ဦးစီးဌာနမှ အထပ်မြင့်အဆောက်အအုံများ၊ စက်ရုံအလုပ်ရုံများတည်ဆောက်ခြင်းအတွက် မီးဘေးလုံခြုံရေးအကြံပြုချက်များပေးခြင်း၊ စက်သုံးဆီဆိုင်များတည်ဆောက်ခြင်းကို မီးဘေးလုံခြုံရေးအတွက် ထောက်ခံချက်နှင့် အကြံပြုချက်ပေးခြင်းများ ဆောင်ရွက်မည်ဖြစ်သည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လမ်းလုပ်ငန်းများ၊ ကျောက်ချောလမ်း၊ မြေသားလမ်း၊ တံတားလုပ်ငန်းများ၊ (ရေကျော်တံတား) ရေပေးရေးလုပ်ငန်းများ၊ တွင်းတိမ်၊ တွင်းနက် မြေသားကန်၊ မီးလင်းရေးလုပ်ငန်းများ၊ ဆိုလာမီးလင်းရေး၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ၊ ကျေးလက်အိမ်ရာလုပ်ငန်းများ၊ ကျေးလက်ကျန်းမာသန့်ရှင်းရေးလုပ်ငန်းများ၊ ယင်လုံအိမ်သာ၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ တိရစ္ဆာန်များအားကူးစက်ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်း၊ ရောဂါဖြစ်တိရစ္ဆာန်များအား ဆေးကုသပေးခြင်း၊ နို့စားနွား၊ အသားစားနွား ခိုင်းနွား၊ မေထုန်မဲ့နည်းဖြင့် သားစပ်ပေးခြင်း ခေတ်မီမွေးမြူရေးနည်းစနစ်များ ပညာပေးဟောပြောပေးသွားမည်ဖြစ်သည်။

မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ငါးမွေးကန်လိုင်စင်ခွန်ကောက်ခံခြင်း၊ ရေထွက်ပစ္စည်း ဝယ်ယူစုဆောင်းခွင့်လိုင်စင်ကောက်ခံခြင်း၊ တင်ဒါငါးဖမ်းကွက်လုပ်ငန်းများဆောင်ရွက်ခြင်း၊ တစ်ပိုင်တစ်နိုင်ငါးမွေးကန်များ တိုးချဲ့မွေးမြူရေးကွင်းဆင်းစည်းရုံး ဟောပြောခြင်း၊ သစ်တောဦးစီးဌာနမှ ဓမ္မတာမျိုးဆက်ခြင်း၊ ကြိုးဝိုင်းနယ်နိမိတ်ပြင်ဆင်ခြင်း၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင်မည့် သစ်တောတည်ထောင်ခြင်းလုပ်ငန်းများကို ပုံမှန်ရုံးဖွင့်ချိန်အတွင်း ဆောင်ရွက်ပေးနေပြီဖြစ်ကြောင်း ပြည်သူ့ဝန်ဆောင်မှုရုံးမှ သိရသည်။

**သန်းထိုက်(ရေဦး)**


ဦးစိုးရွှေမြင့် B.Sc (Hons:), M.Sc (Engineering Physics) (YU), I.D.C.S (NCC, London)
ဒေါ်သန္တာထွန်း B.Sc (Physics) ဦးစီးတည်ထောင်ဖွင့်လှစ်သည့်

မြန်မာ့ပညာရေးကို အနိုင်ုဒိုးအားအားပေးသော MEC

MYANMAR EDUCATION CENTRE

မြန်မာ့ပညာရေးအောင်မြေ

ကိုယ်ပိုင်အထက်တန်းကျောင်း
သူငယ်တန်း မှ ဒသမတန်း

ပညာရေးဝန်ကြီးဌာန ခွင့်ပြုချက်မှတ်ပုံတင်အမှတ် - ကက ၁၃/၀၂/၀၉၃

၂၀၁၆ - ၂၀၁၇ ပညာသင်နှစ်အတွက် ကျောင်းအပ်လက်ခံပြီ
သူငယ်တန်းမှ နဝမတန်းအထိ (မေလ ၄ ရက်) နေ့တွင် စတင်ဖွင့်လှစ်ပါမည်။
ဒသမတန်းကို (မတ်လ ၂၁ ရက်) နေ့တွင် စတင်ဖွင့်လှစ်ပါမည်။

ကျောင်းတည်နေရာ MEC-1 အမှတ် (၁၅၈)၊ ခရေပင်လမ်းမကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။
MEC-2 အမှတ် (၅၉၊ ၆၀၊ ၆၁)၊ ပိတောက်လမ်း၊ ၂ (က) ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။
ဆက်သွယ်ရန် ၀၉ ၅၁၀ ၂၁၃၃၊ ၀၉ ၇၉၈၁၃၆၁၈၈၇၊ ၀၉ ၅၀ ၅၅၂၀၃၊ ၀၉ ၉၆၁၇၃၅၄၅၁

ကျောင်းပုံစံနှင့် ပြင်ဆင်မှု
- ကျယ်ဝန်းသော ကိုယ်ပိုင်မြေပေါ်တွင် ကျောင်းပုံစံဆောက်လုပ်ထား၍ -
  - စာသင်ခန်းများ ကျယ်ဝန်းပြီး လေဝင်လေထွက်နှင့် အလင်းအား အထူးကောင်းမွန်ခြင်း
  - ဘေးကင်းလုံခြုံမှုရှိ၍ ကျယ်ဝန်းသော အားကစားကွင်း ပါရှိခြင်း
  - ကျောင်းသားကျောင်းသူ ဝင်ဆံ့အားနှင့် အဆောက်အဦး၏ ခံနိုင်ရည်တို့ကို သေချာစွာ တွက်ချက်၍ ဆောက်လုပ်ထားခြင်းကြောင့် လုံခြုံစိတ်ချရမှုရှိခြင်း
  - ကျောင်းနေရာ တည်ငြိမ်မှုရှိခြင်း (မပြောင်းရွှေ့ရပါ) တို့နှင့် ပြည့်စုံပါသည်။
- စာသင်ခန်းတိုင်းတွင် လေအေးပေးစက် (Air Condition) များအပြည့်တပ်ဆင်ထားပြီး သောက်သုံးရေအတွက် ရေသန့်စက် တပ်ဆင်ထားရှိပါသည်။

သင်ကြားမှုပုံစံ၊ စနစ်နှင့် ဖွဲ့စည်းပုံ
- နိုင်ငံတော်မှ ချမှတ်ပေးထားသော သင်ရိုးညွှန်းတမ်းများအား တည်ထောင်သူ၊ ကျောင်းအုပ်ချုပ်မှု အဖွဲ့ဝင်များနှင့် ကျောင်းအုပ်ကြီး၏ စီမံအုပ်ချုပ်မှုဖြင့် သက်ဆိုင်ရာဘာသာရပ်သင် ဆရာ၊ ဆရာမများမှ စဉ်ဆက်မပြတ် သင်ကြားခြင်း၊ လေ့ကျင့်ခြင်း၊ တတ်မြောက်မှုစစ်ဆေးခြင်းတို့ကို စည်းစနစ်ကျနစွာဖြင့် ကြပ်မတ်ဆောင်ရွက်မည် ဖြစ်ပါသည်။ (အစိုးရကျောင်းကြီးတက်ရန်နှင့် ကျူရှင်ထပ်မံယူရန် မလိုအပ်ပါ။)
- စေတနာနှင့် ဝါသနာတို့ကို အရင်းခံပြီး ထပ်ဆောင်း၍ -
  - အင်္ဂလိပ်စာစွမ်းရည် မြင့်မားတိုးတက်စေရန် အင်္ဂလိပ်စာ (4 skills) ကို ဖြည့်စွက်၍ သင်ကြားပေးခြင်း
  - စိတ်တည်ငြိမ် နူးညံ့မှုရရှိစေရန် ပန်းချီပညာ သင်ကြားပေးခြင်း
  - ကိုယ်ကာယနှင့်စိတ်ဓာတ် ကျန်းမာကြံ့ခိုင်စေရန် မြန်မာ့ရိုးရာသိုင်းပညာ သင်ကြားပေးခြင်းတို့ ပါဝင်မည်ဖြစ်ပါသည်။
- နောင်အနာဂတ်တွင် နိုင်ငံ၏ သားကောင်း၊ သမီးကောင်းများ ဖြစ်လာမည့် ကျောင်းသား၊ ကျောင်းသူတို့၏ ပညာအရည်အသွေးကိုသာမက စိတ်ဓာတ်၊ စည်းကမ်း၊ စာရိတ္တမဏ္ဍိုင် ကြံ့ခိုင်ကောင်းမွန်ရေး နည်းလမ်းကောင်းများကိုပါ အဓိကထား၍ လေ့ကျင့်ပျိုးထောင်ပေးသွားမည် ဖြစ်ပါသည်။
- တည်ထောင်သူ၊ အုပ်ချုပ်သူများကိုယ်တိုင် ပညာရေးတွင် Ph.D, M.Sc, B.Sc နိုင်ငံတကာ ဘွဲ့များရရှိကာ သင်ကြားမှု၊ အုပ်ချုပ်မှု အတွေ့အကြုံရှိ အငြိမ်းစား (ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများ) နှင့် ပညာရေးဝန်ကြီးဌာနမှ တရားဝင်ခွင့်ပြုထားသော ကိုယ်ပိုင်ကျောင်းဆရာဖြစ် မှတ်ပုံတင်လက်မှတ်ရ (Ph.D, M.Sc, M.Ed, B.Ed, M.A ဆရာ အတတ်သင်ဆင်း) ဆရာ၊ ဆရာမများ အင်အားများစွာဖြင့် ခိုင်မာစွာ ဖွဲ့စည်းတည်ထောင်ထားသော ကိုယ်ပိုင်ကျောင်းကြီး ဖြစ်ပါသည်။

ကျောင်းချိန်နှင့် သွားလာရေး
- မနက် ၈း၀၀ မှ ၁း၃၀ နာရီအထိ။ ၈၊ ၉၊ ၁၀ အတန်းများ Guide ချိန်ရှိပါသည်။
- ရန်ကုန်မြို့အနှံ့ ကျောင်းကားရှိပါသည်။

မူလတန်း၊ အလယ်တန်း၊ အထက်တန်းတို့ကို ပိုင်နိုင်စွာ သင်ကြားနိုင်သော အတွေ့အကြုံရှိ ဆရာ၊ ဆရာမများ၊ အလိုရှိသည် (ဆရာဖြစ်လက်မှတ်ပါရှိသူ ဦးစားပေးမည်)။ အင်္ဂလိပ်စာ 4 Skills ၊ ဝန်းချီသင်ကြားပေးနိုင်သော ဆရာ၊ ဆရာမများ အလိုရှိသည်။



**ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ**

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၅)၊ မြေကွက်အမှတ် (၄၁၂)၊ မြေကွက်တည်နေရာအမှတ် (၄၁၂)၊ ဦးတင်အေးလမ်း၊ (၄၅)ရပ်ကွက်၊ ဒဂုံမြောက် ဦးအေးမောင် (AG-၁၀၉၇၃၅) အမည်ပေါက် နှစ် (၆၀) ဂရန်မြေအား ဦးအေးမောင်ကွယ်လွန်သဖြင့် ဒေါ်စပယ် [၁၂/သဃက(နိုင်)၁၃၉၃၉၇]မှ ဇနီးတော်စပ်ကြောင်း ကတိသစ္စာပြုလွှာနှင့် သေစာရင်းတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းများအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**



နေပြည်တော်
ဂျပန်ဘာသာ
**အိမ်လိုက်သင်ပေးသည်။**
ဖုန်း-၀၉-၂၀၅၄၃၆၆
၀၉-၉၇၃၅၇၆၆၂၃



**သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း**

ကျွန်တော် ဦးကံသိန်း [၁၂/ဒဂန(နိုင်)၀၁၂၉၅၆] ၏ သားဖြစ်သူ မောင်ကျော်စိုး [၁၂/မဂတ(နိုင်)၀၂၅၁၇၂] သည် မိဘဆွေမျိုးသားချင်းများ၏ ဆိုဆုံးမမှုအား လက်မခံဘဲ မိမိသဘောအတိုင်း ပြုမူလုပ်ကိုင်နေပါသဖြင့် ၎င်းအား ဤကြော်ငြာပါသည့်နေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအား လုံးဝတာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **ဦးကံသိန်း [၁၂/ဒဂန(နိုင်)၀၁၂၉၅၆]**

## ကျေးရွာသုံးရွာဆက် မြေသားလမ်းဖွင့်ပွဲ ကျင်းပ

**မင်းတပ် ဖေဖော်ဝါရီ ၉**

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေဖြင့် Winner Myanmar ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်သည့် အရှည်မိုင် ၂၀ ရှိသည့် ဝမ္မသူး-လုပ်ရှဲ-ယှက်ကျေးရွာသုံးရွာဆက် မြေသားလမ်းဖွင့်ပွဲအခမ်းအနားကို မင်းတပ်မြို့နယ် ဝမ္မသူးကျေးရွာတွင် ဖေဖော်ဝါရီ ၂ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါမြေသားလမ်းဖွင့်ပွဲတွင် ချင်းပြည်နယ်စည်ပင်ဝန်ကြီး ဦးနိန်နိုင်း၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးငွန်ဆန်းအောင်နှင့် ဝမ္မသူးအုပ်စု အုပ်ချုပ်ရေးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီးနောက် ချင်းပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အဆိုပါမြေသားလမ်းအား ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

အဆိုပါမြေသားလမ်းးဖွင့်ပွဲတွင် ချင်းပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ၊ မင်းတပ်မြို့ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ရပ်မိ၊ ရပ်ဖများနှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ခဲ့ကြောင်း သိရပါသည်။

ဆက်လက်၍ ဝမ္မသူးကျေးရွာရှိ တည်ဆောက်နေဆဲဖြစ်သည့် မီးသတ်စခန်းနှင့် ဝမ္မသူးဆေးရုံကြီးအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ပြည်ထောင်စုနေ့ဂုဏ်ပြုချစ်ကြည်ရေးဘောလုံးကစားပြိုင်ပွဲ ယှဉ်ပြိုင်ကစား

**ရန်ကုန် ဖေဖော်ဝါရီ ၉**

၂၀၁၆ ခုနှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အဖြစ် ဖေဖော်ဝါရီ ၆ ရက် မွန်းလွဲ ၂ နာရီတွင်အင်းစိန် မြို့နယ် မြန်မာ့မီးရထားဘောလုံးကွင်း၌ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဦးဆောင်ပြီး မြို့နယ်ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များ၊ (NGO) အဖွဲ့များ ပူးပေါင်းပါဝင်သည့် ဘောလုံးအသင်းနှင့် ရုပ်ရှင်အနုပညာရှင်များ ပါဝင်သော ဘောလုံးအသင်းတို့သည်ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲကို ယှဉ်ပြိုင်ကစားခဲ့ကြသည်။

ပြိုင်ပွဲကျင်းပရေး ကော်မတီမှ တာဝန်ရှိသူတစ်ဦးက အမှာစကားပြောကြားပြီး ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကစားကြသည့် နှစ်ဖက်ဘောလုံးအသင်းတို့အား ပြိုင်ပွဲကျင်းပရေးကော်မတီမှ မြန်မာ့မီးရထား စက်ခေါင်းစက်ရုံမန်နေဂျာ ဦးဇော်ဝင်းက ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့သည်။

နှစ်ဖက်ဘောလုံးပြိုင်ပွဲ ယှဉ်ပြိုင်ကစားကြရာတွင် အင်းစိန်မြို့နယ် ပူးပေါင်းဘောလုံးအသင်းက ရုပ်ရှင်အနုပညာ ရှင် ဘောလုံးအသင်းကို နှစ်ဂိုးတစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

**(၆၈၄)**

# မန္တလေးမြို့မှ ဂုဏ်ယူဖွယ်ရာ မြန်မာ့ရုပ်သေးရုပ်ပြုလုပ်ခြင်း အနုပညာကို နိုင်ငံခြားသားများ လေ့လာမှုများပြား

**မန္တလေး ဖေဖော်ဝါရီ ၉**

တိုးတက်လာသောခေတ်ကာလတွင်အနောက်တိုင်းဆန်သည့်အနုပညာတို့ ထိုးဖောက်ဝင်ရောက်လာခဲ့သည်။ မြန်မာ့ရိုးရာအနုပညာများနှင့် အနောက်တိုင်းအနုပညာတို့ အားပြိုင်မှုအကြား လူငယ်များက ခေတ်ပေါ်တေးများဘက်ဆီ အားသာသွားကြသည်။ ထိုသို့သောကာလအတွင်း မြန်မာ့အနုပညာစစ်စစ်ဖြစ်သော အမြင့်သဘင်ဟုခေါ်တွင်ခဲ့သည့် ရုပ်သေးကို ထိန်းသိမ်းကာ ပြုလုပ်ဖန်တီးမှုမှာ ဂုဏ်ယူဖွယ်ရာပင်ဖြစ်သည်။



ရှေးခေတ်က အမြင့်သဘင်တွင်နေရာယူခဲ့သော မြန်မာ့ရုပ်သေးပညာမှာ မြန်မာ့အနုပညာတို့ပေါင်းဆုံရာ အဖိုးတန်အနုပညာအဖြစ် တင်စားကြသည်။ ဆက်ထုံး၊ ဆုံချက်၊ အနုပညာတို့၏ ဘုံအဖြစ်ရပ်တည်လာခဲ့သော ပညာပင်ဖြစ်သည်။ မြန်မာ့အနုပညာသည် ခံစားမှုသာမက အသုံးချမှုအတွက်ပါ အသုံးဝင်သော အနုပညာပင်ဖြစ်သည်။ ရသမျိုးစုံပေးစွမ်းနိုင်ကာ လူတစ်ဦးကို ငိုအောင်၊ ရယ်အောင်၊ တက်ကြွအောင်၊ လွမ်းအောင်ဖန်ဆောင်ပေးနိုင်သည်အထိ စွမ်းအားကြီးမားလှသည်။

ခံစားမှုအနုပညာတွင် အဆို၊ အက၊ အရေး၊ အတီးမှအစ စိတ်နှလုံးကို ရသမျိုးစုံပေးစွမ်းသည့် အနုပညာကို ခံစားမှုအနုပညာဟု တင်စားတတ်ကြသည်။ ဘုရားမတင် နတ်မဝင် လူတွင်ဆယ်ပွင့်ပန်းဟု ညွှန်းဆိုထားသော ပန်းဆယ်မျိုးအပါအဝင် ပန်းရွဲ၊ ပန်းယွန်း၊ မှန်စီရွှေချ၊ စဥ့်၊ ဖန်ချက်ပညာတို့ကိုမူ အသုံးချနိုင်သည့် အနုပညာဟု ညွှန်းဆိုကြသည်။ မြန်မာ့အနုပညာစစ်စစ်ဖြစ်သော ရုပ်သေးပညာမှာ ခံစာမှုအနုပညာနှင့်အတူ အသုံးချအနုပညာအပါအဝင် အားလုံးစုံလင်ပါမှ ရသမြောက်သော ရုပ်သေးဖြစ်လာသည်။

ရုပ်သေးစင်တစ်ခုတွင် အဆို၊ အက၊ အရေး၊ အတီးအားလုံးပါဝင်ကာ လူ့စိတ်နှလုံးကိုဖမ်းယူနိုင်သည်အထိ စွမ်းဆောင်နိုင်သည်။ လက်ရှိကာလတွင် မြန်မာနိုင်ငံရောက် နိုင်ငံတကာခရီးသွားများမှ မြန်မာ့ရုပ်သေးကို အလေးထားကြည့်ရှုကြသည်။ ထို့အတူပင် ရုပ်သေးရုပ်ကလေးများဖန်တီးမှုကိုလည်း စိတ်ဝင်တစားလေ့လာလေ့ရှိသည်။ မြန်မာ့ရုပ်သေးရုပ်တစ်ခုဖြစ်ရေး ပညာရှင်များစွာပူးပေါင်းပေးကြရသည်။ ရုပ်သေးရုပ်ကလေးတစ်ခုဖြစ်ရန်အတွက် ပန်းပုဆရာမှ ထုဆစ်အသက်သွင်းပေးလိုက်သည်။ ထိုအသက်သွင်းထားသောပန်းပုရုပ်တုကလေးကို တော်ဝင်နန်းထိုက်ဖြစ်ရေး၊ လှပရှုချင်စဖွယ်ဖြစ်ရေးအတွက် ပန်းချီပညာဖြင့် ခြယ်သပေးကြရသည်။ လည်ဆွဲလက်ကောက်စုံအောင်ဆင်သနိုင်ရေးအတွက် ပန်းတမော့၊ ပန်းထိမ်ပညာတို့ဖြင့် ပြုလုပ်ကြရသည်။

